# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၂၈ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၂၀၈)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က သွေးစည်းကြဖို့၊ စည်းလုံးကြဖို့နှင့် စပ်လျဉ်း၍ သတင်းစကားပါး

နေပြည်တော် မေ ၂၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သွေးစည်းကြဖို့၊ စည်းလုံးကြဖို့နှင့် စပ်လျဉ်း၍ ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက အရေးကြီးရင် သွေးစည်းရမယ်လို့ ဆော်သြခဲ့ပါတယ်။


ICJ ကိစ္စနဲ့ The Hague ကို သွားခဲ့တုန်းက ကမ္ဘာအရပ်ရပ်၊ နိုင်ငံပေါင်းစုံက ကျွန်မတို့ ပြည်သူ ၄၀၀ ကျော်လောက် ကျွန်မတို့ကို အားပေးထောက်ခံဖို့ ရောက်လာကြပါတယ်။ အဲ့ဒီအချိန်မှာ သွေးစည်းခြင်းရဲ့ အဓိပ္ပါယ်နဲ့ တန်ဖိုးကို ကောင်းကောင်းကြီး ခံစားခဲ့ရပါတယ်။ အေးလှတဲ့ရာသီမှာ နွေးထွေးမှုရခဲ့ပါတယ်။ ကြီးမားတဲ့ဝန်ဟာ ပေါ့သွားသလိုပါပဲ။ ကူထမ်းပေးမဲ့သူတွေ ရောက်လာတာကိုး။

ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦးက ပြောဖူးပါတယ်၊ တိုက်ပွဲကြီးများရဲ့ ဦးတည်ချက်က ရန်ပြုဖို့ မဟုတ်ဘူး၊ စည်းလုံးဖို့သာ ဖြစ်တယ်တဲ့။ ဒီအတွေးကို ကျွန်မ သိပ်သဘောကျတယ်။ စိန်ခေါ်မှု ကြီးကြီးမားမားတွေကို ရင်ဆိုင်ကြတဲ့အခါ သွေးစည်းကြဖို့၊ စည်းလုံးကြဖို့က အဓိကပါပဲ။ အောင်မြင်ခြင်းရဲ့ အခြေခံပါပဲ။

The Hague ကို၊ ကိုယ့်စရိတ်နဲ့ကိုယ်၊ အလုပ်အကိုင်ပစ်ပြီး လာတဲ့သူတွေထဲမှာ မြန်မာနိုင်ငံသားမဟုတ်တော့တဲ့ သူတွေလည်း ပါပါတယ်။ အရေးကြီးတော့ သွေးစည်းကြတယ်လေ၊ သူစိမ်းတွေ (၃)ရက်အတွင်း မိသားစုရင်းချာသဖွယ်၊ တူညီတဲ့ ယုံကြည်ချက်၊ တူညီတဲ့စေတနာတွေနဲ့ ညီညွတ်နေကြတာ အလွန်ကြည်နူးစရာပါ။

စာမျက်နှာ ၃ ကော်လံ ၆

**ထိုင်းနိုင်ငံက ကျွန်မတို့ ပြည်သူတွေ COVID ရောဂါ ပြဿနာကြောင့် ဒီအပတ်အတွင်းမှာ သောင်းဂဏန်းနဲ့ချီပြီး ပြန်လာကြပါတော့မယ်။ အခက်အခဲကြုံနေလို့ အမိမြေကို အားကိုးတကြီး ပြန်လာကြတာကို ကျွန်မတို့ ဂုဏ်ယူရမှာပါ။ အတတ်နိုင်ဆုံး ကျန်းမာရေးအစီအစဉ်တွေနဲ့ ကြိုဆိုရမှာပါ။ ငါတို့အမိမြေ ပြန်ရောက်ပြီ၊ ငါတို့လုံခြုံပြီလို့ ခံစားစေချင်တယ်။**





တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ် ရရှိမှုများ ထုတ်ပြန် စာ ၈

ထိုင်းနိုင်ငံသို့ ဝင်လာမည့် လေကြောင်းခရီးစဉ်များအား ဆက်လက်ပိတ်ပင် စာ ၁၂

ကမ္ဘာအနှံ့ တဖြည်းဖြည်း ဖြေလျှော့စပြုလာသည့် ပိတ်ဆို့ကန့်သတ်မှုများ စာ ၁၄





မြန်မာ့အလင်း

# ဇိနာတိ ဇိနာတိ ဆိုတဲ့ ဖြဟ္မစိုရ်နဲ့

မြန်မာ့ငြိမ်းချမ်းရေး ဗိသုကာကြီးအဖြစ် ထင်ရှားသော မဟာကဝိဆရာကြီး သခင်ကိုယ်တော်မှိုင်းက "....ဩော် ဝေးခရီးကပေမဲ့၊ အရေးကြီးလျှင်ဖြင့် သွေးနီးရာ ပါစမြဲပေမို့၊ ဆရာလဲကွာ ပထမ အရင်ကနဦးဆီက၊ မြန်မာ့တခွင်မှာ သမတ ရှင်ဘုရင် မလူးခင်ပ၊ "ထ" ဆင်ထူးကို တမြည်မြည်သင်ခဲ့သမို့၊ "ထီ" မထင် ကျောင်းတော်သားတွေရဲ့၊ အမည်အစဉ်မှာ ခေါင်းအပေါ်များတွင်မှ၊ မင်းရို့ဆရာကို စာရင်းတို့ကာထားလိုက်ကြပေတော့..." ဟူသော ယူနီဘာစီတီဘွဲ့ မဟာလေးချိုးကြီးကို ရေးကာ နယ်ချဲ့ဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှုများကို ထောက်ခံပါဝင်ခဲ့လေသည်။ ဆရာကြီးက နိုင်ငံအတွက် အရေးကြီးသည့် အချိန်မှာ သွေးနီးရာ ပါကြစို့ဟု နိုင်ငံသားတို့ကို နှိုးဆော်ခဲ့ခြင်းပါ။ ဟုတ်ပါသည်။ အရေးကြီးသည့်ကာလတွင် သွေးနီးသူများ လက်တွဲကြဖို့လိုပါသည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး ခေတ်တစ်လျှောက်တွင် မြန်မာနိုင်ငံသားတို့သည် လွတ်လပ်ရေးဟူသော ဘုံရည်မှန်းချက်ကို မူတည်ကာ ညီညွတ်ခဲ့၊ စည်းလုံးခဲ့ကြပေသည်။ စစ်အင်အားအရ လည်းကောင်း၊ ဓနအင်အားအရ လည်းကောင်း မြန်မာနိုင်ငံအနေဖြင့် မယှဉ်နိုင်လောက်အောင် ကြီးမားသည့် နိုင်ငံကြီးများလက်ထဲက လွတ်မြောက်အောင် နိုင်ငံသားတို့၏ ညီညွတ်မှုအင်အားဖြင့် ရုန်းကန်အောင်မြင်ခဲ့ကြခြင်း ဖြစ်ပါသည်။

သခင်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် အလွန်ကြီးမားသော ဆုံးရှုံးမှုကြီးများကြုံတွေ့ခဲ့ရသည့် အခြေအနေတွင်းမှပင် နိုင်ငံသားတို့၏ စည်းလုံး ညီညွတ်မှုတို့၏ အရှိန်က လွတ်လပ်ရေးရသည်ထိ ဆောင်ကြဉ်းနိုင်ခဲ့သည်မှာလည်း မှတ်သားစရာပဲ ဖြစ်ပါသည်။

သို့သော်လည်း အဆိုပါစည်းလုံးညီညွတ်မှု တစ်စတစ်စ ပျက်ယွင်းလာသည်၏နောက် လွတ်လပ်ရေးရပြီးခေတ် မြန်မာ့သမိုင်းသည် အကျည်းတန်ခဲ့ရသည်။

လူထု ညီညွတ်ရေးပျက်ယွင်းလာသည့်အခါ အာဏာရှင်စနစ်က ခေါင်းထောင်ထလာနိုင်ခဲ့ပြီး ဒီမိုကရေစီ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ရသည်ထိပါပင်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ နှစ်ပေါင်းများစွာဖြစ်ပွားခဲ့လေရာ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှသည် သွေဖည်လာခဲ့ပြီး ဆင်းရဲနွံထဲ နစ်သထက်နစ်ကာ နေခဲ့ရသည်မှာ ယနေ့ထိပင်ဟု ဆိုရချေမည်။

ပဋိပက္ခများ အရှိန်ပိုမိုမြင့်မားလာသည့်အခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် နိုင်ငံအတွက် လွန်စွာစိတ်ပူပန်ကာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် မနားမနေ ဆောင်ရွက်ခဲ့ပြန်ပါသည်။ ထိုစဉ်ကလည်း နိုင်ငံငြိမ်းချမ်းစွာ ဖြစ်တည်ရေးသည် နိုင်ငံသားတို့၏ စည်းလုံးညီညွတ်ရေးက အခရာဖြစ်ကြောင်း၊ သစ္စာ၊ ဓမ္မ၊ ဝီရိယ၊ စာဂ တို့၏ အရေးကြီးပုံအကြောင်းတို့ကို သတိပေးခဲ့ပါသည်။

"...အထက်ခါ ပဝေဏီကဲ့သို့၊ အဝေညီညီနဲ့ အမွေမိကြမယ့်၊ အောဘီစီ အမောင်တပည့်တို့ကိုဖြင့်၊ မသေမီ နောင်ကဝိရယ်က၊ မဏ္ဍပ်နှင့် ပလ္လင်မှာ နော်ကွယ်၊ ဗန်းအထပ်ထပ် ကမ္ပဋ္ဌာန်းတပ်တွေ နဲ့၊ နန်းအပ်ခဲ့ချင်ဆိုသည်နှင့် မညီပြန်သဖြင့်၊ ဤအခါခါ လှစ်ကာ ပြလိုက်မကွယ့်၊ (သစ္စာဓမ္မ၊ ဝီရိယာနှင့် စာဂဟူသည်၊ ရန်သူအောင်မှုကြောင်းလေးခု) ရဲ့ပြင်၊ အလေးပြုစရာ အရေးကြီးပြီမို့၊ သွေးစည်းစရာ သွေးသောက်ဖွဲ့ကာ၊ တကယ်ညီစရာ တပည့်တကာ၏၊ ဇိနာတိ ဇိနာတိ ဆိုတဲ့ ဖြဟ္မစိုရ်နဲ့၊ ထိုတကယ့် စိတ်မနောတွေကြောင့်၊ (သြ) ဒီဝါ တပတိ အာဒိစ္စော။" ဟူ၏။

နိုင်ငံသားတို့၏ စည်းလုံးညီညွတ်ရေးသည် နိုင်ငံတစ်ခုအတွက် အရေးကြီးလှသည် ဖြစ်ရကား ယနေ့ကာလကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်နေရချိန်တွင် ပိုမို၍အရေးကြီးသည်ဟုဆိုလျှင် မှားလိမ့်မည်မဟုတ်ပါ။ ကိုဗစ်-၁၉ ရောဂါက ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုဖြစ်၏။ လူသားအားလုံး စုစည်းညီညွတ်စွာဖြင့် ကျော်ဖြတ်ကြရမည့် အနေအထားဖြစ်၏။

သည်ကဲ့သို့သော ကြီးမားသည့် စိန်ခေါ်မှုကို ရင်ဆိုင်အောင်မြင်ကြရန်မှာ နိုင်ငံသားများ၏ သွေစည်းမှု၊ စည်းလုံးညီညွတ်မှုတို့က အဓိကဖြစ်ပါ၏။ မြန်မာနိုင်ငံသားတို့သည် ပညာဉာဏ်ဖြင့် ချင့်ချိန်မြော်မြင်ရင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသည့် ဖြဟ္မစိုရ်တရားကို မွေးမြူကြရင်း၊ သွေးစည်းညီညွတ်စွာ ကိုဗစ်ဗိုင်းရပ်စ်ကပ်ရောဂါကို အတူ ရင်ဆိုင်ကျော်လွှားအောင်မြင်ကြပါစို့။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## မုဒုံမြို့နယ် မြတ်ပညာငွေစု/ငွေချေးသမဝါယမအသင်းက မုဒုံမြို့နယ်ကျန်းမာရေးဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ကာကွယ်ကုသရန်အတွက် ဆေးပစ္စည်းများဝယ်ယူနိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၇

မွန်ပြည်နယ် မုဒုံမြို့ မြတ်ပညာငွေစု/ငွေချေးသမဝါယမ အသင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ကုသရန်အတွက် လိုအပ်သော ဆေးပစ္စည်းများဝယ်ယူနိုင်ရန် မေ ၂၅ ရက်တွင် အလှူငွေကျပ် ၁၀ သိန်းကို မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ လှူဒါန်းခဲ့သည်။




ထို့အပြင် အသင်းသား ၂၉၈၄ ဦးအား ရောဂါကူးစက်မှုကာကွယ်ရေးကာလအတွင်း အဆင်ပြေစေရေးအတွက် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၂၃၉,၇၉၀,၂၅၇.၅၀၊ အသင်းသားအကျိုးဝေစု ငွေကျပ် ၄၃,၀၀၀,၀၀၀ နှင့် အသင်းသားတစ်ဦးလျှင် ဆီ နှစ်လီတာ တစ်ဘူးစီကို ထောက်ပံ့ပေးခဲ့သည်။

ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး / ပြည်နယ် သမဝါယမအသင်း အဆင့်ဆင့်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာကိစ္စများအတွက်လည်းကောင်း၊ အသင်းသားပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် လည်းကောင်း၊ ငွေသား၊ ကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ စက်ကိရိယာများ၊ အခြေခံ စားသောက်ကုန်များကို တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပါဝင်လှူဒါန်းခဲ့ကြရာ မေ ၂၅ ရက်အထိ လှူဒါန်းမှုစုစုပေါင်း တန်ဖိုးငွေ ကျပ် ၁၇၂,၁၀၃,၁၀၀ (ကျပ်သိန်းတစ်ထောင့် ခုနစ်ရာ နှစ်ဆယ့်တစ်သိန်း သုံးထောင် တစ်ရာ တိတိ) ရှိပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကမာမတ်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း



နေပြည်တော် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကမာမတ်ကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက် နံနက်က ကမာမတ်ရဲကင်း ရဲစခန်းမှူး ဒုတိယရဲအုပ် ဝေလင်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကမာမတ်ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# ပြည်သူသာလျှင် အဓိက




❍ ရှေ့ဖုံးမှ

ထိုင်းနိုင်ငံက ကျွန်မတို့ပြည်သူတွေ COVID ရောဂါပြဿနာကြောင့် ဒီအပတ်အတွင်းမှာ သောင်းဂဏန်းနဲ့ချီပြီး ပြန်လာကြပါတော့မယ်။ အခက်အခဲကြုံနေလို့ အမိမြေကို အားကိုးတကြီး ပြန်လာကြတာကို ကျွန်မတို့ ဂုဏ်ယူရမှာပါ။ အတတ်နိုင်ဆုံး ကျန်းမာရေး အစီအစဉ်တွေနဲ့ ကြိုဆိုရမှာပါ။ ငါတို့အမိမြေ ပြန်ရောက်ပြီ၊ ငါတို့လုံခြုံပြီလို့ ခံစားစေချင်တယ်။

အရေးကြီးလို့ သွေးစည်းကြရအောင်။

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ပညာရေးဝန်ကြီးဌာနမှ အထောက်အကူပြုစက်ပစ္စည်းများ လှူဒါန်း

**နေပြည်တော် မေ ၂၇**

ပညာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အထောက်အကူပြုစက်ပစ္စည်းများကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လက်ခံရယူသည်။

**ဆန်းသစ်တီထွင်ပေးခဲ့**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ Video Conferencing ဖြင့် ပြောဆိုဆွေးနွေးကြရာတွင် ဝေဘာဂီအထူးကုဆေးရုံမှ တာဝန်ရှိသူများက လူနာခန်းများသို့ ပစ္စည်းများပေးပို့ရန်နှင့် ပိုးသတ်သန့်စင်ရေးလုပ်ငန်းများကို အလိုအလျောက်ဆောင်ရွက်သည့် စက်ပစ္စည်းများ လိုအပ်သည်ကို တင်ပြခဲ့ပါကြောင်း၊ ထိုကဲ့သို့သော လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ရှိ တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရှင်များက အလိုအလျောက် (autopilot) နှင့် အဝေးထိန်း (remote controlled) စက်ပစ္စည်းများကို ကြိုးပမ်းဆန်းသစ်တီထွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ပစ္စည်းကိရိယာများ မှာယူရန်နှင့် ဝယ်ယူရန် ခက်ခဲနေချိန်တွင် ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ ရရှိရန်နှင့် ရရှိသည့်ပစ္စည်းများဖြင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အထောက်အကူပြုစက်ပစ္စည်းများကို ပညာရှင်များက ဆန်းသစ်တီထွင်ပေးခဲ့ပါကြောင်း။ ယခုအထောက်အကူပြုစက်ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းရန်နှင့် ပိုမိုအသုံးတည့်စေရေး မွမ်းမံရာတွင်လည်း ပညာရေးဝန်ကြီးဌာနမှ ပညာရှင်များက ဆက်လက်ပူးပေါင်း ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုလှူဒါန်းသည့် စက်ပစ္စည်းကိရိယာများသည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများအတွက်သာမက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်စဉ် ပြီးမြောက်ပြီးနောက်တွင်လည်း အခြားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက်ပါ အထူးအသုံးဝင်မည်ဖြစ်ပါကြောင်း၊ လူနာခန်းများသို့ ဆေးနှင့်ဆေးပစ္စည်းများ၊ အစားအသောက်များ ပေးပို့ရန်နှင့် ပိုးသတ်သန့်စင်ရေးလုပ်ငန်းများကို အလိုအလျောက်ဆောင်ရွက်သည့် စက်ပစ္စည်းများသည် COVID-19 ကုသမှုပေးနေသည့် လုပ်ငန်းဆောင်ရွက်နေသူများ၏ လုပ်အားနှင့် အချိန်တို့ကို သက်သာစေမည်ဖြစ်သဖြင့် ပိုမိုအရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ရန်အတွက် အချိန်ပိုမိုပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆန်းသစ်တီထွင်မှုများ ပြုလုပ်နိုင်ရန်အတွက် ပညာရှင်များအား အခွင့်အလမ်းများ ပေးအပ်ခဲ့သည့် ပညာရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဆေးရုံများတွင်သာမက အခြားသော ဝန်ကြီးဌာန၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်ချက်များနှင့် ကိုက်ညီသည့် အလိုအလျောက် (autopilot) နှင့် အဝေးထိန်း (remote controlled) စက်ပစ္စည်းများနှင့် ဒရုန်းများကို ပညာရေးဝန်ကြီးဌာနမှ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများ ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အထောက်အကူပြုစက်ပစ္စည်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက လှူဒါန်းမှုများကို လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

**စမ်းသပ်ပျံသန်းပြမှုကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် အဝေးထိန်းပစ္စည်းသယ်ဆောင်စက် (remote controlled trolley) များနှင့် အဝေးထိန်းပိုးသတ်သန့်စင်ဆေးဖျန်းစက် (remote controlled spray-cleaner) များ စမ်းသပ်ပြသမှုများ၊ အသံချဲ့စက်တပ်ဆင်ထားသည့် ဒရုန်း (speaker-delivery & monitoring drone) နှင့် အလိုအလျောက် ပိုးသတ်သန့်စင်ဆေးဖျန်းဒရုန်း (autopilot sprayer drone) စမ်းသပ်ပျံသန်းပြမှုတို့ကို ကြည့်ရှုသည်။

**လှူဒါန်းခဲ့**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် အဝေးထိန်းပစ္စည်းသယ်ဆောင်စက် (remote controlled trolley)၊ အဝေးထိန်းပိုးသတ်သန့်စင်ဆေးဖျန်းစက် (remote controlled spray-cleaner)၊ အသံချဲ့စက်တပ်ဆင်ထားသည့်ဒရုန်း (speaker-delivery & monitoring drone) နှင့် အလိုအလျောက် ပိုးသတ်သန့်စင်ဆေးဖျန်းဒရုန်း (autopilot sprayer drone) တို့ကို လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးနည်းပညာတက္ကသိုလ် (TUM) က အဝေးထိန်းပစ္စည်းသယ်ဆောင်စက် (remote controlled trolley) ကို လည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်) က အဝေးထိန်းပစ္စည်းသယ်ဆောင်စက် (remote controlled trolley) ကို လည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန စက်မှုနည်းပညာလေ့ကျင့်သင်တန်းကျောင်း (SITE)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ) တို့က အဝေးထိန်းပစ္စည်းသယ်ဆောင်စက် (remote controlled trolley) ကို လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်က အလိုအလျောက်ပစ္စည်းသယ်ဆောင်စက် (trolley robot TR 201) ကို လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးနည်းပညာတက္ကသိုလ် (MTU) က အလိုအလျောက်ပစ္စည်းသယ်ဆောင်စက် (trolley robot CR 201) ကို လည်းကောင်း ဆန်းသစ်တီထွင်ခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဆန်နှင့် ပဲမျိုးစုံ ပြည်ပသို့ တင်ပို့နိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်

## ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့ခွင့်လိုင်စင် လျှောက်ထားလာမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ကုန်လိုင်စင်ခွင့်ပြုဆောင်ရွက်ပေးသွားမည်

နေပြည်တော် မေ ၂၅

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပပြုလုပ်သည့် ဆန်နှင့် ပဲမျိုးစုံ ပြည်ပသို့ တင်ပို့နိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ၂၀၂၀ ပြည့်နှစ် မေ ၂၃ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ ဆန်နှင့် ပဲမျိုးစုံ ပြည်ပသို့ တင်ပို့နိုင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးပြီး ပြန်လည်တင်ပြရန် လမ်းညွှန်ခဲ့သည့်အတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လျက်ရှိသော ကိုဗစ်-၁၉ ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေး၊ ပြည်ပပို့ကုန် တိုးမြှင့်ရေးတို့အတွက် ၂၀၂၀ ပြည့်နှစ် ဆန်နှင့် ဆန်ကွဲ ပြည်ပတင်ပို့မည့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲထုတ်ပြန်ပြီး ပြည်ပသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့ခွင့်လိုင်စင် လျှောက်ထားလာမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ကုန်လိုင်စင်ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပဲမျိုးစုံ ပြည်ပသို့ တင်ပို့ရာတွင် ပြည်တွင်းသယ်ယူပို့ဆောင်မှုဆိုင်ရာ အခက်အခဲများ၊ ကုန်တင်ပို့မည့် ဆိပ်ကမ်းများတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးချက် ရယူဆောင်ရွက်ရမည့်ကိစ္စရပ်များတွင် တွေ့ကြုံနေရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များမှ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က ဆန်တင်ပို့ရောင်းချမှု၊ ပဲမျိုးစုံတင်ပို့နိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ဆန်နှင့် ပဲမျိုးစုံ ပြည်ပသို့ တင်ပို့နိုင်ရေးကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းတို့မှ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များ၊ အခက်အခဲများအား တင်ပြဆွေးနွေးကြရာ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (EOC) ၌ ကပ္ပလီပင်လယ်အတွင်းဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၅

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တွင် မေ ၂၈ ရက်မှ ၃၀ ရက်အတွင်း ဖြစ်ပေါ်နိုင်သည့် လေဖိအားနည်းရပ်ဝန်းနှင့် စပ်လျဉ်းသည့် ခန့်မှန်းချက်များအား ဆန်းစစ်နိုင်ရန်နှင့် ကြိုတင်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (EOC) ၌ ယနေ့ နံနက်ပိုင်းက ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**



ရှေးဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရေးပေါ် အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနမှ တာဝန်ရှိသူများက မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်နှင့် ကမ္ဘာ့မိုးလေဝသ အင်တာနက်စာမျက်နှာများမှ ရရှိသော အချက်အလက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်မှုအခြေအနေနှင့် မြန်မာနိုင်ငံအနှံ့ မိုးရွာသွန်းနိုင်မှုအခြေအနေတို့အား မေ ၂၅ ရက်တွင် ဦးစီးဌာန၏ Web Page ၌ အသိပေးထားရှိခဲ့မှု၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနအနေဖြင့် လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းငယ်အဆင့်သို့ တိုးမြှင့်ဖြစ်ပေါ်နိုင်ခြေနှင့် မြန်မာနိုင်ငံသို့ ဖြတ်သန်းဝင်ရောက်နိုင်ခြေတို့အား စဉ်ဆက်မပြတ်စောင့်ကြည့်မှုအခြေအနေ၊ မိုးလေဝသစင်တာကြီးများနှင့် European Centre for Medium-Range Weather Forecasts (ECMWF)၊ Global Forecast (GFS) သင်္ချာပုံစံပြု မိုးလေဝသခန့်မှန်းမှု မော်ဒယ်များအရ မုန်တိုင်းငယ်အဆင့်သို့ရောက်ရှိပါက မေ ၂ ရက်မှ ၃ ရက်အတွင်း မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းတွင် မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်နိုင်သည့် အခြေအနေနှင့် ခန့်မှန်းမိုးရေချိန်များ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများအပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ နေ့စဉ် ခန့်မှန်းထုတ်ပြန်ပေးလျက်ရှိသော မိုးလေဝသကြိုတင်သတိပေးချက်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများမှတစ်ဆင့် အသိပေးအကြောင်းကြားခြင်းနှင့် ကြိုတင်ပြင်ဆင်ရန်များ ပေါင်းစပ်ဆောင်ရွက်ခြင်း အခြေအနေများအား ရှင်းလင်းတင်ပြသည်။

### ကျယ်ကျယ်ပြန့်ပြန့်အသိပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူမှုမီဒီယာများတွင် ကောလာဟလ ထုတ်လွှင့်မှုများကြောင့် ပြည်သူများ စိုးရိမ်မှုလွန်ကဲခြင်းမဖြစ်ဘဲ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လေဖိအားနည်းရပ်ဝန်းဖြစ်နိုင်ခြေ၊ မုန်တိုင်းငယ်အဆင့် ပြောင်းလဲနိုင်ခြေ၊ မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုတို့အား တရားဝင်ထုတ်ပြန်ချက်များအပေါ်မူတည်၍ စောင့်ကြည့်လိုက်နာတတ်စေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပေးရန်လိုအပ်ပါကြောင်း၊ သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ရန်ရှိသည်များအား ပြင်ဆင်ထားခြင်းဖြင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအား လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အချိန်နှင့်အမျှ ပြောင်းလဲခန့်မှန်းရသည့် မိုးလေဝသဖြစ်စဉ်များအား ကြိုတင်သတိ၊ အသိတို့ဖြင့်သာ ရင်ဆိုင်တုံ့ပြန်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လေ့ရှိသောမုန်တိုင်းများသည် မိုးဦးကာလဖြစ်သည့် မေလနှင့် မိုးနှောင်းကာလဖြစ်သည့် အောက်တိုဘာလတို့တွင် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသအား ဖြတ်သန်းဝင်ရောက်လေ့ရှိသဖြင့် အထူးအလေးထား ပြင်ဆင်ကြရမည်ဖြစ်ကြောင်း။

### ပြင်ဆင်ထားကြရမည်

အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သည် မုန်တိုင်းများ ဖြတ်သန်းလေ့ရှိသော လမ်းကြောင်းများဖြစ်ခြင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့သည် ယခင်မှတ်တမ်းများအရ မိုးသည်းထန်စွာရွာသွန်းချိန်၌ မြေပြိုမှု၊ ရေကြီးမှုဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် သက်ဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအကြံပေးအဖွဲ့ဖြင့် Online Meeting ဆောင်ရွက်ကာ အကြံပြုမှုများအား ထည့်သွင်းပြီး လိုအပ်သည့် ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်အချိန်ဖြစ်သဖြင့် သဘာဝဘေးအတွက် ယာယီနေရပ် ရွှေ့ပြောင်းရပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ အကွာအဝေးကွာခြားထားရှိရန်နှင့် ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့် လက်ဆေးဆပ်ပြာ၊ ပါးစပ်စည်း၊ နှာခေါင်းစည်းများ အသင့်ထားရှိပံ့ပိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Quarantine Site များ ထားရှိသော ဒေသများ၌ သဘာဝဘေးဖြစ်ပါက မည်သို့ပြောင်းရွှေ့မည်၊ Cyclone Shelter/ Multi purpose Shelter တို့အား Social Distancing မည်သို့ရရှိအောင် ဆောင်ရွက်မည်တို့ကို ဒေသအလိုက် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိသည့်ဌာနများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ Stay at Home သတ်မှတ်ထားသော နေရာများတွင် သဘာဝဘေးကျရောက်ပါက ထိခိုက်လွယ်အုပ်စုများ ဦးစားပေးရွှေ့ပြောင်းရေး၊ IDPs များနှင့် တိုက်ပွဲရှောင်စခန်းများတွင် သဘာဝဘေးကျရောက်ပါက တုံ့ပြန်ဆောင်ရွက်မည့် အစီအစဉ်တို့အား ပြန်လည်စိစစ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများ လိုအပ်သလိုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆက်လက်စောင့်ကြည့်

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များသို့ လိုအပ်သည့် အသိပေးအကြောင်းကြားစာများ ထုတ်ဝေခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ မိုးလေဝသအခြေအနေအား ဆက်လက်စောင့်ကြည့်ကာ လိုအပ်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကိုအရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



# ကိုဗစ်-၁၉ ကာလအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများအား ပြန်လည်ကုစားနိုင်ရေး ဆောင်ရွက်ရန်ကိစ္စရပ်များ ညှိနှိုင်းဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မေ ၂၇

**မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ခရီးသွားလုပ်ငန်းများ ထိခိုက်ခံစားနေရမှုများကို လျော့ပါးသက်သာစေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သောစီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ကာလအတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများအား ပြန်လည်ကုစားနိုင်ရေး ဆောင်ရွက်ရန်ကိစ္စရပ်များ ညှိနှိုင်းဖော်ထုတ်သည့် အလုပ်ရုံဆွေးနွေးပွဲ Online Workshop on COVID-19 Crisis Management: React, Rethinks, Recover ကို ယနေ့ နံနက်ပိုင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး နီလာအစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပရာ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဒုတိယဝန်ကြီး ဦးတင်လတ်တို့ တက်ရောက်ကြသည်။**



အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် ရုံးခွဲတာဝန်ခံများနှင့် ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင် သုံးဦး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။

### တတ်အားသရွေ့ ကူညီပံ့ပိုး

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အချိန်၌ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် အထိခိုက်ဆုံးခံစားနေရသည့် စီးပွားရေးလုပ်ငန်းတွင် ခရီးသွားလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံက ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့၏ အခြေခံအဆောက်အအုံများ (အထူးသဖြင့် ဟိုတယ်များ) ကို သီးသန့်ခွဲခြား စောင့်ကြည့်ခံရမည့်သူများအတွက် ကူညီပေးအပ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အဆောက်အအုံများအဖြစ် ပြောင်းလဲဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ အလှူငွေများကိုလည်း တတ်အားသရွေ့ ကူညီလှူဒါန်းခြင်းစသည့် ပံ့ပိုးကူညီမှုများကို အားတက်သရော ဆောင်ရွက်နေကြသည်ကို တွေ့ရသည့်အတွက် ခရီးသွားလုပ်ငန်းကဏ္ဍ၏ စည်းလုံးညီညွတ်မှုနှင့် အဆင်သင့်ဖြစ်မှုအား များစွာချီးကျူးပါကြောင်း။

ယခုကြုံတွေ့ရသည့် အခက်အခဲများကြောင့် ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတကာခရီးသည်ဝင်ရောက်မှုမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ခန့်မှန်းထားပြီး ခရီးသွားလုပ်ငန်းမှ ရရှိငွေမှာ အမေရိကန်ဒေါ်လာ ၃၀၀ မှ ၄၅၀ ဘီလီယံခန့် ထိခိုက်ဆုံးရှုံးနိုင်ကြောင်း၊ ယခင် SARS နှင့် ကမ္ဘာ့စီးပွားပျက်ကပ် ကြုံတွေ့ခဲ့ရသည့် ကာလများဖြစ်သည့် ၂၀၀၃ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့ထက် ပိုမိုဆိုးရွားသည့် အခြေအနေနှင့် ကြုံတွေ့နိုင်ကြောင်းကိုလည်း ဖော်ပြထားပါကြောင်း ။

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှလည်း အခွန်အခလျှော့ပေါ့ရေး၊ အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာကိစ္စရပ်များနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စရပ်များအတွက် ဖြေလျှော့မှုများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းများအတွက် လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေးများပေးဆောင်ခြင်းကို ၂၀၂၀ ပြည့်နှစ် မေ ၁ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်ကာလအထိ တစ်နှစ်တာကာလအတွက် လျှော့ပေါ့ပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းထားသည့် နိုင်ငံပိုင်ဟိုတယ်များအတွက် မိမိတို့ဌာနကို ပေးသွင်းရမည့် ဟိုတယ်ငှားရမ်းခ၊ မြေငှားရမ်းခများကို ၂၀၂၀ ပြည့်နှစ် မေ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ခြောက်လရွှေ့ဆိုင်းပေးသွင်းခွင့်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

### အာဆီယံခရီးသွားဝန်ကြီးများ အထူးအစည်းအဝေးပြုလုပ်မည်

နိုင်ငံတော်အနေဖြင့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် ဦးစားပေးကုစားရမည့်ကဏ္ဍများအဖြစ် သတ်မှတ်ပြီး ကိုဗစ်-၁၉ ရန်ပုံငွေထူထောင်ကာ အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ ချေးငွေကာလ တစ်နှစ်သတ်မှတ်ပြီး ချေးငွေထုတ်ပေးခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၊ အာရှပစိဖိတ်ခရီးသွားလုပ်ငန်းအဖွဲ့နှင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့တို့ကလည်း ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အသင်းဝင်နိုင်ငံများနှင့် Online မှတစ်ဆင့် ဆွေးနွေးညှိနှိုင်းမှုများလည်း ဆောင်ရွက်နေပါကြောင်း၊ ယခုလာမည့် မေ ၂၉ ရက်တွင် ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အာဆီယံခရီးသွားဝန်ကြီးများ အထူးအစည်းအဝေးကို Video Conferencing ဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း။

ယနေ့ ပြုလုပ်သည့် "Online Workshop on Crisis Management Rethink, React and Recovery" ကို တက်ရောက်လာကြသည့် ရုံးခွဲတာဝန်ခံများနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်း ကျွမ်းကျင်သူများ၏ အကြံပြုဆွေးနွေးချက်များမှာ မြန်မာနိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနေသည့် ကဏ္ဍတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် များစွာအထောက်အကူဖြစ်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန် ရလဒ်ကောင်း၊ အကြံဉာဏ်ကောင်းများရရှိရန် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် ရုံးခွဲတာဝန်ခံများက ကိုဗစ်-၁၉ ကာလအတွင်း ဒေသအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်သည့်အခြေအနေများ၊ ကိုဗစ်-၁၉ အလွန်ကာလအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြကြသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်နိုင်ဦးက နိုင်ငံတော်က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ ခရီးသွားလုပ်ငန်းများကို ကုစားဆောင်ရွက်နေမှုများ၊ ခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ၏ Impact Assessment ပြုလုပ်နေမှုများကို ရှင်းလင်းတင်ပြပြီး Direct Financial Sup-port နှင့် Indirect Financial Support များကို ပိုမိုထိရောက်စွာ ပေးသင့်ပါကြောင်း၊ လက်ရှိအခြေအနေသည် အရေးပေါ်အခြေအနေ (Crisis) မျိုးဖြစ်၍ ဖြေလျှော့ပေးသင့်သော လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးသင့်ပါကြောင်း၊ ဈေးကွက်ဝင်နိုင်ငံနှင့် ခရီးစဉ်ဒေသများကို ဦးစားပေးရွေးချယ်၍ လုပ်ငန်းဆောင်ရွက်ရန် Tourism Recovery Plan ရေးဆွဲသင့်ကြောင်း၊ ခရီးစဉ်၊ ခရီးသွားထုတ်ကုန်အသစ်များ ဖန်တီးသင့်ကြောင်းနှင့် Social Media သုံး၍ ပိုမိုကျယ်ပြန့်အောင် မြှင့်တင်သင့်ကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍမှ ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင် ဦးမျိုးသွင် (ဒုတိယဥက္ကဋ္ဌ) မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း)၊ ဦးခင်အောင်ထွန်း (အမှုဆောင်၊ ပုဂံဇုန် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း)နှင့် ဦးမင်းကျော်ဦး (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း) တို့ကလည်း ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများအား ပြန်လည်ကုစားနိုင်ရေးတို့နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်က ယခုအစည်းအဝေးသည် မဟာဗျူဟာရည်မှန်းချက် ချမှတ်ရမည့် အစည်းအဝေးဖြစ်ကြောင်း၊ ပထမ မဟာဗျူဟာရည်မှန်းချက်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရှင်သန်ရပ်တည်နိုင်ရန်အတွက် Stimulus Package ကို အရည်အချင်းပြည့်မီသူများ လျင်မြန်စွာ ရရှိနိုင်ရေးဆောင်ရွက်ရန်၊ အရည်အချင်းမပြည့်သူများအား ပြည့်မီလာအောင် Public နှင့် Private ပူးပေါင်းဆောင်ရွက်သွားရန်၊ ဒုတိယ မဟာဗျူဟာရည်မှန်းချက်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ကိုဗစ်-၁၉ အလွန် သုံးလမှ ခြောက်လအတွင်း ပြန်လည်စတင်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ကူညီသွားရန် ၊ တတိယမဟာဗျူဟာ ရည်မှန်းချက်အနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းထားမှုများအား ဖြေလျှော့ပြီးပါက လုပ်ငန်းများ မည်သို့ပြန်လည်ပြင်ဆင်လုပ်ကိုင်ရန်နှင့် Destination အသစ်များ ပြန်လည်ဖော်ဆောင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် Swisscon-tact အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ Crisis Management and Leadership Online Seminar ကို ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသော Stake-holders များနှင့်အတူ Video Conferencing စနစ်ဖြင့် ကျင်းပရာ ဝန်ကြီးဌာနမှ အရာထမ်းများ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ Quarantine နေရာများ၏ လိုအပ်ချက်များစာရင်းနှင့် စေတနာ့ဝန်ထမ်းစာရင်းများ ကောက်ယူရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၇

**နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ Quarantine နေရာများ၏ လိုအပ်ချက်များစာရင်းနှင့် စေတနာ့ဝန်ထမ်းစာရင်းများ ကောက်ယူခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ Video Conference ဖြင့် ဆောင်ရွက်ခဲ့သည်။ (ယာပုံ)**



ညှိနှိုင်းဆွေးနွေးပွဲသို့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေး မှူး (၁) လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လူမှုရေးဝန်ကြီးများနှင့် အတွင်းရေးမှူးရုံးအဖွဲ့ဝင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ကို ၂၀၂၀ ပြည့်နှစ် မေ ၂၅ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် အတွင်းရေးမှူးရုံးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းသည် ကိုဗစ်-၁၉ ကာလအတွင်း Quarantine နေရာများတွင် သတ်မှတ်လုပ်ငန်းစဉ်အလိုက် သတ်မှတ်ကာလအတွင်း စေတနာ့ဝန်ထမ်းများအဖြစ် ကူညီဆောင်ရွက်ပေးနေသူများအတွက်ဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းတစ်ဦးချင်းစီအတွက် လုံခြုံရေးအကာအကွယ်များ ဆောင်ရွက်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်နှင့် အသွားအလာကိစ္စများတွင် လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ လုံလောက်သော အနားယူအပန်းဖြေမှုရရှိစေခြင်းနှင့် နိုင်ငံတော်က အသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးလို၍ ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ နိုင်ငံအနှံ့အပြားရှိ Quarantine Center အသီးသီး၌ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်လျက်ရှိသော Volunteer များအနေဖြင့် ရေရှည်ရပ်တည်နိုင်ရန်နှင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်မှုများကို မြှင့်တင်ပေးနိုင်ရန်အတွက် သတ်မှတ်ရိုပ်သာများတွင် စနစ်တကျစုဖွဲ့ပြီး စွမ်းရည်မြှင့်တင်မှုသင်တန်းပေးခြင်း၊ အနားပေးခြင်းအစီအစဉ်များကို ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ စေတနာ့ဝန်ထမ်းလက်စွဲစာအုပ်ကို ပြုစုလျက်ရှိပြီး အွန်လိုင်းစနစ်ဖြင့် သင်ကြားနိုင်ရေးနှင့် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များအလိုက် စေတနာ့ဝန်ထမ်း ဆရာဝန်များက တစ်ရက်တာ လက်တွေ့သင်ကြားမှုများ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ရာတွင် လိုအပ်သည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဘဏ္ဍာငွေတောင်းခံသုံးစွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ Quarantine နေရာများတွင် မိမိ၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်စသည်များကို အခကြေးငွေမယူဘဲ ဤလုပ်ငန်းစဉ်တွင် သတ်မှတ်အချိန်ကာလ ၂၈ ရက်အပြည့် မိမိဆန္ဒအရ ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် တစ်ဦးတစ်ယောက်ချင်းသည် စေတနာ့ ဝန်ထမ်းအဖြစ် အကျုံးဝင်ပြီး Quarantine Center များတွင် ၂၁ ရက် ဆောင်ရွက်ပြီးပါက ကျန်ခုနစ်ရက်ကို ဤအစီအစဉ်မှ သတ်မှတ်ပေးသောနေရာများတွင် အနားယူအပန်းဖြေပြီး ၂၈ ရက်အပြည့် တစ်ကြိမ်ဖြစ်စေ၊ တစ်ကြိမ်ထက်ပို၍ဖြစ်စေ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ သတ်မှတ်အချိန်ကာလအပြည့် တာဝန်ထမ်းဆောင်ပြီးသော စေတနာ့ဝန်ထမ်း တစ်ယောက်ချင်းစီကို အသိအမှတ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က စေတနာ့ဝန်ထမ်းစာရင်း ကောက်ယူခြင်းနှင့် Quarantine နေရာများရှိ လိုအပ်ချက်များ စာရင်းကောက်ယူခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးရန်ကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ လူမှုရေးဝန်ကြီးများက မိမိတို့ဒေသအလိုက် Quarantine နေရာများ စီစဉ်ဆောင်ရွက်နေသည့် အခြေအနေ၊ စေတနာ့ဝန်ထမ်းများ ပါဝင်ပံ့ပိုးကူညီသည့် အခြေအနေများ၊ စာရင်းကောက်ယူရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပြီး ဒေသအသီးသီး၏ မတူညီသော အခြေအနေများ၊ အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးအထောက်အကူပြု ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်း

**မူဆယ် မေ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ခန့်မှန်းတန်ဖိုး ငွေကျပ် သိန်း ၂၆၀ ကျော်ခန့်ရှိ ကာကွယ်၊ ထိန်းချုပ်ရေး အထောက်အကူပြု ပစ္စည်းများကို China Myanmar Economic Corridor Development Co- operated Organization မှ ယနေ့ မွန်းလွဲပိုင်းက မူဆယ်ခရိုင် စုပေါင်းရုံး၌ လာရောက်ပေးအပ်လှူဒါန်းသည်။ (ဝဲပုံ)




ရှေးဦးစွာ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အထောက်အကူပြုပစ္စည်းများ လိုအပ်လျက်ရှိနေကြောင်း၊ ယခုကဲ့သို့ လူသားချင်း စာနာထောက်ထားမှု စေတနာရှိရှိ၊ ရည်ရွယ်ချက်ရှိရှိဖြင့် ပြည်သူလူထုအတွက် အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သည့်အတွက် စေတနာရှင် အလှူရှင်များကို ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်အသုံးပြုရန် ကာကွယ်ထိန်းချုပ်ရေးအထောက်အကူပြု ဆက်စပ်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းရာ China Myanmar Economic Corridor Development Co- operated Organization မှ မူဆယ်မြို့ ခရိုင်ထွေ/အုပ်ရုံးအတွက် နှာခေါင်းစည်း ၅၀၀၀၊ တစ်ခါသုံးဖိနပ်စွပ်စက် ၁၀ ခုနှင့် လက်သန့်ဆေးရည်ဘူး ၁၀၀၊ မြို့နယ် ထွေ/အုပ်ရုံးအတွက် နှာခေါင်းစည်း ၅၀၀၀ နှင့် လက်သန့်ဆေးရည်ဘူး ၁၀၀၊ ပြည်သူ့ဆေးရုံအတွက် နှာခေါင်းစည်း ၅၀၀၀၊ PPE ဝတ်စုံ ၂၀၀၊ တစ်ခါသုံးဖိနပ်စွပ်စက် ၁၀ ခုနှင့် လက်သန့်ဆေးရည်ဘူး ၁၀၀၊ မြို့နယ်ရဲတပ်ဖွဲ့အတွက် အဖျားတိုင်း သာမိုမီတာ တစ်ခု၊ နှာခေါင်းစည်း ၂၀၀၀ နှင့် တစ်ခါသုံးဖိနပ်စွပ်စက် ၁၀ ခု၊ ခရိုင် ယာဉ်ထိန်းရုံးအတွက် နှာခေါင်းစည်း ၂၀၀၀၊ တစ်ခါသုံးလက်အိတ် ၁၀၀၀၊ လက်သန့်ဆေးရည်ဘူး ၁၀၀၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအတွက် နှာခေါင်းစည်း ၂၀၀၀၊ တစ်ခါသုံးလက်အိတ် ၁၀၀၀၊ လက်သန့်ဆေးရည်ဘူး ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၆၉ သိန်းခန့် (တရုတ်ယွမ်ငွေ ၁၃၄၇၀၀ ယွမ်) တန်ဖိုးရှိ ကာကွယ်ထိန်းချုပ်ရေးအထောက်အကူပြု ပစ္စည်းများကို CMECDCO ၏ ညွှန်ကြားရေးမှူး ဦးညီညီတင်နှင့် ဝန်ထမ်းများက ပေးအပ်ရာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မူဆယ်အခြေစိုက် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မိုးဘဉာဏ်(ကွတ်ခိုင်)**

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်

**နေပြည်တော် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ စနစ်တကျ ထွန်ယက်စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်တိုးပြီး တောင်သူများ ဝင်ငွေတိုးကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ လယ်ယာလုပ်သားရှားပါးမှုကို ဖြည့်ဆည်းနိုင်စေရန်၊ တစ်ကေစိုက်ပျိုးစရိတ် လျှော့ချနိုင်စေရန်၊ ရာသီအမီ စိုက်ပျိုးနိုင်စေရန်နှင့် လယ်ယာသုံးစက်ကိရိယာများကို အသင်းသားများ အပိုင်ရစေရန် ရည်ရွယ်၍ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနများက ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နွေစပါး၊ မိုးစပါးများ အလှည့်ကျစိုက်ပျိုးရန် မြေသားပြုပြင်ခြင်း၊ တမန်းနိုးခြင်း၊ ဆောင်းထယ်ရေး၊ မိုးကြိုထယ်ရေးလုပ်ငန်းများကို အငှားဝန်ဆောင်ထွန်ယက်ပြုပြင်ပေးခြင်း၊ အလေအလွင့် အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းများက သင့်လျော်သည့်ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အသင်းသား တောင်သူများကို သက်သာသော အတိုးနှုန်းဖြင့်လည်းကောင်း၊ သီးနှံပေါ်ပေးစနစ်ဖြင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်သူလယ်သမားများ ဆောင်ရွက်လိုပါက

ဒုတိယညွှန်ကြားရေးမှူး - ၀၉-၄၃၀၇၈၆၇၈

**ခရိုင်တာဝန်ခံဖုန်းနံပါတ်များ**

ပဲခူးခရိုင် - ၀၉-၇၉၉၁၁၇၈၃၈

တောင်ငူခရိုင် - ၀၉-၄၂၈၁၆၃၅၁၆



သာယာဝတီခရိုင် - ၀၉-၂၅၀၂၂၁၉၇၃

ပြည်ခရိုင် - ၀၉-၇၉၄၇၆၅၆၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သမဝါယမဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသို့ မုတ်သုံ မေ ၁၆ ရက်မှ ၂၁ ရက်အတွင်း စတင်ဝင်ရောက်မည်ဟု ခန့်မှန်းထား

**ရန်ကုန် ဧပြီ ၂၇**
မြန်မာနိုင်ငံသို့ မုတ်သုံ မေ ၁၆ ရက်မှ ၂၁ ရက်အတွင်း စတင်ဝင်ရောက်နိုင်ပြီး စက်တင်ဘာလအတွင်း ပြန်လည်ထွက်ခွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦး က ခန့်မှန်းပြောကြားသည်။

"မြန်မာနိုင်ငံတောင်ပိုင်းကို မေ ၁၆ ရက်မှ ၂၁ ရက်အတွင်း မုတ်သုံ ဝင်နိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသတွေကိုတော့ မေ ၂၂ ရက်မှ ၂၇ ရက်အတွင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွေကို မေ ၂၈ ရက်မှ ဇွန် ၂ ရက်အတွင်း ဝင်ရောက်နိုင်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် ဇွန် ၃ ရက်မှ ၈ ရက်အတွင်းဝင်ရောက်နိုင်ကာ စက်တင်ဘာလအတွင်းမှာပြန်ထွက်ခွာမယ်လို့ ခန့်မှန်းထားပါတယ်။ ပြန်ထွက်မယ့်ရက်ကို ဩဂုတ်လမှာ စည်းဝေးပြီး ကြေညာပေးပါမယ်။ မုန်တိုင်းက မိုးဦးကာလမှာတော့ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်နိုင်ပြီး နှစ်ကြိမ်မှာ ပိုမိုအားကောင်းနိုင်ကာ မုန်တိုင်းငယ်အဖြစ်ကို ရောက်ရှိနိုင်ပါတယ်။ မိုးလယ်မှာ လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပြီး နှစ်ကြိမ်မှာ ပိုမိုအားကောင်းနိုင်ကာ မုန်တိုင်းငယ်အဖြစ်ကို ရောက်ရှိနိုင်ပါတယ်။ မိုးနှောင်းကာလမှာ လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်နိုင်ပြီး တစ်ကြိမ်မှာ ပိုမိုအားကောင်းနိုင်ကာ မုန်တိုင်းငယ်အဖြစ်ကို ရောက်ရှိနိုင်ပါတယ်။ များသောအားဖြင့် မုတ်သုံဝင်ပြီးသွားရင် မုန်တိုင်းတွေက မြန်မာနိုင်ငံကို မဝင်တော့ဘဲ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်ဘက်ကိုပဲ သွားတယ်။ နှစ်ပေါင်း တစ်ရာကျော်အတွင်းမှာလည်း မြန်မာနိုင်ငံကို မုတ်သုံဝင်ပြီးသွားရင် မုန်တိုင်းတစ်ခါမှ မဝင်ဖူးသေးဘူး။ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်တိုင်း မိုးတော့ရမှာပါ။ မိုးအနေနဲ့က မိုးဦးတော့ သိပ်မကောင်းပါဘူး" ဟု ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦး က ပြောသည်။

ယခုနှစ် မိုးဦးကာလတွင် မိုးရွာသွန်းမှု လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ပုံမှန် ရွာသွန်းမြဲအောက်ခန့် ရွာနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

ယခုနှစ်တွင် အယ်နီညို၊ လာနီညာဖြစ်စဉ်မရှိဘဲ ပုံမှန်နှစ်များကဲ့သို့ မုန်တိုင်းရှိသော်လည်း မုန်တိုင်းကြီးများဖြစ်မှုနည်းလေ့ရှိပြီး မုတ်သုံဝင်ပြီးပါက မုန်တိုင်းကြီးများမှာ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယဘက်သို့ ဝင်လေ့ရှိရာ မုတ်သုံမဝင်မီကာလ ဧပြီလနှင့် မေလကြားတွင် မုန်တိုင်းကြီးများ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်မှုကို ဂရုတစိုက် စောင့်ကြည့်ရန် လိုအပ်ကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

## (၂၇-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် ည (၁၁) နာရီအထိ COVID-19 ရောဂါဖြစ်ပွားမှု အများဆုံး (၁၀) နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၀၀၂၁ | ၁၁၈၈၆၉ | ၅၅၄၉၉ |
| ၂။ | စပိန် | ၂၂၉၄၂၂ | ၁၂၀၈၃၂ | ၂၃၅၂၁ |
| ၃။ | အီတလီ | ၁၉၇၆၇၅ | ၆၄၉၂၈ | ၂၆၆၄၄ |
| ၄။ | ပြင်သစ် | ၁၆၂၁၀၀ | ၄၄၉၀၃ | ၂၂၈၅၆ |
| ၅။ | ဂျာမနီ | ၁၅၈၁၄၂ | ၁၁၄၅၀၀ | ၅၉၈၅ |
| ၆။ | ဗြိတိန် | ၁၅၂၈၄၀ | စိစစ်ဆဲ | ၂၀၇၃၂ |
| ၇။ | တူရကီ | ၁၁၀၁၃၀ | ၂၉၁၄၀ | ၂၈၀၅ |
| ၈။ | အီရန် | ၉၁၄၇၂ | ၇၀၉၃၃ | ၅၈၀၆ |
| ၉။ | ရုရှား | ၈၇၁၄၇ | ၇၃၄၆ | ၇၉၄ |
| ၁၀။ | တရုတ် | ၈၂၈၃၀ | ၇၇၄၇၄ | ၄၆၃၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုးကင်းစင်သူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၁၄၄၂၃ | ၁၀၉၅ | ၁၄ |
| အင်ဒိုနီးရှား | ၉၀၉၆ | ၁၁၅၁ | ၇၆၅ |
| ဖိလစ်ပိုင် | ၇၇၇၇ | ၉၃၂ | ၅၁၁ |
| မလေးရှား | ၅၈၂၀ | ၃၉၅၇ | ၉၉ |
| ထိုင်း | ၂၉၃၁ | ၂၆၀၉ | ၅၂ |
| ဗီယက်နမ် | ၂၇၀ | ၂၂၅ | ၀ |
| မြန်မာ | ၁၄၆ | ၁၆ | ၅ |
| ဘရူနိုင်း | ၁၃၈ | ၁၂၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၄ | ၀ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၉၈၇ | ၁၄၆ |

| ပြန်လည်သက်သာသူ | သေဆုံးသူ |
|---|---|
| ၁၆ | ၅ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၂၈၅၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၉

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ၊ သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၃ | ၄ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၅ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| စုစုပေါင်း | | ၁၄၆ | ၅ |

❖ အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၇-၄-၂၀၂၀ ရက် ည (၈) နာရီ

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဧပြီ ၂၇**
၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၅၈ ဒသမ ၂၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၄ ဒသမ ၄၈ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၂ ဒသမ ၆၈ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၀၃ ဒသမ ၁၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၉၄ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၉၂ ဒသမ ၀၇ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၁၉၄ ဒသမ ၇၅သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၈၉ ဒသမ ၃၉ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၆၆၀ ဒသမ ၄၁သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၀၉၂ ဒသမ ၅၇ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၅၂ ဒသမ ၉၈ သန်းဖြစ်သည်။ ပုံမှန် သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၄၄၈ ဒသမ ၁၃သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၈၆ ဒသမ ၄၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၇၃၄ ဒသမ ၅၃ သန်းဖြစ်သည်။

သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၄၈၇ ဒသမ ၅၁ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၉၈၁ ဒသမ ၅၅ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **သတင်းစဉ်**

# မန္တလေးဈေးချိုတော်အတွင်းမှ ဆေးဝါးပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းများထုတ်ယူ

**မန္တလေး ဧပြီ ၂၇**
မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အဆင့်မြင့် ဈေးချိုတော်အတွင်းရှိ ဆေးဝါးနှင့် စားသောက်ကုန်ဆိုင်ခန်းများမှ ရောင်းကုန်ပစ္စည်းများကို တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီမှစတင်၍ ၁၂ နာရီအထိ ထုတ်ယူခွင့်ပြုခဲ့သဖြင့် ဆိုင်ပိုင်ရှင်များက ၎င်းတို့ ရောင်းကုန်ပစ္စည်းများကို ထုတ်ယူခဲ့ကြသည်။

"ပစ္စည်းထုတ်ယူတဲ့ နေရာမှာ လူစုလူဝေးမဖြစ်ဖို့ ကျွန်တော်တို့ စည်ပင်ဈေးဌာနနဲ့ ဈေးကြီးတာဝန်ရှိသူတွေ ပူးပေါင်းပြီးတော့ စီစဉ်ခဲ့ပါတယ်။ ပစ္စည်းထုတ်တဲ့နေရာမှာ အုပ်စုလိုက်ခွဲထားပြီးတော့ တစ်ခါထုတ်ရင် ဆိုင်ရှစ်ဆိုင် တစ်အုပ်စုနဲ့ တစ်ဆိုင်မှာ ပိုင်ရှင်နဲ့ အလုပ်သမားသုံးဦးသာ သယ်ယူခွင့်ပြုထားပါတယ်။ ဆေးဝါးပစ္စည်းတွေကိုတော့ ပထမဦးစားပေး ထုတ်ယူခွင့်ပြုထားပြီးတော့ ဆေးဝါးပစ္စည်းထုတ်ပြီးတာနဲ့ စားသောက်ကုန်ပစ္စည်းတွေ ဆက်ထုတ်သွားမှာပါ" ဟု ဈေးဌာနမှူး ဦးခင်အောင်က ပြောသည်။ ပစ္စည်းများထုတ်ယူရန် လွန်ခဲ့သည့် နှစ်ရက်မှစ၍ ဆိုင်ခန်းရှင်များစာရင်းကောက်ယူပြီး ဈေးဌာနသို့ တင်ပြထားခဲ့ရာ တင်ပြထားသည့် ဆိုင်ခန်းပေါင်း ၁၄၀ ရှိကြောင်း သိရသည်။ **သိန်းဇော်(ကျည်ပွေ့)**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၆ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်)

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ် နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်–

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
| --- | --- | --- |
| ၁ | နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခ ကျေးရွာနေ မြင့်ဆွေသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၄-၂၀၂၀ရက်နေ့တွင် ဒက္ခိဏသီရိမြို့နယ်၊ ဆည်စုကျေးရွာသွားလမ်းပေါ်၌ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာနေ မြင့်ဆွေ(၄၂)နှစ်၊(ဘ)ဦးရွှေသောင်းနှင့် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်နေ အောင်သူမိုး(၂၄)နှစ်၊ (ဘ)ဦးကျော်ဝင်းတို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဥတ္တရဂေဟာ)မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနေ ကြည်လှိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၄-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ရွာသာကျေးရွာနတ်စင်အနီး၌ ၎င်းကျေးရွာနေ မမြင့်လှိုင်(၃၅)နှစ်၊ (ဘ) ဦးနက်တူးနှင့် မော်လိုက်မြို့နယ်၊သာနန်းတော ကျေးရွာနေ မျိုးဝေ(၂၅)နှစ်၊ (ဘ) ဦးအေးထွန်းတို့ စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများအား ၎င်းကျေးရွာနေ ကြည်လှိုင်(၃၇)နှစ်၊ (ဘ) ဦးတင်လှိုင်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၃)ဦးအား မမစ(ဖောင်းပြင်)မယ(ပ)၈၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ဟဲကင်းကျေးရွာတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများ ပေါ်များနေကြောင်းသတင်းပေးပို့ခြင်း။ | ၁၉-၄-၂၀၂၀ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ဟဲကင်းကျေးရွာ အရှေ့မြောက်ဘက် ဘိုင်ပင်ချောက်အနီး၌ ၎င်းကျေးရွာနေ အောင်ဝင်း(၅၇)နှစ်၊ (ဘ)ဦးဖိုးဒင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျွန်းလှ)မယ(ပ)၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရတောင်အတွင်းကျေးရွာနေ နေဇော်(ခ)မောင်ဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၄-၂၀၂၀ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ရတောင်အတွင်းကျေးရွာနေ နေဇော်(ခ)မောင်ဇော် (၃၄)နှစ်၊ (ဘ) ဦးအေးသက် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သဇင်)မယ(ပ)၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စုတွင် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၄-၂၀၂၀ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်ကျေးရွာအုပ်စု၊ ပန်းတောင်အောက် ဈေးတန်းနေ ဝေယံမင်း(ခ) ညောင်ဦး(၃၂)နှစ်၊ (ဘ)ဦးကျော်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရမည်းသင်း) မယ(ပ)၁၅/၂၀၂၀၊မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(က) ရပ်ကွက်နေ ဘီလားသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၄-၂၀၂၀ရက်နေ့တွင် သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (ခ) ရပ်ကွက်၊ သီရိမာလာလမ်းပေါ်၌ မရှီလား (ခ) ပြုံးမေထွန်း (၂၀)နှစ်၊ (ဘ) ဦးတင်ထွန်းအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး သုဝဏ္ဏ(က) ရပ်ကွက်နေ ဘီလား(ခ)လှဝင်း(၂၅)နှစ်၊ (ဘ)ဦးရာကွတ်ထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ၎င်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့ (၂)ဦးအား နမစ(သုဝဏ္ဏ)မယ (ပ)၂၅/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၅-၅-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၀၇၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၃၈၅)ဦး၊မ(၂၇၁)ဦး၊ပေါင်း(၁၆၅၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၈၉၄၄.၁၅၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၁၅၄၄.၃၃၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၅.၂၇)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၅၂.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၂၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၅၃၂၂၇၇)ပြား၊ ဆေးခြောက် (၁၀၃၁၁.၆၇)ဂရမ်၊ ဘိန်းရည် (၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၉၆.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၁၁)ဂရမ်၊လက်နက်မျိုးစုံ (၂၅)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်–

**ဆက်သွယ်ရန်–**
**အော်တိုတယ်လီဖုန်းနံပါတ်** – ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** – ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** – **antinarcotics@presidentoffice.gov.mm**

# ဓာတ်အားခပေးဆောင်ရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရန် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ငွေသွင်းကောင်တာခွဲများ ဖွင့်လှစ်ကောက်ခံ

**မန္တလေး မေ ၂၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိလျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် ဓာတ်အားခများ ပေးဆောင်ရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများအပြင် မြို့နယ်အလိုက် ငွေသွင်းကောင်တာခွဲများ ဖွင့်လှစ်၍ မေ ၂၄ ရက်မှစ၍ ကောက်ခံပေးလျက်ရှိကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများအတွက် မီတာခများအား လစဉ်သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများရှိငွေသွင်းကောင်တာများတွင် လက်ခံပေးလျက်ရှိသည့်အပြင် မြို့တွင်း၌လည်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကောက်ခံခြင်းနှင့် အွန်လိုင်းစနစ်ဖြင့် ပေးဆောင်နိုင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ယခုကာလတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများတွင် မီတာခပေးဆောင်သူများကြောင့် လူစုလူဝေးဖြစ်ပေါ်ကာ ရောဂါကူးစက်မှု မဖြစ်ပေါ်စေရေးအတွက် ယခုကဲ့သို့ မြို့နယ်အလိုက် သင့်တော်ရာနေရာများတွင် ငွေသွင်းကောင်တာခွဲများ ဖွင့်လှစ်ကာ ကောက်ခံပေးခြင်းဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒုတိယအထွေထွေမန်နေဂျာ(စီမံ) ဦးမြင့်လွင်က ပြောသည်။

“အရင်က မီတာခပေးဆောင်ဖို့အတွက်ငွေကောက်ခံတဲ့ကောင်တာတွေကို မြို့နယ်လျှပ်စစ်ရုံးတွေထဲမှာပဲ ကောင်တာတွေ သုံး၊ လေးခု ဖွင့်ပြီး လက်ခံပေးခဲ့ပေမယ့် မီတာခပေးဆောင်သူတွေက တစ်နေရာတည်းမှာပဲ စုပြုံပြီး ငွေသွင်းသလိုဖြစ်နေတဲ့အတွက် ဒီကာလမှာ လူစုလူဝေး မဖြစ်ပေါ်ရအောင် နဂိုရှိပြီးသားကောင်တာတွေကို သူ့မြို့နယ်ထဲမှာပဲ နေရာတွေခွဲပြီး ဖွင့်လှစ်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က မီတာခပေးဆောင်တဲ့ရက်ကို လစဉ် ၂၅ ရက် နောက်ဆုံးပေးဆောင်ဖို့ သတ်မှတ်ထားပေမယ့် အခု မတ်လအတွက် ပေးဆောင်ရမယ့် မီတာခကို လူစုလူဝေးမဖြစ်ရအောင် မေ ၂၅ ရက် နောက်ဆုံးအစား မေလ ၂၀ ရက် အထိ ပေးဆောင်နိုင်ဖို့ ရက်ထပ်တိုး ပေးထားပါတယ်။ ဒီကာလမှာ အဓိက အနေနဲ့ ရောဂါကူးစက်မှုမရှိအောင် အွန်လိုင်းကနေပဲ မီတာခတွေ ပေးဆောင်သင့်ပါတယ် ”ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ လက်ရှိတွင် လျှပ်စစ်မီးသုံးစွဲသူဦးရေမှာ ကိုးသိန်းခွဲကျော်ရှိသော်လည်း အွန်လိုင်းစနစ်ဖြင့် ပေးသွင်းသူအရေအတွက်မှာ သောင်းဂဏန်းမျှသာရှိသေးကြောင်းနှင့် မန္တလေးခရိုင်အတွင်း၌ မီးသုံးစွဲသူဦးရေမှာ သုံးသိန်းခွဲကျော် ရှိနေသဖြင့် အွန်လိုင်းစနစ်ဖြင့် ငွေပေးချေမှုမှာ အလွန်နည်းပါးနေသေးကြောင်း ၎င်းက ဆက်လက်ပြောသည်။

အဆိုပါမြို့နယ်အလိုက် လျှပ်စစ်မီတာခများ ပေးဆောင်ရန် နေရာခွဲ၍ ငွေလက်ခံကောင်တာများ ဖွင့်လှစ်ထားရှိမှုအနေဖြင့် မန္တလေးခရိုင်အတွင်း၌ သက်ဆိုင်ရာမြို့နယ်များရှိ လျှပ်စစ် မန်နေဂျာရုံးများအပြင် အောင်မြေသာစံ မြို့နယ်တွင် ညောင်ကွဲဓာတ်အားခွဲရုံး၊ နန်းရှေ့တိုက်တော်ဓာတ်အားခွဲရုံ၊ မရမ်းခြံဓာတ်အားခွဲရုံများတွင် လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်တွင် ကားကောင်တာ အထက(၁၂)၊ အထက(၂၃)တို့တွင် လည်းကောင်း၊ မဟာအောင်မြေမြို့နယ်တွင် ၇၆ ဓာတ်အားခွဲရုံ၊ ဓမ္မပါလဓမ္မာရုံ(မဟာမြိုင်ရပ်ကွက်)၊ ဓမ္မပါလဓမ္မာရုံ(ရဲမွန်တောင်ရပ်ကွက်)တို့တွင် လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်တွင် ကားကောင်တာ ချီပါဓာတ်အားခွဲရုံ၊ ထွန်းတုံးဓာတ်အားခွဲရုံ၊ ၆၅ ဓာတ်အားခွဲရုံ၊ မြရည်နန္ဒာ ဓာတ်အားခွဲရုံတို့တွင် လည်းကောင်း ငွေသွင်းကောင်တာခွဲများ ဖွင့်လှစ်ထားရှိသည်။

ထို့ပြင် ပြည်ကြီးတံခွန်မြို့နယ်တွင် စက်မှုဇုန်(၂) ဓာတ်အားခွဲရုံ သင်ပန်းကုန်းရပ်ကွက်(အုပ်ချုပ်ရေးမှူးရုံး)၊ (ဆ)ရပ်ကွက်(အုပ်ချုပ်ရေးမှူးရုံး)တို့တွင် လည်းကောင်း၊ အမရပူရမြို့နယ်တွင် အထက(၁)၊ ဗားကရာဓာတ်အားခွဲရုံ၊ စွယ်တော်ဓာတ်အားခွဲရုံတို့တွင် လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်တွင် ကျောက်မီးဓာတ်အားခွဲရုံ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးဟောင်းနှင့် အောင်ချမ်းသာဓမ္မာရုံတို့တွင် လည်းကောင်း နေ့စဉ်ပိတ်ရက်မရှိ လာရောက်ပေးဆောင်နိုင်ရန် ငွေလက်ခံကောင်တာများ ဖွင့်လှစ်ပေးထားကြောင်းနှင့် တိုင်းဒေသကြီးအတွင်းရှိ အခြား ခရိုင်များတွင်လည်း မြို့နယ်အလိုက် ကောင်တာခွဲများ ဖွင့်လှစ်၍ လက်ခံပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❖ *ကျောဖုံးမှ*

(ဂ) Home Stay ကြောင့် Online Games များ ပိုမိုအသုံးပြုလာကြရာ Cyber ဒုစရိုက်သမားများက Game နည်းလမ်းသစ်များ တီထွင်ထုတ်လွှင့်၍ ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာထိခိုက်ပျက်စီးရေး ရည်ရွယ်၍ Malware နှင့် Ransomware ကဲ့သို့သော Virus များနှင့် တိုက်ခိုက်လာခြင်း။

(ဃ) ဆေးရုံများ၏အင်တာနက်နှင့် ချိတ်ဆက်မှုစနစ်များ၊ အရေးပေါ်လူနာ ခွဲစိတ်မှုများ၊ COVID–19 ကူးစက်ရောဂါကုသမှုနှင့် လူနာစောင့်ကြည့်သည့်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်း။

(င) ဒုစရိုက်သမားများသည် COVID–19 နှင့် ဆက်စပ်သော Stock ရင်းနှီးမြှုပ်နှံမှုများတွင် ရောဂါဖြစ်နေသူများ၏ အရင်းအနှီးများကို နည်းမျိုးစုံဖြင့် လိမ်လည်/ ခြိမ်းခြောက် ငွေကြေးရယူခြင်း။

(စ) လိမ်လည်သူများသည် ဆေးဝါးပစ္စည်းများရောင်းချရန်နှင့် ဖြန့်ဝေရာ website, e-commerce platforms, social medias, emails များအသုံးပြုလျက်ရှိရာ နာမည်ကြီး ကုမ္ပဏီများ၏အမည်ကိုအသုံးပြု၍ ငွေလွှဲပြောင်းလိမ်လည်ရယူခြင်း။

(ဆ) တယ်လီဖုန်းများအသုံးပြု၍ COVID–19 ကပ်ရောဂါဖြင့် ဆေးရုံတက်နေရသူ၊ Quarantine စခန်းဝင်နေရသူဟု လိမ်လည်ပြောဆို၍ ပြည်သူ့ကျန်းမာရေး ကိုယ်စားလှယ်များထံ ငွေသား/ I-pay တို့ဖြင့် ဆေးဝါးကုသစရိတ်များ လိမ်လည်တောင်းခံခြင်း။

(ဇ) Online များတွင် ဆရာဝန်/အထူးကုသမားတော်များဟု ဟန်ဆောင်ထုတ်လွှင့်ပြီး ဆေးဝါးအတုများ ဝယ်ယူစေခြင်း၊ စိုးရိမ်ကြောက်ရွံ့နေသူများထံမှ email နှင့် Password များတောင်းခံ၍ website များဝင်ကြည့်စေပြီး ငွေကြေးလိမ်လည် ရယူခြင်း။

(ဈ) COVID–19 ကာကွယ်ရန် masks များနှင့် PPEs ဝတ်စုံများ၊ Alocohol Gels များ ဝယ်ယူရန် အမည်ခံ၍ ငွေကြေးများလိမ်လည်ခြင်း။

(ည) Online နှင့် ပြင်ပလူမှုနယ်ပယ်တွင် စံမမီဆေးဝါးနှင့် ပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းအတုများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းများ များစွာဖြစ်ပွားနေပြီး မှုခင်းများ၏ အဓိကနယ်ပယ်တစ်ခုဖြစ်လာခြင်း။

(ဋ) တရားမဝင်ကုန်ပစ္စည်းများနှင့် စံမမီဆေးဝါး ထုတ်လုပ်ရောင်းချမှုများကြောင့် ပြည်သူများ၏ အသက်အန္တရာယ်အတွက် များစွာစိုးရိမ်ဖွယ်ဖြစ်နေခြင်း။

(ဌ) ညမထွက်ရအမိန့်နှင့် Home Stay နေထိုင်စဉ် ပူပြင်းသည့်ရာသီဥတုဖြစ်၍ နေအိမ်ပြတင်းပေါက်များ နေ့/ည ဖွင့်ထားခြင်းကြောင့် ဒုစရိုက်သမားများက အခွင့်ကောင်းယူ၍ အိမ်ကျော်နင်းမှု၊ ခိုးယူမှုများ ကျူးလွန်ခြင်း။

(ဍ) လူ(၅)ဦးနှင့်အထက်စုဝေးခြင်း၊ သွားလာမှုမပြုရခြင်းကြောင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း။

(ဎ) အခြေအမြစ်မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက်ငွေတောင်းယူမှုများကျူးလွန်ခြင်း။

(ဏ) Online Delivery ပို့ဆောင်သူများထံမှ ရောဂါကူးစက်နိုင်သည့်အပြင် မိမိနှင့် သိကျွမ်းမှုမရှိသော Delivery များက အစားအသောက်များတွင် မူးဝေမေ့လျော့စေသော ဆေးဝါးများထည့်သွင်း၍အိမ်တွင်း ခိုးယူမှု၊ လုယက်မှုများကျူးလွန်ခြင်း။

(တ) Mask ကို လူတိုင်းတပ်ဆင်ထားရသဖြင့် ဒုစရိုက်သမားများအနေဖြင့် ပုံဖျက်ရန် အခွင့်ကောင်းရရှိပြီး ယာဉ်/ဆိုင်ကယ်တို့ဖြင့် ရုတ်တရက် အနီးကပ်လုယက်မှု ကျူးလွန်ခြင်း။

(ထ) Home Stay ကာလကြာမြင့်လာသည့်အတွက် မိသားစုအတွင်း၊ အဆောင်နေသူများ အချင်းချင်း အိမ်တွင်းအကြမ်းဖက်မှုခင်းများ ပိုမိုဖြစ်ပွားလာနိုင်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Cyber / Online တို့မှ လိမ်လည်နေမှုများ၊ မှုခင်းများနှင့် ပတ်သက်၍ ကျူးလွန်ခံရမှုများမဖြစ်ပွားရအောင် အောက်ပါအချက်များကို လိုက်နာကြရန် အကြံပြုအပ်ပါသည်–

(က) မိမိနှင့် ရင်းနှီးကျွမ်းဝင်သော email များနှင့် မိမိအသုံးပြုနေသော Links များမဟုတ်ပါက attached files များကို ဖွင့်ကြည့်ခြင်းမပြုရန်။

(ခ) မိမိ email နှင့် databases များကို ပုံမှန်စစ်ဆေးခြင်း၊ online / offline အသုံးပြု၍ backup လုပ်ထားရန်။

(ဂ) လုံခြုံမှုအပြည့်အဝရှိမည့် password ကိုအသုံးပြုရန်။

(ဃ) Antivirus software နှင့် မိမိကွန်ပျူတာရှိ software များကို update ပြုလုပ်ရန်။

(င) Social media များ၏ လုံခြုံရေးစနစ်ကို ခိုင်မာမှုရှိအောင် စီမံရန်။

(စ) မိမိနေအိမ်တွင်အသုံးပြုသော network အား လုံခြုံမှုစနစ်သေချာတပ်ဆင်ရန်။

(ဆ) မိသားစုဝင်များ၊ အထူးသဖြင့် ကလေးသူငယ်များအား Online စနစ်လုံခြုံမှုနှင့် ပတ်သက်၍ ပညာပေးပြောကြားရန်။

(ဇ) လူသွားလူလာပြတ်သည့်နေရာများ၊ လမ်းများတွင် လုယက်မှုကျူးလွန်ခြင်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန်။

၄။ COVID–19 ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘစီးပွားရေးသမားများက ကျူးလွန်လျက်ရှိသည့် ဆောင်ရွက်ချက်များအပေါ် အများပြည်သူကလည်း အသိ/သတိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန်နှင့် မြို့/ရွာ၊ ရပ်ကွက်များအတွင်း ထူးခြားမှု၊ မသင်္ကာဖွယ်ရာတွေ့ရှိမှု တစ်စုံတစ်ရာရှိလာပါက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ် ဆက်သွယ်အကြောင်းကြားနိုင်သည့် နီးစပ်ရာ ရဲစခန်းဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုတွင် လျှပ်စစ်ဓာတ်အားခများကို မော်တော်ယာဉ်ဖြင့် ရပ်ကွက်၊ ကျေးရွာအတွင်း လှည့်လည်ဝန်ဆောင်မှုပေးလျက်ရှိ

**ရန်ကုန် မေ ၂၇**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များတွင် မတ်လအတွက် ကျသင့်သော လျှပ်စစ်ဓာတ်အားခများကို မော်တော်ယာဉ်ဖြင့် လိုက်လံကောက်ခံလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အရှေ့ပိုင်းနှင့် အနောက်ပိုင်းတွင်လည်း မြို့နယ်ရုံးရှိ ငွေလက်ခံကောင်တာများကို ဖွင့်လှစ်လက်ခံသည့်အပြင် ရပ်ကွက်၊ ကျေးရွာများ၌ မော်တော်ယာဉ်ဖြင့် နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကောက်ခံပေးလျက်ရှိကြောင်း သိရသည်။**(ယာပုံ)**




လျှပ်စစ် ဓာတ်အားခများကို မော်တော်ယာဉ်ဖြင့် ကောက်ခံရာတွင် အရှေ့ပိုင်းခရိုင်ရှိ သဃ်န်းကျွန်း၊ တာမွေ၊ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်၊ ဒဂုံ (ဆိပ်ကမ်း)၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်တို့တွင် လည်းကောင်း၊ အနောက်ပိုင်းခရိုင်ရှိ ကမာရွတ်၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဗဟန်းနှင့် မရမ်းကုန်း မြို့နယ်တို့တွင် လည်းကောင်း၊ မြောက်ပိုင်းခရိုင်အတွင်းရှိ လှိုင်သာယာအရှေ့ပိုင်း၊ လှိုင်သာယာ အနောက်ပိုင်းနှင့် အင်းစိန်မြို့နယ်တို့တွင် လည်းကောင်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

“မေ ၂၄ ရက်ကစပြီး လှိုင်သာယာအရှေ့ပိုင်း၊ အနောက်ပိုင်းကို MCCU ကုမ္ပဏီကကားနဲ့လိုက်လံပြီး လျှပ်စစ်ဓာတ်အားခကို ကောက်ခံပေးနေပါတယ်။ သင်္ကြန်အပြီး ရုံးဖွင့်ရက်မှာ လူတွေပြုံတိုးပြီး ငွေပေးဆောင်ကြတယ်။ ဒီလိုမဖြစ်အောင် မေလ ၂၀ ရက်အထိ ရက်ကျော်ခ မကောက်ရ၊ ဓာတ်အားဖြတ်တောက်ခြင်းမပြုရလို့ တာဝန်ရှိသူတွေ ညွှန်ကြားထားတာကြောင့် ရုံးပိတ်ရက်မရှိ ကောင်တာဖွင့်ပြီး နံနက် ၈ နာရီကနေ မွန်းလွဲ ၃ နာရီထိ သတ်မှတ်ကောက်ခံပေးနေပါတယ်။ ကားနဲ့ ကောက်ခံရာမှာ ကုမ္ပဏီက ကောက်ခံရင် ငွေကျပ် ၃၀၀ ပေးရပြီးတော့ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးက စီစဉ်ပေးတဲ့ ကားနဲ့ဆိုရင် ငွေကျပ် ၃၀၀ ပေးစရာမလိုပါဘူး”ဟု မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းက ပြောသည်။

လှိုင်သာယာမြို့နယ်တွင် မေ ၂၄ ရက်က အမှတ်(၉)၊ (၁၀)နှင့်(၁၁) ရပ်ကွက်တို့ကို လည်းကောင်း ၊ မေ ၂၇ ရက်တွင် အတွင်းပဒံ၊ အပြင်ပဒံ ကျေးရွာကို လည်းကောင်း၊ မေ ၂၉ ရက်တွင် ကံလှ၊ ကျုံစုကျေးရွာနှင့် အခြားသော ရက်များ၌ ရပ်ကွက်၊ ကျေးရွာများအတွင်း လျှပ်စစ်ဓာတ်အားခများကို မော်တော်ယာဉ်ဖြင့် ဆက်လက်ကောက်ခံပေးသွားမည်ဖြစ်သည်။

မြို့နယ်ရုံးများသို့ ကိုယ်တိုင်ပေးသွင်းမှုကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ လူစုလူဝေးမဖြစ်ပေါ်စေရန် လှိုင်သာယာ အနောက်ပိုင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးက စီမံထားရှိကာ လှိုင်သာယာအရှေ့ပိုင်း မြို့နယ်တွင် လျှပ်စစ်မီတာ အလုံး ၃၁၀၀၀ ၊ လှိုင်သာယာ အနောက်ပိုင်းတွင် လျှပ်စစ်မီတာ အလုံး ၃၇၀၀၀ ခန့် အသုံးပြုလျက်ရှိပြီး လျှပ်စစ်ဓာတ်အားပြည့်စွာဖြင့် လုံခြုံချောမွေ့စွာ အသုံးပြုနိုင်ရန် အဓိကရည်မှန်းချက်ဖြင့် ဝန်ဆောင်မှုပေးနေကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

**သစ္စာ ၊ ဓာတ်ပုံ – စည်သာ**

❑ *ကျောဖုံးမှ*

သက်ကြီးသဘင်ပညာရှင်များအား တစ်ဦးလျှင် ဆန် ၈ ပြည်၊ ဆီ ၅၀ သား၊ ဆား၊ ပဲထောပတ်၊ ကြက်သွန်များ ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

သဘင်အနုပညာရှင်များအား ကူညီထောက်ပံ့မှုအစီအစဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးနေဝင်းက “ကျွန်တော်တို့က ကိုယ်တတ်နိုင်တဲ့အားနဲ့ ကိုယ့်အစီအစဉ်နဲ့ကိုယ် စုပေါင်းပြီး ဝိုင်းဝန်းလှူဒါန်းကြတာပါ။ အနုပညာသမားဆိုတာ ပြည်သူတွေ အဆင်ပြေမှ၊ ပြည်သူတွေ လှူကြတန်းကြမှ ပွဲလမ်းသဘင်ထည့်တာ၊ ပွဲလမ်းသဘင်ထည့်မှ အနုပညာသမားဆိုတာ ထမင်းစားရတာလေ။ တိုက်ရိုက်အချိုးကျပါတယ်” ဟု ပြောကြားခဲ့သည်။

သဘင်အနုပညာရှင်များအား ထောက်ပံ့မှုအစီအစဉ်တွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ တိုင်းဒေသကြီးအသီးသီးရှိ သဘင်အစည်းအရုံးများမှ ထည့်ဝင်ငွေ၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သဘင်အစည်းအရုံးမှ လှူဒါန်းငွေ၊ သဘင်လူမှုကူညီရေးအသင်း၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၏ CB- KMA ဖောင်ဒေးရှင်းမှ ထည့်ဝင်ငွေအပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၃၀၀၀ နီးပါး ထည့်ဝင်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင် နှင်းဆီရင်ခွင် လူမှုကူညီရေးဖောင်ဒေးရှင်း၊ Myanmar Media 7 ၊ သရုပ်ဆောင် အကယ်ဒမီနေတိုး၊ သရုပ်ဆောင် တေးသံရှင် ရဲလေးတို့ကလည်း အသီးသီး ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကူညီထောက်ပံ့မှုအစီအစဉ်ကို မေ ၂၀ ရက် မှ မေ ၃၀ ရက်အတွင်း ကူညီထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဆိပ်ဖြူမြို့နယ်၌ လေပြင်းတိုက်မှုကြောင့် အမိုးလန်ပျက်စီးသည့် နေအိမ်များကို ထောက်ပံ့

**ဆိပ်ဖြူ မေ ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မေ ၂၅ ရက်က လေပြင်းတိုက်မှုကြောင့် ကျေးရွာငါးရွာမှ အမိုးလန်ပျက်စီးခဲ့သည့် နေအိမ်များအား မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာများသို့ သွားရောက်၍ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများကို ထောက်ပံ့ပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လေပြင်းတိုက်မှုဒဏ် ခံစားခဲ့ရသည့် ဒေါသာကျေးရွာ၊လက်ဆည်ကျေးရွာ ၊ တောင်ရွာမ၊ ဂဲကုန်းကျေးရွာ၊ အရှေ့ကံတွင်းကျေးရွာများမှ လူနေအိမ် ၃၃ လုံး၊ ပြိုကျနေအိမ် တစ်လုံးတို့အတွက်ကယ်ဆယ်ရေးပစ္စည်း ၂၂ မျိုးပါ တစ်ပုံးနှင့် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေ ကျပ် ၁၄၄၀၀၀၀ ၊ ဆန်ရိက္ခာတန်ဖိုးငွေ ကျပ် ၂၈၇၇၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။ အဆိုပါ ထောက်ပံ့ငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လေဘေးသင့်အိမ်ထောင်စုများထံ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဇွဲ (အညာမြေ)**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် ဧပြီ ၂၇**

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်ရရှိစေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား ၃၅၆၂ ဦး၊ မ ၉၆၀၇ ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း ၁၃၁၆၉ ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း လက်ခံရရှိမှု ၁၈၄ မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှု လေးမှု၊ ကျေအေးမှု ၁၈ မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၄၂ မှု၊ ပိတ်သိမ်းမှု ၁၈ မှု၊ ငွေကြေးအကျိုးခံစားခွင့် အမှု ၆၀ နှင့် လက်ကျန်အမှု ၄၂ မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ ၂၃၅ ဦးအား ငွေကျပ် ၇၃၁၀၉၅၄၁ ကို ခံစားခွင့်ရရှိစေခဲ့သည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန် လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်၍ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းများအနေဖြင့် အောက်ပါအတိုင်းဖြစ်သည်-

**ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင် ၂၀၂၀ပြည့်နှစ်၊ မတ်လအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | လေအေးပေးစက်တပ်ဆင်/ပြုပြင်ခြင်း သင်တန်း (ရန်ကင်း) | ၁၀-၃-၂၀၂၀ မှ ၁၇-၃-၂၀၂၀အထိ | ၃၂ | - | ၃၂ |
| ၂။ | လျှပ်စစ်နှင့်လေအေးပေးစက် အလုပ်အကိုင်အတွက် Reskill & Upskill သင်တန်း (မန္တလေး) | ၃-၃-၂၀၂၀ မှ ၇-၃-၂၀၂၀အထိ | ၃၀ | - | ၃၀ |
| ၃။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း (မန္တလေး) | ၄-၃-၂၀၂၀ မှ ၁၈-၃-၂၀၂၀ အထိ | ၁၁၉၉ | ၃၃၆ | ၁၅၃၅ |
| ၄။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း (မြောက်ဒဂုံ) | ၂၇-၂-၂၀၂၀ မှ ၁၄-၃-၂၀၂၀ အထိ | ၁၀၂၅ | ၄၉၈ | ၁၅၂၃ |
| | စုစုပေါင်း | | ၂၂၈၆ | ၈၃၄ | ၃၁၂၀ |

**၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် စစ်ဆေးခဲ့သော ကျွမ်းကျင်လုပ်သားများအား ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းဇယား**

| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Bamboo | Level-1 | ၇ | ၁ | ၈ | ၅ | ၁ | ၆ |
| ၂။ | Power Loom | Level-1 | ၃ | ၂ | ၅ | ၃ | ၂ | ၅ |
| ၃။ | Hand Loom | Level-1 | - | ၅ | ၅ | - | ၅ | ၅ |
| ၄။ | Traditional Loom | Level-1 | - | ၅ | ၅ | - | ၅ | ၅ |
| ၅။ | MMAW | Level-1 | ၁၆ | ၁ | ၁၇ | ၁၆ | ၁ | ၁၇ |
| ၆။ | GMAW | Level-1 | ၉ | - | ၉ | ၉ | - | ၉ |
| ၇။ | Garment Sewing Machine | Level-1 | ၂၀ | ၃၉၄ | ၄၁၄ | ၂၀ | ၃၈၉ | ၄၀၉ |
| ၈။ | Electrician | Level-1 | ၂၂ | - | ၂၂ | ၂၂ | - | ၂၂ |
| ၉။ | Hydraulic Excavator | Level-1 | ၉ | - | ၉ | ၉ | - | ၉ |
| ၁၀။ | Tiler | Level-1 | ၂၀ | - | ၂၀ | ၁၈ | - | ၁၈ |
| ၁၁။ | Carpenter | Level-1 | ၂၀ | - | ၂၀ | ၁၇ | - | ၁၇ |
| ၁၂။ | Room Attendance | Level-1 | ၁ | ၈ | ၉ | - | ၈ | ၈ |
| ၁၃။ | Automotive Mechanic | Level-1 | ၂၆ | - | ၂၆ | ၂၆ | - | ၂၆ |
| ၁၄။ | Waiting Staff | Level-1 | ၂၄ | ၁၇ | ၄၁ | ၂၄ | ၁၇ | ၄၁ |
| | စုစုပေါင်း | | ၁၇၇ | ၄၃၃ | ၆၁၀ | ၁၆၉ | ၄၂၈ | ၅၉၇ |
| စဉ် | အလုပ်အကိုင်အမည် | အဆင့် | ဖြေဆိုသူ | | | အောင်မြင်သူ | | |
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁။ | Poultry Farm Worker | Level-2 | ၉ | ၁၁ | ၂၀ | ၉ | ၁၁ | ၂၀ |
| ၂။ | Electrician | Level-2 | ၂၀ | - | ၂၀ | ၂၀ | - | ၂၀ |
| | စုစုပေါင်း | | ၂၉ | ၁၁ | ၄၀ | ၂၉ | ၁၁ | ၄၀ |
| | စုစုပေါင်း (Level-1 & Level-2) | | ၂၀၆ | ၄၄၄ | ၆၅၀ | ၁၉၈ | ၄၃၉ | ၆၃၇ |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၄၄၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ ၂၁၁ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု (၁၅၇) ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင် အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် ၂၆ မှုနှင့် ခုံသမာဓိကောင်စီတွင် ၁၅ မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၁၃၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၂၀၀ အတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၁၂၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၈၀၈၅ ဦး ၊ အတွင်းလူနာ ၄၄၈ ဦး) | ၈၅၀၆ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ တိုင်းရင်းဆေးခန်း၊ ဌာနကြီးဆေးခန်း(၆၀)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း(၉)ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇)ခန်း တို့မှ ဆေးကုသပေးမှု | ၈၇၉၇၉ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး(၃)ရုံမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၂)ကြိမ် | ၄၉၃ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များကွင်းဆင်းဆေးကုသမှု (၁၀၆)ကြိမ် | ၁၉၆၆ ဦး |
| င | နယ်လှည့်ဆေးကုသယာဉ် (MMU) ဖြင့် အလုပ်ဌာန (၅၆) ဌာနရှိ အာမခံအလုပ်သမားများအား ဆေးကုသပေးမှု | ၈၉၂၃ ဦး |

သတင်းစဉ်

# သန်လျင်မြို့နယ်၌ ဝက်ဝံတစ်ကောင်ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ဘောဂလမ်းရှိ ခြံကြီးအတွင်း ဧပြီ ၂၇ ရက် နံနက်က ဝက်ဝံတစ်ကောင် ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် မီးသတ်ဦးစီးဌာနမှူးနှင့်တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ မွန်းလွဲ ၂ နာရီကျော်ခန့်တွင် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဝက်ဝံကို ဖမ်းဆီးရာတွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ ဝန်ထမ်းတစ်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဖမ်းဆီးရမိသော ဝက်ဝံကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လွှဲပြောင်းပေးပို့ရန် တာဝန်ရှိသူများထံ အပ်နှံလိုက်ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဧပြီ ၂၇**

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် (နောက် ၇၂ နာရီအတွင်း) ဧပြီ ၃၀ ရက်ခန့်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ (နောက် နာရီ ၁၂၀ အတွင်း) မေ ၂ ရက်ခန့်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

ပဲခူးတိုင်းဒေသကြီး ကျွဲပွဲမြို့ အုတ်တွင်းမြို့နယ်နေ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ဝင် ဦးသိန်းဝင်း(ကျွဲပွဲ) ကွယ်လွန်သွားသည့်အတွက် အဖွဲ့မှ နာရေးထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ ကို ဧပြီ ၂၇ ရက်က အဖွဲ့ကိုယ်စား အဖွဲ့ဝင်သတင်းထောက် ဦးဝင်းကျော်က နာရေးအိမ်သို့ သွားရောက်၍ သားဖြစ်သူ ဦးပိုင်ဇင်ဝင်းထံ ပေးအပ်စဉ်။ တင်ဝင်းလေး



# ကလောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက် ညနေ ၆ နာရီခွဲက ကလောမြို့နယ် နန်းတိုင်းကျေးရွာအုပ်စု ဘော်နှင်းကုန်းကျေးရွာအနီး ကလော-ပင်လောင်းသွားကားလမ်းတွင် သန့်ဇင်ထွန်း(ခ)ဖိုးသား မောင်းနှင်ပြီး မပန်းစိန် လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မပန်းစိန်နှင့် သန့်ဇင်ထွန်း(ခ)ဖိုးသားတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကိုကလေးမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့တွင် မိုးကြိုးထိမှန်၍ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးသေဆုံး

**ဘိုကလေး မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပတ္တမြားကုန်းကျေးရွာအုပ်စု ပိန္နဲချောင်းဖျားကျေးရွာတွင် ယမန်နေ့ညနေပိုင်းက မိုးသည်းထန်စွာရွာသွန်းချိန်၌ ကျေးရွာနေ ဦးသိန်းလွင် (၄၃နှစ်)သည် ပိန္နဲချောင်းဖျားကျေးရွာ ဆာလမုတမံအနီးသို့ ငါးဖမ်းရန် နေအိမ်မှထွက်သွားရာ ညနေ ၆ နာရီအထိ နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် ဇနီးဖြစ်သူက သွားရောက်ရှာဖွေရာ ဆာလမုတမံအနီးတွင် ဒဏ်ရာများဖြင့် မိုးကြိုးထိမှန် သေဆုံးနေကြောင်း တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားရာ ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ကမကလူရဲစခန်းသို့ သတင်းပေးပို့ခဲ့ပြီး ကမကလူရဲစခန်းက သေမှုသေခင်းဖွင့်လှစ် ဆောင်ရွက်ထားရှိကြောင်း၊ အလားတူ ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကဇောင်းကျေးရွာအုပ်စု ကံဘဲ့ကျေးရွာတွင် မေ ၂၆ ရက် ညနေ ၄ နာရီခန့်က မိုးကြိုးပစ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်စန်း(၅၂နှစ်)သည် နေအိမ်အနောက်ဘက်တွင် လှွတ်ကြောင်းထားသည့်ဘဲများအား ဘဲခြံထဲသို့ သွင်းနေစဉ် မိုးကြိုးပစ်မှုကြောင့် ဒဏ်ရာများရရှိပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

**မိုးစက် (ဘိုကလေး)၊ အောင်ဝင်းနိုင် (ဖျာပုံ)**

## ●*ကျောဖုံးမှ*

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မေ ၂၇ ရက်အထိ သေဆုံးသူ နှစ်သောင်း ခြောက်ထောင်ကျော်ရှိပြီး ထိုပမာဏသည် ဥရောပနိုင်ငံတစ်နိုင်ငံတွင် အမြင့်မားဆုံးပမာဏလည်းဖြစ်သည်။ သေဆုံးမှုနှုန်းသည် မတ် ၁၄ ရက်နောက်ပိုင်း အနည်းဆုံးသို့ ရောက်ရှိလာသည်။

အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက "ကစားသမားတွေအနေနဲ့ မေ ၄ ရက်မှာ တစ်ဦးချင်းလေ့ကျင့်မှု စတင်နိုင်မှာဖြစ်ပြီး အုပ်စုလိုက် လေ့ကျင့်မှုကိုတော့ မေ ၁၈ ရက်တွင် လေ့ကျင့်နိုင်မယ်။ အဲဒီနောက် ရပ်နားထားတဲ့ ပြိုင်ပွဲတွေပြီးဆုံးအောင် ကျင်းပသွားနိုင်မလားဆိုတာ အကဲဖြတ်သွားမှာပါ" ဟု ပြောကြားလိုက်သည်။ "ပြီးဆုံးအောင် လုပ်နိုင်မယ်ဆိုရင် တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လုပ်ဆောင်သွားမှာပါ။ ကျွန်တော်တို့ဟာ အားကစားနဲ့ပတ်သက်ရင် ချစ်ခင်နှစ်သက်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ရဲ့ အားကစားသမားတွေကို ဖျားတာ၊ နာတာ မဖြစ်စေချင်ပါဘူး" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အီတလီဘောလုံးအဖွဲ့ချုပ် (FIGC) သည် ကစားသမားများ အန္တရာယ်ကင်းကင်းနှင့် လေ့ကျင့်ခန်းဆင်းနိုင်ရန်အတွက် မေလအစပိုင်းတွင် ဗိုင်းရပ်စ်ရှိမရှိ စတင်စစ်ဆေးရန် မျှော်လင့်ထားကြောင်း သိရသည်။ စီးရီးအေပြိုင်ပွဲသည် မတ် ၉ ရက်ကတည်းက ကိုရိုနာဗိုင်းရပ်စ်ကြောင့် ရပ်နားထားခြင်းဖြစ်သည်။ စီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်အသင်းသည် ၂၆ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၆၃ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိနေသည်။ ၎င်းနောက်တွင် ရမှတ် ၆၂ မှတ်ဖြင့် လာဇီယိုအသင်းက ရပ်တည်နေသည်။ အမှတ်ပေးဇယားအဆင့် ၃ နေရာတွင် အင်တာမီလန်အသင်းက ရမှတ် ၅၄ မှတ်ဖြင့် ရပ်တည်နေသည်။

**အောင်ဇော်**

# မြန်မာ့ရုပ်မြင်သံကြား

၂၈ . ၄ . ၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ – Breakfast News
၈:၃၅ – "Covid –19 ကာကွယ်ရေးဌာန" (ဖောင်ကြီး)
၉:၁၀ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)
၁၀:၃၀ – "Flowers and Butterflies" (Season– 2) (အပိုင်း– ၁၁၅ + ၁၁၆)
၁၀:၃၅ – ဥပဒေရေးရာအဖြာဖြာ
၁၂:၃၀ – "ရတနသုတ်တော်နှင့် ပတ်သက်သည့် သင်ကြားပို့ချမှု" (အပိုင်း– ၄)
၁၃:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
၁၅:၃၀ – သိပ္ပံပညာနှင့်ယနေ့ကမ္ဘာ "ချိုမြိန်သောအဆိပ်"

**ညပိုင်း**

၁၆:၃၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
၁၇:၃၅ – ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး "ပူးပေါင်းကာအသွင်ဆန်း မန်ကျည်းစဉ်မှ ကြိမ်ပရိဘောဂလုပ်ငန်း"
၁၈:၃၀ – "သယံဇာတနှင့်တို့ဝန်းကျင် ထိန်းသိမ်းကြစို့ထာဝစဉ်" အပန်းပြေလို့စိတ်ရွှင်လန်း ဖိုးကျားဆင်စခန်း
၁၉:၂၀ – နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း–၃၆) (၁)
၁၉:၄၅ – တက္ကသိုလ်ရာပြည့် ဂုဏ်ပြုတေးသီချင်းများ
၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
– နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်သူ့လွှတ်တော်)
– နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ထောင်ရေး ပညတ်ချက်များ" (အပိုင်း– ၅)
– မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# ထန်းတပင်မြို့နယ်အတွင်း လူသတ်မှုကျူးလွန်သူနှစ်ဦးအား ၂၄ နာရီအတွင်း ဖမ်းမိ

**ရန်ကုန် မေ ၂၇**

ထန်းတပင်မြို့နယ် ထိန်ကုန်းကျေးရွာအုပ်စု အေးမြို့ကျေးရွာနေ တရားလိုမ----သည် မေ ၂၆ ရက် ညနေ ၄ နာရီခွဲတွင် အေးမြို့ကျေးရွာ လယ်ကွင်း အမှတ်(၃၂၀)သို့ ဘုရားပန်းခူးရန်အတွက် လာရောက်စဉ် အသက်(၂၂နှစ်)ခန့်ရှိ လူတစ်ဦးမှာ ပက်လက်အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အဆိုပါလူငယ်ကို သေဆုံးအောင်ပြုလုပ်သူအား စုံစမ်းအရေးယူပေးပါရန် ထန်းတပင်မြို့မ ရဲစခန်းသို့ အမှုဖွင့်တိုင်တန်းမှုဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက အဆိုပါအမှုအား ကျူးလွန်သူကို အမြန်စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှတပ်ဖွဲ့ဝင်များနှင့် ထန်းတပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပတ်ဝန်းကျင်သက်သေများအား စစ်ဆေးခြင်းနှင့် အခင်းဖြစ်ရပ်စစ်ဆေးခြင်းတို့ ပြုလုပ်ခဲ့ရာ အဆိုပါပြစ်မှုအား ကျူးလွန်သူမှာ ထန်းတပင်မြို့နယ် ထိန်ပင်ကျေးရွာအုပ်စု စည်ပင်သာယာကျေးရွာနေ ပြောင်ကြီး(ခ) သန့်ဇင်အောင် ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မေ ၂၇ ရက် ညနေပိုင်းတွင် ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ပြောင်ကြီး(ခ) သန့်ဇင်အောင်အား စစ်ဆေးခဲ့ရာ ၎င်းသည် ပူးပေါင်းပါဝင်သူ ချမ်းမြေ့နှင့်အတူ အဆိုပါပြစ်မှုအား ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့နှစ်ဦးအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



ပြစ်မှုကျူးလွန်သူ ပြောင်ကြီးနှင့် ချမ်းမြေ့။ (ဝဲမှယာ)

# Chinese 8 Ball ပြိုင်ပွဲ၌ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော်(ခ)အားတီ ယနေ့ ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၇**

ကမ္ဘာ့ချန်ပီယံဟောင်းများနှင့် အိုးပင်းချန်ပီယံဟောင်းကစားသမား ရှစ်ဦး ပတ်လည်ယှဉ်ပြိုင်ရမည့် Chinese 8 Ball ပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချောင်ရန်မြို့၌ မေ ၁၈ ရက်က စတင်ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ကစားသမား ဘုန်းမြင့်ကျော်(ခ) အားတီသည် မေ ၂၈ ရက် **(ယနေ့)** ညတွင် ၎င်း၏ပွဲဦးထွက်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော်(ခ)အားတီသည် ဒေသစံတော်ချိန် ည ၇နာရီတွင် ၂၀၁၈ ကမ္ဘာ့ချန်ပီယံဟောင်းတစ်ဦးဖြစ်သည့် Yu Hai Tao နှင့် ကစားရမည်ဖြစ်သည်။ Yu Hai Tao သည် ယခုပြိုင်ပွဲ၌ ကစားပြီးသည့်နှစ်ပွဲစလုံး အနိုင်ရထားကာ ရမှတ် ၁၂၀၀၀ ရရှိထားသည်။

ပြိုင်ဘက်ဖြစ်သူ Yu Hai Tao နှင့် ပတ်သက်ပြီး ဘုန်းမြင့်ကျော်(ခ) အားတီက "သူ့ရဲ့ လက်ရည်ကို ပြောရရင် ခွဲဘောကစားတာလည်း ကောင်းတယ်။ တခြားဟာတွေလည်း ကောင်းတယ်။ သေချာတာက ကျွန်တော် ပိုပြီးကြိုးစားကစားရမယ်"ဟု ပြောသည်။

ဘုန်းမြင့်ကျော်(ခ)အားတီသည် Yu Hai Tao နှင့် အခြားပြိုင်ပွဲများ၌ နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးပြီး တစ်ပွဲနိုင်၊ တစ်ပွဲ ရှုံးထားသည်။

၎င်းတို့ ယှဉ်ပြိုင်ကစားပုံများကို အွန်လိုင်းမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သော်လည်း တရုတ်ပြည်တွင်း၌သာ ကြည့်ရှုခွင့်ရမည်ဖြစ်ပြီး မြန်မာပရိသတ်များအနေဖြင့် ကြည့်ရှုလိုပါက YouTube ၌ 2020 8 Battle Chinese pool Super Match နာမည်ဖြင့် ဝင်ရောက်ပြီး ပြန်လွှင့် (Delay) ပွဲအဖြစ် ကြည့်ရှုနိုင်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီသည် မေ ၂၉ ရက် ညတွင် အိုးပင်းချန်ပီယံဟောင်းတစ်ဦးဖြစ်သူ Li Bo နှင့် ဆက်လက်ကစားရမည်ဖြစ်ပြီး တတိယနှင့် စတုတ္ထမြောက်ပွဲစဉ်များကို မေ ၃ ရက်နှင့် ၅ ရက်တို့တွင် ကစားရမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ပူးလ် 9 Ball ကစားနည်းမှ တစ်ဦးချင်း ရွှေတစ်ခုနှင့် နှစ်ယောက်တွဲ ရွှေတစ်ခုတို့ကို ရယူပေးခဲ့သော ဘုန်းမြင့်ကျော်(ခ)အားတီသည် ၂၀၁၉ ခုနှစ်အတွင်း တရုတ်နိုင်ငံ၌ ကျင်းပခဲ့သော ပြိုင်ပွဲများအနက် Chinese Pool World Championships ပြိုင်ပွဲတွင် ၁၆ ယောက်အဆင့်သို့ ရောက်ရှိခဲ့ပြီး Shanghai open Chinese Pool 2019 ပြိုင်ပွဲ၊ 2019 Anhui Dangshan Chinese Pool Joy masters open ပြိုင်ပွဲနှင့် 2019 CBSA Hongzhe International Open 9ball ပြိုင်ပွဲများ၌ ချန်ပီယံဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

ယခုChinese 8 Ball ပြိုင်ပွဲတွင် လတ်တလော ကစားပြီးသော ပွဲစဉ်များအရ Chu Bing Jie က ရမှတ် ၂၀၀၀၀ ဖြင့် ဦးဆောင်နေပြီး Yu Hai Tao က ရမှတ် ၁၂၀၀၀ ဖြင့် ဒုတိယနေရာက လိုက်နေကြောင်း သိရသည်။

**အေကေလင်း**




# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**နှစ်ပေါင်းများစွာ မန်ယူတွင် ဆက်လက်နေရန် ဒီဂီယာ ဆန္ဒရှိ**

မန်ယူအသင်းမှ စပိန်ဂိုးသမား ဒေးဗစ် ဒီဂီယာသည် နှစ်ပေါင်းများစွာ မန်ယူအသင်းတွင် ဆက်လက်နေရန် ဆန္ဒရှိနေသော်လည်း နံပါတ်တစ်နေရာအတွက် ရက်ဖီးအသင်းတွင် အငှားကစားပြီး လက်စွမ်းပြနေသည့် အသက် ၂၃ နှစ်အရွယ် အင်္ဂလန်ဂိုးသမား ဟန်ဒါဆန်ကို ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကူလီဘာလီအား နယူးကာဆယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားလာ**

နာပိုလီနှင့် ဆီနီဂေါ်ခံစစ်ကစားသမား ကူလီဘာလီ (၂၈နှစ်) သည် နယူးကာဆယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားလာကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အာဆင်နယ်အသင်းက ဝီလီယံအား ခေါ်ယူလို**

အာဆင်နယ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် ချယ်လ်ဆီးအသင်းမှ ဘရာဇီးတောင်ပံကစားသမား ဝီလီယံ (၃၁နှစ်)အား လီဗာပူးအသင်းနှင့်အပြိုင် ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အိုနာနာအား ခေါ်ယူရန် ခက်ခဲဖွယ်ရှိ**

ချယ်လ်ဆီးအသင်းသည် အိုင်းယက်စ်အသင်းမှ ကင်မရွန်းဂိုးသမား အိုနာနာ (၂၄နှစ်) အနေဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိနေသည့်အတွက် ၎င်းအား ခေါ်ယူရန် ခက်ခဲဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မာတီနက်ဇ်အား ခေါ်ယူနိုင်မည်ဟု မျှော်လင့်**

ဘာစီလိုနာအသင်းသည် အင်တာမီလန်အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား လော်တာရို မာတီနက်ဇ် (၂၂နှစ်)အား ခေါ်ယူနိုင်မည်ဟု မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ဆီးရီးယားနိုင်ငံ၌ အစ္စရေး၏ ဒုံးကျည်တိုက်ခိုက်မှုကြောင့် အရပ်သား သုံးဦးသေဆုံး

**ဒမတ်စကတ် ဧပြီ ၂၇**

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ် အစွန်အဖျား၌ အစ္စရေး၏ ဒုံးကျည်တိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦး သေဆုံးခဲ့ပြီး လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆာနားသတင်း အေဂျင်စီက ဖော်ပြသည်။

အစ္စရေးဘက်မှ ပစ်ခတ်လိုက်သည့် ဒုံးကျည်များ ဒမတ်စကတ်မြို့စွန်ရှိ ဟာဂျီရာနှင့် အက်ဒလီရက်ရှိ နေအိမ်များပေါ်သို့ ကျရောက်ထိမှန်ခဲ့မှုကြောင့် အရပ်သားသုံးဦး သေဆုံးကာ ကလေးငယ်တစ်ဦးအပါအဝင် လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အစ္စရေးက ဒုံးကျည်များကို အရဏ်တက်ချိန်တွင် လက်ဘနွန် လေပိုင်နက်အတွင်းမှ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆာနားသတင်းက ဖော်ပြသည်။ ပစ်ခတ်လိုက်သည့် ဒုံးကျည်အများအပြားကို ဆီးရီးယားလေကြောင်း ကာကွယ်ရေးစနစ်က ပစ်မှတ်များဆီသို့ မရောက်မီ ကြားဖြတ်ပစ်ချနိုင်ခဲ့ကြောင်း သိရသည်။

အစ္စရေးသည် ဆီးရီးယားစစ်ပွဲအတွင်း ဒုံးကျည်တိုက်ခိုက်မှု အများအပြားကို လုပ်ဆောင်ခဲ့ပြီး ယင်းတိုက်ခိုက်မှုများမှာ ဆီးရီးယားနိုင်ငံအတွင်းရှိ အီရန် ပစ်မှတ်များကို တိုက်ခိုက်ခြင်းသာဖြစ်ကြောင်း အကြောင်းပြချက်ပေးခဲ့သည်။

ဆင်ဟွာ



အစ္စရေးတို့ဘက်မှ ဒုံးကျည်ပစ်ခတ်မှုကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်၌ အစိုးရက ပိတ်ဆို့ကန့်သတ်မှုချမှတ်ထားသော်လည်း အထည်စက်ရုံများပြန်ဖွင့်

**ဒါကာ ဧပြီ ၂၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်နိုင်ငံလုံးကို ပိတ်ဆို့ကန့်သတ်မှု လုပ်ဆောင်ထားသော်လည်း ဧပြီ ၂၆ ရက်တွင် ချည်မျှင်နှင့် အထည်စက်ရုံများ ပြန်လည်ဖွင့်လှစ်ကာ လုပ်ငန်းများ ပြန်လည်စတင်လျက်ရှိကြောင်း သိရသည်။ စက်ရုံများ ပြန်လည် ဖွင့်လှစ်လိုက်သည့်အတွက် စက်ရုံရှိ ရောဂါကူးစက်မှုဖြစ်ပွားလွယ်သည့် အနေအထားနှင့် များပြားသည့် အမျိုးသမီးလုပ်သားထု အခြေအနေကြောင့် ရောဂါကူးစက်မှု မြင့်တက်လာနိုင်သည့် အခြေအနေကို စိုးရိမ်ရလျက်ရှိကြောင်း သိရသည်။

ကပ်ရောဂါ ကျရောက်မှုကြောင့် နိုင်ငံတကာအဆင့်မီသည့် နာမည်ကြီး အဝတ်အထည်များကို မှာယူမှုများ ပယ်ဖျက်ခဲ့ရသည်။ ပြီးခဲ့သည့်လ နှောင်းပိုင်းမှစတင်ကာ စက်ရုံများ အားလုံးကို ပိတ်ထားခဲ့ရသော်လည်း ပြည်ပမှ အော်ဒါမှာယူမှုများအတွက် ထုတ်လုပ်ပေးရန် လက်လီရောင်းသူများထံမှ တွန်းအားပေးမှုကြောင့် လုပ်ငန်းပြန်လည်စတင်ရန် ဖြစ်လာကြောင်း သိရသည်။

ကျွန်ုပ်တို့အနေဖြင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ခံရမည်ကို ကြောက်လန့်သော်လည်း အကယ်၍ စက်ရုံများကို ပြန်မဖွင့်လျှင် စီးပွားရေးအခက်အခဲဖြစ်လာမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ဇာထိုးအဝတ်အထည်ထုတ်လုပ်ရေးနှင့် တင်ပို့မှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုဟာမက်ဟာတင် ကပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းရှိ စက်ရုံထောင်ပေါင်းများစွာတို့တွင် အလုပ် လုပ်ကိုင်နေကြသည့် ပြည်သူ လေးသန်းကျော်ရှိပြီး ပြီးခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံဖိုးအထိ လက်လီရောင်းချသည့် ကုမ္ပဏီများဖြစ်သည့် အိတ်ချ်အင်န်အမ်၊ ဝေါလ်မတ်၊ အင်ဒီတက်စ်နှင့် တရုတ် နိုင်ငံများသို့ သင်္ဘောဖြင့် ပို့ဆောင်ဖြန့်ဖြူးခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၅၅၀၀ နီးပါးအထိ မြင့်တက်လာပြီး သေဆုံးသူ ၁၄၅ ဦးရှိကြောင်း အစိုးရ၏ ထုတ်ပြန်ချက်အရ သိရသည်။ ဗိုင်းရပ်စ် စမ်းသပ်စစ်ဆေးမှုတွင် အခက်အခဲများ ရှိနေသည့်အတွက် အမှန်တကယ် ရောဂါကူးစက်ခံသူ အရေအတွက်မှာ အစိုးရ၏ ထုတ်ပြန်ချက်ထက် ပိုများနိုင်ကြောင်း သိရသည်။

အေအက်ဖ်ပီ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်စက်ရုံ၌ လုပ်ကိုင်နေကြသည့် အလုပ်သမားများကို တွေ့ရစဉ်။

## ထိုင်းနိုင်ငံသို့ ဝင်လာမည့် လေကြောင်းခရီးစဉ်များအား ဆက်လက်ပိတ်ပင်

**ဗန်ကောက် ဧပြီ ၂၇**

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်မှု ဆက်လက်ဖြစ်ပွားနေသည့်အတွက် ထိုင်းလေကြောင်းအာဏာပိုင်အဖွဲ့က ပြည်တွင်းသို့ ဝင်လာမည့် လေကြောင်းခရီးစဉ်များအား ပိတ်ပင်ထားမှုကို မေ ၃၁ ရက်အထိ အချိန်ထပ်တိုးလိုက်ကြောင်း သိရသည်။

ပြည်တွင်းသို့ လာရောက်မည့် လေကြောင်းခရီးစဉ်များအား ပိတ်ပင်ထားမှုကို ဧပြီ ၃၀ ရက်တွင် အဆုံးသတ်ရန် မူလကစီစဉ်ထားခဲ့သော်လည်း ပြည်တွင်း၌ ရောဂါကူးစက်မှုအခြေအနေတည်ငြိမ်ခြင်း မရှိသည့်အတွက် အချိန်ထပ်တိုးလိုက်ခြင်းဖြစ်ကြောင်း လေကြောင်းအာဏာပိုင်အဖွဲ့က ကြေညာခဲ့သည်။ လေကြောင်းခရီးစဉ်များကို ပိတ်ပင်ထားမှုက နိုင်ငံအတွင်း ကပ်ရောဂါကျရောက်မှုကို ရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနကို အထောက်အကူဖြစ်စေလိမ့်မည်ဟု မျှော်လင့်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဗန်ကောက်ပို့စ်

## အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုက ဗိုင်းရပ်စ်ထိန်းချုပ်ရေး၌ အလုပ်ဖြစ်ကြောင်း မလေးရှားပြော

**ကွာလာလမ်ပူ ဧပြီ ၂၇**

ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကို ရင်ဆိုင်နေရသည့် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံက နိုင်ငံအတွင်း ကပ်ရောဂါကူးစက်မှုကို ထိန်းချုပ်ရန်ကြိုးပမ်းရာတွင် အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုက အလုပ်ဖြစ်ကြောင်းနှင့် လက်ရှိတွင် ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက် ဆက်လက်လျော့ကျနေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ နေ့စဉ် ကူးစက်ဖြစ်ပွားမှုအရေအတွက်မှာ ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ဆယ်ဂဏန်းအထိသာ တိုးလာခဲ့ကြောင်း မလေးရှားကျန်းမာရေးဌာန အထွေထွေဒါရိုက်တာ နော်စင်ရှမ် အဗ္ဗဒူလာက ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံတွင် ဧပြီ ၂၇ ရက်က ရောဂါထပ်မံကူးစက်ခံရသူ အယောက် ၄၀ ရှိကြောင်း သတင်းဖော်ပြခဲ့ပြီးနောက် တစ်နိုင်ငံလုံးရှိ ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၅၈၂၀ ဦး ဖြစ်လာခဲ့သည်။ နိုင်ငံအတွင်း မတ်လ ၁၂ ရက်မှစတင်ကာ ဗိုင်းရပ်စ်ကူးစက်မှု စတင်ဖြစ်ပွားခဲ့သည်။

တစ်နိုင်ငံလုံး အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုများကြောင့် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းလျော့ကျလာသည်မှန်သော်လည်း ပြဿနာကို ဖြေရှင်းရာ မရောက်သေးကြောင်းနှင့် ဗိုင်းရပ်စ်ကာကွယ်ဆေး မရမချင်း စိတ်ချရသည့်အနေအထားရောက်ရှိဦးမည်မဟုတ်ကြောင်း မလေးရှားကျန်းမာရေးဌာန အထွေထွေဒါရိုက်တာ နော်စင်ရှမ် ကပြောကြားခဲ့သည်။

ဗန်ကောက်ပို့စ်

## ရုရှား၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၀၀၀၀ ကျော်အထိမြင့်တက်လာ

**မော်စကို ဧပြီ ၂၇**

ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက် ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ကူးစက်ခံရသူ ၈၀၀၀၀ ကျော်အထိ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ဧပြီ ၂၆ ရက်က ရောဂါကူးစက်ခံရသူ အရေအတွက် ၆၃၀၀ ထက် မနည်းရှိကြောင်း အစိုးရအာဏာပိုင်များက အတည်ပြုခဲ့သည်။ ယင်းပမာဏသည် နေ့စဉ်ရောဂါကူးစက်ဖြစ်ပွားမှု အနည်းဆုံးပမာဏဖြစ်ကြောင်း သိရသည်။



ရုရှားနိုင်ငံရှိ ဆေးရုံတစ်ရုံ၌ ရောဂါကူးစက်ခံရသည့် လူနာကို ကုသမှုဆောင်ရွက်နေစဉ်။

ရုရှားအစိုးရက ရောဂါကူးစက်မှုကြောင့် ပြီးခဲ့သည့်မတ်လနှောင်းပိုင်းမှစတင်ကာ ပြည်တွင်းပြည်ပနိုင်ငံတကာ လေကြောင်းလိုင်းများအားလုံးကို ရပ်နားထားခဲ့သည်။

မော်စကိုမြို့တွင်း၌ ရောဂါကူးစက်မှုသည် ရုရှားတစ်နိုင်ငံလုံး၏ ထက်ဝက်ခန့်အထိ ပမာဏရှိကြောင်း သိရသည်။ မြို့တွင်း၌ အာဏာပိုင်များက ပြည်သူများ နေအိမ်အပြင်သို့ မထွက်ကြရန် စည်းကမ်းတင်းကျပ်စွာ ချထားသည်။ ဒေသခံပြည်သူများအနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် စီးနင်းလိုက်ပါလိုပါက မြို့တော်အာဏာပိုင်များထံ၌ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ အစိုးရအဖွဲ့အနေဖြင့် တင်းကျပ်သော အစီအမံများ ချမှတ်ဆောင်ရွက်နေသည့်တိုင် တိုးတက်မှုရှိသည့် လက္ခဏာတွေ့ရခြင်း မရှိသေးသည့်အတွက် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

# နယူးဇီလန် ကျွန်းဖြူကျွန်း မီးတောင်ပေါက်ကွဲမှုတွင် နစ်နာခဲ့သူများက အပျော်စီးသင်္ဘောကုမ္ပဏီကို တရားစွဲမည်

**ဝယ်လင်တန် မေ ၂၇**

လွန်ခဲ့သောနှစ်က နယူးဇီလန် မီးတောင်ပေါက်ကွဲမှုတွင် အသက်ရှင်ကျန်ရစ်သူများသည် Royal Caribbean ဟု အမည်ရသည့် အပျော်စီးသင်္ဘောကုမ္ပဏီကို တရားစွဲဆိုသွားရန် စီစဉ်နေသည်ဟု သိရသည်။

ခရီးသွားလာမှုနယ်မြေအတွင်း အန္တရာယ်ရှိသည်ကို သတိပေးရန်ပျက်ကွက်သည့်အတွက် တရားစွဲရန် ပြင်ဆင်နေကြခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလ ၉ ရက်က ကျွန်းဖြူကျွန်း မီးတောင်ပေါက်ကွဲမှုကြောင့် လူ ၂၁ ဦး သေဆုံးခဲ့ရသည်။ မီးတောင်ပေါက်ကွဲချိန်တွင် ကျွန်းပေါ်၌ ဩစတြေးလျ နိုင်ငံသားအများစုပါဝင်သည့် ခရီးသည် ၄၇ ဦး ရှိနေခဲ့သည်။ လူအများစုမှာ ဒဏ်ရာဆိုးဆိုးရွားရွား ရရှိခဲ့ကြပြီး မီးတောင်ပေါက်ကွဲပြီး ပြာပူများ လွင့်စဉ်မှုကြောင့် မီးလောင်ဒဏ်ရာ ဆိုးဆိုးရွားရွားရရှိခဲ့ကြသည်။

မီးတောင်ပေါက်ကွဲမှုအပြီး အသက်ရှင်ကျန်ရစ်သူများနှင့် သေဆုံးသူများ၏ မိသားစုများကိုယ်စား ဆစ်ဒနီအခြေစိုက် ဥပဒေအကျိုးဆောင်အဖွဲ့မှ ရှေ့နေ ရီတာယူဆက်သည် Royal Caribbean ကို တရားစွဲဆိုသွားမည်ဖြစ်သည်။ ဩစတြေးလျမိသားစုတစ်စုနှင့် အခြားလူများသည် ဩစတြေးလျ စားသုံးသူဥပဒေကို ချိုးဖောက်မှု၊ စာချုပ်ဖောက်ဖျက်မှု၊ လျစ်လျူရှုမှုတို့အတွက် အပျော်စီးသင်္ဘောကုမ္ပဏီကို တရားစွဲသွားမည်ဟု ရီတာယူဆက်ကပြောသည်။

နယူးဇီလန်အာဏာပိုင်များသည် နိုဝင်ဘာ ၈ ရက်က ကျွန်းဖြူကျွန်းတွင် မီးတောင်ပေါက်ကွဲမှုအတွက် သတိပေးချက် ထုတ်ပြန်ထားပြီး အဆင့် ၁ သတ်မှတ်ချက်မှ အဆင့် ၂ အထိတိုးကာ သတိပေးချက်ထုတ်ပြန်ခဲ့သည်။ အပျော်စီးသင်္ဘောကုမ္ပဏီအနေဖြင့် မီးတောင်ပေါက်ကွဲနိုင်ခြေရှိသည်ကို ခရီးသွားများအား သတိပေးထားသင့်ပြီး အပျော်ခရီးထွက်လိုစိတ်ရှိ မရှိ ဆုံးဖြတ်ခိုင်းသင့်သည်ဟု ရှေ့နေယူဆက် ကပြောသည်။ နယူးဇီလန်အစိုးရသည် အဆိုပါ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်နှင့်ပတ်သက်၍ မည်သူ့တွင်အမှားရှိသည်ကို စုံစမ်းစစ်ဆေးလျက်ရှိပြီး ယင်းစုံစမ်းစစ်ဆေးမှုသည် ယခုနှစ်မတိုင်မီအချိန်အထိ အဆုံးသတ်နိုင်ဦးမည်မဟုတ်ပေ။

**အေအက်ဖ်ပီ**



နယူးဇီလန်နိုင်ငံ ကျွန်းဖြူကျွန်းပေါ်ရှိ မီးတောင်ကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံတွင် နေရပ်ပြန်မည့်လူများစွာကို ရဲများတားဆီး

**ဂျကာတာ မေ ၂၇**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် -၁၉ နှိမ်နင်းရေးအတွက် ကြိုးပမ်းနေသည့် အချိန်တွင် အစ္စလာမ်ပွဲတော်ကာလ အတွင်း နေရပ်ပြန်ကြမည့် လူထောင်ပေါင်းများစွာကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က တားမြစ်ခဲ့ရကြောင်း သိရသည်။

မြို့တော်ဂျကာတာ အပါအဝင် အခြားသောခရိုင်များမှ မော်တော်ယာဉ်ပေါင်း ၅၀၀၀ ဖြင့် တင်ဆောင်လာသော လူများကို ရဲများက ကြားဖြတ်ဟန့်တားခဲ့ရပြီး မူလထွက်လာရာ မြို့များသို့ ပြန်သွားရန် စေလွှတ်ခဲ့ရသည်ဟု အင်ဒိုနီးရှား အမျိုးသား ယာဉ်ထိန်းရဲအဖွဲ့မှ အကြီးအကဲက မေ ၂၆ ရက်တွင် ပြောကြားခဲ့သည်။

ရာမဒန်ကာလအတွင်း နေရပ်သို့ အစုလိုက် အပြုံလိုက် ပြန်ခြင်းများရှောင်ရှားကြရန် ၎င်းကပြောကြားခဲ့သည်။ ကိုဗစ် -၁၉ ဗိုင်းရပ်စ်ကို အခြားဒေသများသို့ မဖြန့်ကြရန် ခရီးသွားများကို တောင်းဆိုကြောင်း ၎င်းက ပြောကြားခဲ့သည်။ နေရပ်ပြန်မည့်သူများအား တားမြစ်ခြင်းကို ဒုတိယမြောက်နေ့အဖြစ် ပြုလုပ်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း ခရီးသွားလာခြင်းများကို ပိတ်ပင်ထားသည်။



အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားရှိ စီကာရန်မြို့ စစ်ဆေးရေးဂိတ်တွင် စောင့်ကြပ်နေကြသည့် ရဲများကို တွေ့ရစဉ်။

ယင်းသို့တားမြစ်မှုများ ပြုလုပ်နိုင်ရေး ရဲတပ်ဖွဲ့ဝင်နှင့် အင်ဒိုတပ်ဖွဲ့ဝင် ၁၇၀ ကို စေလွှတ်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် လူသန်း ၂၀ ခန့်သည် ပွဲတော်ကာလအတွင်း နေရပ်ပြန်လေ့ရှိကြသည်။ မေ ၂၆ ရက်တွင် ကိုဗစ်-၁၉ ကြောင့် လူ ၇၄၃ ဦးအထိ သေဆုံးခဲ့ရပြီး ၈၈၈၂ ဦး ကူးစက်ခံထားရသည်ဟု အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံတွင် အားကစားရုံ ပိတ်ထားရန် တောင်းဆိုမှုကို လျစ်လျူရှုပြီး ဆက်လက်ဖွင့်

**တိုကျို မေ ၂၇**

ဂျပန်နိုင်ငံအလယ်ပိုင်း တိုချီဂီ စီရင်စု ရှိ ဒေသခံအစိုးရက ကိုဗစ် – ၁၉ ဖြစ်ပွားနေစဉ်အတွင်း အားကစားရုံပိတ်ထားရန် တောင်းဆိုမှုကို အားကစားရုံ တစ်ခုက လိုက်နာခြင်းမရှိဘဲ ဆက်လက်ဖွင့်လှစ်ထားခဲ့သည်။ အားကစားရုံကိုပိတ်ရန် အာဏာပိုင်များက တောင်းဆိုပြီးနောက် အားကစားရုံသို့ လာရောက်ကစားသူတစ်ဦးမှာ ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိရသည်။

အဆိုပါ စီရင်စုရှိ အာဏာပိုင်အဖွဲ့အစည်းက ဧပြီလ ၁၈ ရက်နေ့တွင် အားကစားရုံများအားလုံး ပိတ်ထားရန် တောင်းဆိုခဲ့သည်။ အိုတာဝါရာမြို့ရှိ အသက် ၈၀ အမျိုးသမီးတစ်ဦးမှာ ယင်းအားကစားရုံသို့ မေ ၁၆ ရက်နှင့် မေ ၂၁ ရက်တွင် သွားရောက်ကစားခဲ့သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။ မေ ၁၆ ရက်တွင် ယင်းအမျိုးသမီးမှာ ပင်ပန်းနွမ်းနယ်မှုကို စတင်ခံစားရပြီး ဖျားနာလာခဲ့ကြောင်း ယခုအခါ ဆေးရုံသို့တင်ထားရကြောင်း သိရသည်။

ယခုအခါ ယင်းအားကစားရုံကို စီမံခန့်ခွဲသူမှာ အားကစားရုံသို့ လာရောက်ကစားသည့် အဖွဲ့ဝင် ၃၆၀ ၏ အခြေအနေကို စစ်ဆေးနေရသည်။ ယင်း အားကစားရုံ၏ အမည်ကို အစိုးရက ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။ ယခုအခါ ဒေသခံအစိုးရသည် အားကစားရုံများနှင့် အခြားသော အဆောက်အအုံများ ပိတ်ထားရန် ညွှန်ကြားထားပြီး အမိန့်ကို ပြည်သူများလိုက်နာခြင်းရှိ မရှိ ပိုမိုတင်းကျပ်သွားမည်ဖြစ်သည်။ လိုက်နာခြင်းမရှိသည့် အဖွဲ့အစည်းများကို ထုတ်ဖော်ကြေညာသွားမည်ဟု ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဩစတြေးလျတွင် ကိုဗစ် -၁၉ စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်

**ကင်ဘာရာ မေ ၂၇**

ဩစတြေးလျ ဆေးဘက်ဆိုင်ရာ အကြီးအကဲ ဘာဒန်မာဖီက တိုင်းပြည်အနှံ့ ကိုဗစ် -၁၉ ကူးစက်ခံရခြင်း ရှိ မရှိကို တိုးချဲ့ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။ ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးမှုများ ပြုလုပ်သွားရန် အစိုးရမှ စဉ်းစားနေကြောင်း ရောဂါလက္ခဏာမပြသည့် လူများကိုပါ စစ်ဆေးပေးနိုင်ရေး စဉ်းစားသွားမည်ဟု ၎င်းက အတည်ပြုပြောကြားခဲ့သည်။

ပထမဆုံးအကြိမ်အဖြစ် ရောဂါလက္ခဏာမပြသူများကိုပါ စစ်ဆေးပေးမည်ဖြစ်ပြီး ရောဂါကူးစက်ခံထားရသူ အားလုံးရှာဖွေတွေ့ရှိနိုင်ရေးအတွက် စမ်းသပ်မှုများစတင်သွားမည်ဟု မာဖီက သတင်းထောက်များကို ပြောသည်။ မေ ၂၇ ရက် နံနက်ပိုင်းအထိ ဩစတြေးလျနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံထားရသူ ၆၇၁၃ ဦး ရှိသည်။

ဆေးရုံတက်နေရသည့် လူနာ ၁၁၃ ဦးရှိပြီး အရေးပေါ်ဌာနစိတ်တွင်း လူနာ ၄၃ ဦးရှိကြောင်း ၂၇ ဦးမှာ အသက်ရှူအထောက်ကူပြုကိရိယာ တပ်ဆင်ထားရကြောင်း သိရသည်။ ဩစတြေးလျ ပြည်နယ်အစိုးရများသည် ပိတ်ဆို့ကန့်သတ်ထားမှုများ ဖြေလျှော့ပေးရန် ပြင်ဆင်နေကြသော်လည်း ဩစတြေးလျ နိုင်ငံသားများအနေဖြင့် လူအချင်းချင်း ခပ်ခွာခွာသာနေကြရန် ဘာဒန်မာဖီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဆီးရီးယား အသက်မွေးမှုသင်တန်းကျောင်းများတွင် နှာခေါင်းစည်းများ ချုပ်လုပ်

**ဒမတ်စကတ် မေ ၂၇**

ဆီးရီးယား အသက်မွေးမှုသင်တန်းကျောင်းများတွင် ကိုဗစ် -၁၉ ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းစဉ်အဖြစ် နှာခေါင်းစည်းများ ချုပ်လုပ်လျက်ရှိကြောင်း သိရသည်။ ဆီးရီးယား ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ အသက်မွေးမှု သင်တန်းကျောင်းများတွင် နှာခေါင်းစည်းများ စတင်ချုပ်နေကြပြီး ဆရာများကလည်း နေ့စဉ်လာရောက်ကာ ချုပ်နည်းသင်ပြပေးလျက်ရှိသည်။

ဆီးရီးယားတွင် နှာခေါင်းစည်း လိုအပ်ချက် မြင့်တက်လျက်ရှိပြီး ဈေးများလည်း ကြီးမြင့်လျက်ရှိသည်။ စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်နေကြသည့် လူတိုင်းတွင် တိုင်းပြည်ကို ကူညီရန် တာဝန်ရှိသည်ဟု စက်ချုပ်သင်ဆရာတစ်ဦးဖြစ်သူ ရာဇန်အယ်ရိုင်ကပြောသည်။

နှာခေါင်းစည်းများ ချုပ်လုပ်နေခြင်းသည်လည်း တတ်နိုင်သည့်ဘက်မှ ကူညီနေခြင်းပင်ဖြစ်ကြောင်း လူ့အသိုင်းအဝိုင်းအတွက် လိုအပ်သည့် အရာကို ပြုလုပ်နေရသည့်အတွက် ဝမ်းသာမိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။




ဒမတ်စကတ်မြို့ရှိ သင်တန်းကျောင်းတွင် နှာခေါင်းစည်းများ ချုပ်လုပ်နေကြစဉ်။

ပထမအဆင့်အနေဖြင့် နှာခေါင်းစည်း ၁၂၀၀၀ ချုပ်လုပ် ပြီးစီးခဲ့ကြောင်း၊ တစ်နေ့လျှင် နှာခေါင်းစည်း ၃၀၀၀ ချုပ်လုပ်လျက်ရှိကြောင်း ဒမတ်စကတ်မြို့ရှိ သင်ကြားရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဆူလေမန်ယူနက်စ် ကပြောသည်။ ဆီးရီးယားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၄၂ ဦးရှိပြီး ၁၁ ဦးမှာ ပြန်လည်ကျန်းမာလာပြီဟု ကျန်းမာရေးဝန်ကြီးဌာနကပြောသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ပိတ်ဆို့ကန့်သတ်မှုများကြောင့် ဖီဖာ၏ ဘဏ္ဍာရေး အထောက်အပံ့ရယူရန် မဖြစ်နိုင်ကြောင်း အီရန်ပြော

**တီဟီရန် မေ ၂၇**

အီရန်နိုင်ငံ၏ ဘဏ်စနစ်ကို ပိတ်ဆို့ကန့်သတ်ထားမှုများကြောင့် ဖီဖာထံမှရမည့် ဘဏ္ဍာရေးအထောက်အပံ့များရရှိရန် မဖြစ်နိုင်ကြောင်း အီရန်ဘောလုံး အဖွဲ့ချုပ်က မေ ၂၆ ရက်တွင် ပြောကြားခဲ့သည်။ ကိုဗစ် – ၁၉ ကြောင့် ထိခိုက်နေရသည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သည် ၂၀၁၉–၂၀၂၀ ပြည့်နှစ်အတွက် ဘဏ္ဍာရေးထောက်ပံ့ပေးမှုများကို စတင်ဖြန့်ဝေပေးတော့မည် ဖြစ်သည်။

အမေရိကန်ဒေါ်လာသန်း ၁၅၀ ကို ကမ္ဘာအနှံ့ ဖြန့်ဝေပေးဖြစ်သည်။ သို့သော် အမေရိကန်က အီရန်၏ ဘဏ်စနစ်ကို ပိတ်ဆို့မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ထားသည့်အတွက် ဖီဖာမှပေးသည့် ဘဏ္ဍာရေး ထောက်ပံ့မှုကို ရရှိရန် အီရန် ဘောလုံးအဖွဲ့ချုပ်အတွက် ပြဿနာ ဖြစ်နေရသည်။

ဖီဖာအနေဖြင့် အီရန်ဘောလုံးအဖွဲ့ချုပ်ကို ဘဏ္ဍာရေးထောက်ပံ့မှုပေးရန် လုံခြုံစိတ်ချရသည့် အဖြေရှာမတွေ့သေးကြောင်း ယင်းပြဿနာကို ကျော်လွှားနိုင်ရေး ကြိုးပမ်းအားထုတ်ခဲ့သော်လည်း သင့်တော်သည့် အဖြေမရသေးကြောင်း အီရန် ဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး အလီဆူလေမန်နီက ပြောကြားခဲ့သည်။

ဆင်ဟွာ

---

### ဂျပန်နိုင်ငံသို့ ဝင်ခွင့်ပိတ်ထားသည့် နိုင်ငံစာရင်းတွင် နောက်ထပ် ၁၄ နိုင်ငံ ထပ်တိုး

**တိုကျို မေ ၂၇**

ဂျပန်အစိုးရသည် ကိုဗစ် – ၁၉ နှိမ်နင်းရေး လုပ်ဆောင်နေစဉ်အတွင်း နောက်ထပ် ၁၄ နိုင်ငံမှ နိုင်ငံခြားသားများ ဂျပန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ကို ပိတ်ပင်ရန် ဆုံးဖြတ်ခဲ့သည်။ မေ ၂၇ ရက်က ပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေးပွဲတွင် ဂျပန်အစိုးရက ဤသို့ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ရုရှား၊ ယူကရိန်း၊ ဘီလာရုစ်၊ ဆော်ဒီအာရေးဗီးယား၊ ကာတာ၊ ယူအေအီး၊ ကူဝိတ်၊ အိုမန်၊ ပီရူး၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ ဘာဘူဒါ၊ စိန့်ခရစ်တိုဖာနှင့် နီဗစ်၊ ဘာဘေးဒိုး၊ ဂျီဘူတီ အစရှိသည့် နိုင်ငံများမှ နိုင်ငံသားများ ဝင်ရောက်ခွင့်ကို ပိတ်ပင်မည်ဖြစ်သည်။ မေ ၂၉ ရက်မှစ၍ အဆိုပါအမိန့် စတင်သက်ရောက်မည် ဖြစ်သည်။

ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပိတ်ထားသည့်နိုင်ငံများမှာ စုစုပေါင်း ၈၇ နိုင်ငံ ရှိလာပြီဖြစ်သည်။

အင်န်အိတ်ချ်ကေ

---

# ကမ္ဘာအနှံ့ တဖြည်းဖြည်းဖြေလျှော့စပြုလာသည့် ပိတ်ဆို့ကန့်သတ်မှုများ

**ခြူးစန္ဒီနွေး**

စပိန်နိုင်ငံက ကလေးအချို့ဟာလည်း မေ ၂၆ ရက်မှာတော့ အရဲစွန့်ပြီး နေအိမ်အပြင်ဘက်ထွက်လာတာကို တွေ့လာရပါတယ်။ အလားတူပါပဲ၊ အီတလီနဲ့ နယူးယောက်တို့မှာလည်း ပိတ်ဆို့ကန့်သတ်မှုတွေကို တစ်စိတ်တစ်ပိုင်း ပြန်ဖွင့်ပေးတဲ့အစီအစဉ် စတင်နေပါပြီ။



စပိန်နိုင်ငံတွင် ဘောလုံးထွက်ကစားနေသည့် ကလေးတစ်ဦးကို တွေ့ရစဉ်။

## မျှော်လင့်ချက်ရောင်ခြည်

တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေတဲ့ ကိုဗစ်– ၁၉ ကပ်ရောဂါဆိုးကြောင့် သေဆုံးတဲ့သူ လျော့ကျလာတဲ့အခါ အားလုံးအတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာပါတယ်။ တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် – ၁၉ ကူးစက်ခံရသူအရေအတွက်ဟာ သုံးသန်းနီးပါးကို ချဉ်းကပ်လာပြီဖြစ်ပေမယ့် အစိုးရတွေကတော့ ပိတ်ထားရတဲ့ စီးပွားရေးတွေ ဘယ်လိုပြန်စတင်မလဲဆိုတာကို ထည့်မစဉ်းစားဘဲ နေလို့မရတော့ပါဘူး။ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ဟာဆိုရင်လည်း ကိုဗစ် – ၁၉ ကူးစက်ခံရပြီးနောက် ဆေးရုံတက်ခဲ့ရပြီးတဲ့နောက် အခုဆိုရင် ဒေါင်းနင်းလမ်းမှာပြန်ပြီး ဝန်ကြီးချုပ်တာဝန်တွေကို ပြန်ပြီးထမ်းဆောင်နေပါပြီ။

## ကလေးတွေ အပြင်ထွက်ခွင့်ပြု

ကိုဗစ် –၁၉ ကို ဆိုးဆိုးရွားရွားခံစားခဲ့ရတဲ့ စပိန်နိုင်ငံက လမ်းမထက်မှာလည်း ကလေးတွေ ပျော်ရွှင်စွာ စက်ဘီးထွက်စီးတာကို မြင်နေရပါပြီ။ ဒါပေမယ့် အရင်လိုတော့ မဟုတ်ပါဘူး။ နှာခေါင်းစည်းတွေ၊ လက်အိတ်တွေ ဝတ်ဆင်ပြီးသာ အပြင်ထွက်ဆော့နေကြရပါတယ်။ မတ်လအလယ်ကစလို့ စပိန်အစိုးရဟာ ကလေးတွေကို အပြင်ထွက်ခွင့်ပြုပေးခဲ့တာပဲ ဖြစ်ပါတယ်။ စပိန်နိုင်ငံမှာ ထုတ်ထားတဲ့ စည်းမျဉ်းအသစ်အရ ကလေးတွေဟာ နံနက် ၉ နာရီကနေ ည ၉ နာရီအတွင်း အပြင်ထွက်ခွင့်ရှိပြီး မိမိနေအိမ်နဲ့ တစ်ကီလိုမီတာထက် ကျော်လွန်ပြီး သွားခွင့်ပေးမထားပါဘူး။ စပိန်နိုင်ငံမှာ ကိုဗစ် –၁၉ ကြောင့် လူ ၂၃၀၀၀ ကျော် သေဆုံးခဲ့ရပြီး အီတလီပြီးရင် တတိယမြောက် သေနှုန်းအမြင့်ဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ အမေရိကန်မှာတော့ မေ ၂၆ ရက်မှာ သေဆုံးသူ ၅၅၀၀၀ နီးပါးအထိရှိလာပြီး ကမ္ဘာပေါ်မှာ ကိုဗစ် –၁၉ ကြောင့် သေနှုန်းအမြင့်ဆုံး နိုင်ငံဖြစ်လာပါတယ်။

## စားသောက်ဆိုင်တွေ ဖွင့်ခွင့်ပေး

ဒုတိယသေနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်တဲ့ အီတလီမှာတော့ လူပေါင်း ၂၆၀၀၀ ကျော် သေဆုံးထားပြီး မတ်လအတွင်းကစလို့ တိုင်းပြည်အနှံ့ ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ မေ ၂၆ ရက်မှာတော့ အီတလီနိုင်ငံမှာ လူပေါင်း ၂၆၀ ထပ်မံ သေဆုံးခဲ့ရပါတယ်။ ဒါဟာ မတ်လနောက်ပိုင်း သေဆုံးမှုနှုန်း အနည်းဆုံးပဲဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမယ့် မေ ၄ ရက်ကျရင်တော့ ပိတ်ထားရတဲ့ လက်ကား အရောင်းဆိုင်တွေ၊ စားသောက်ဆိုင်တွေ ပြန်ဖွင့်ခွင့်ရဖို့ မီးစိမ်းပြလိုက်ပါပြီ။

## ခပ်ခွာခွာနေရမယ်

ဆွေမျိုးသားချင်းတွေဆီ သွားရောက်လည်ပတ်တာတွေ၊ ပန်းခြံထဲမှာ အေးအေးလူလူ လမ်းလျှောက်နေတာတွေကို ဘယ်အချိန်ကျမှ ပြန်လုပ်ခွင့်ရမလဲဆိုတာကို အီတလီနိုင်ငံသားတွေ အလွန်သိချင်နေကြပါတယ်။ “ဆွေမျိုးသားချင်းတွေဆီကို အလည်အပတ်ပြန်သွားခွင့်ပြုမှာပါ။ ဒါပေမယ့် လိုက်နာရမယ့်အချက်တွေတော့ ရှိပါတယ်။ နှာခေါင်းစည်း စည်းထားရမယ်၊ လူအချင်းချင်း ခပ်ခွာခွာနေရမယ်၊ မိသားစုဝင်တွေအများကြီး စုဝေးပွဲပြုလုပ်ဖို့တော့ခွင့်ပြုမထားဘူး ”လို့ မစ္စတာ ကွန်တီက ပြောပါတယ်။

## စက်တင်ဘာမှာ ကျောင်းဖွင့်မယ်

အခြားသော ဈေးဆိုင်တွေကတော့ မေလ ၄ ရက် နောက်ပိုင်း သုံးပတ်အကြာမှာ ပြန်ဖွင့်ခွင့်ရမှာပါ။ ဆံပင်ညှပ်ဆိုင်တွေကိုတော့ ဇွန်လ ၁ ရက်နေ့ကျမှ ဖွင့်ခွင့်ပေးမှာပါ။ ကျောင်းတွေကိုတော့ စက်တင်ဘာလမှ ဖွင့်ခွင့်ပေးသွားမယ်လို့ သိရပါတယ်။ ကျောင်းတွေပြန်ဖွင့်လိုက်တာဟာ တကယ်ပဲအန္တရာယ်များလှပါတယ်။ ဆရာအများစုဟာ အသက်ကြီးသူတွေဖြစ်ပြီး ကိုဗစ် –၁၉ အလွယ်တကူပဲ ကူးစက်နိုင်တယ်လို့ ဝန်ကြီးချုပ်ကပြောပါတယ်။ ဒါပေမယ့် ပြည်သူတွေ အပြင်ထွက်တဲ့အခါ အများပြည်သူနဲ့သက်ဆိုင်တဲ့နေရာတွေကို သွားလာတဲ့အခါမှာတော့ နှာခေါင်းစည်း တပ်ဆင်ထားရမယ်၊ လူအချင်းခပ်ခွာခွာနေတဲ့ အကျင့်ကိုဆက်လက်ကျင့်သုံးသွားရမယ်လို့ ပြောကြားခဲ့ပါတယ်။

## လူမှုစီးပွားထိခိုက်နိုင်

အီတလီနိုင်ငံကို တကယ်ချစ်တယ်ဆိုရင် လူအချင်းချင်း ခပ်ခွာခွာသာနေကြပါလို့ ဝန်ကြီးချုပ်က ပြောကြားခဲ့ပါတယ်။ အီတလီနိုင်ငံမှာ ဒီလို ပိတ်ဆို့ကန့်သတ်ထားမှုကြီးကို ရေရှည်ဆက်ထားလို့မဖြစ်ဘူး။ ဒီအတိုင်းဆက်သွားမယ်ဆိုရင် တိုင်းပြည်ရဲ့ လူမှုစီးပွားဘဝကို ထိခိုက်လိမ့်မယ်လို့ အီတလီဝန်ကြီးချုပ်ကပြောကြားခဲ့ပါတယ်။ သိပ္ပံပညာရှင်တွေကတော့ အီတလီနိုင်ငံမှာ ကိုဗစ် –၁၉ ကပ်ရောဂါဟာ ဇန်နဝါရီကတည်းက ရောက်ရှိနေပြီလို့ ခန့်မှန်းခဲ့ကြပါတယ်။ ပထမဆုံး လူနာစတွေ့တာကတော့ ဖေဖော်ဝါရီ ၂၁ ရက်မှာပါ။

## ဆောက်လုပ်ရေးလုပ်ငန်းတွေ ဦးစွာခွင့်ပြု

အမေရိကန်နိုင်ငံ နယူးယောက်မှာတော့ ပိတ်ဆို့ကန့်သတ်မှုတွေ ဖြေလျှော့ခွင့်ရဖို့ဆိုရင် ဆေးရုံတက်လူနာတွေ လျော့ကျသွားရမှာဖြစ်ပြီး မေ လ ၁၅ ရက် နောက်ပိုင်းမှ ဖြစ်နိုင်လိမ့်မယ်လို့ ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက ပြောပါတယ်။ နယူးယောက်မြို့ပေါ်မှာထက် မြောက်ပိုင်းဒေသတွေမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ထုတ်လုပ်ရေးလုပ်ငန်းတွေကို ဦးစွာ ခွင့်ပြုသွားမယ်လို့ သိရပါတယ်။ အဲဒီနောက်မှာတော့ ရုံးတွေပြန်မဖွင့်မီ နောက်ထပ်ကူးစက်ခံရမှု ရှိ မရှိကို စစ်ဆေးသွားမှာပါ။ ကိုဗစ် – ၁၉ ကပ်ရောဂါဆိုးကြီးကြောင့် လူဦးရေတစ်ဝက်ကျော်နီးပါးဟာ ပိတ်ဆို့ကန့်သတ်ခံထားရပြီး ကမ္ဘာ့စီးပွားရေးဟာလည်း ဆယ်စုနှစ်များစွာအတွင်း တစ်ခါမှမမြင်ဖူးတဲ့အထိ ကျဆင်းသွားဖွယ်ရှိတယ်လို့ ခန့်မှန်းနေကြပါတယ်။ တရုတ်နိုင်ငံမှာ ဒီဇင်ဘာလအတွင်းကစလို့ ဗိုင်းရပ်စ်စတင်တွေ့ရှိပြီးနောက်ပိုင်း ကမ္ဘာမှာ လူပေါင်း ၂၀၅၀၀၀ ကျော် သေဆုံးခဲ့ရပြီး ဖြစ်ပါတယ်။

**“အီတလီနိုင်ငံကို တကယ်ချစ်တယ်ဆိုရင် လူအချင်းချင်း ခပ်ခွာခွာသာ နေကြပါလို့ ဝန်ကြီးချုပ်က ပြောကြားခဲ့ပါတယ်။ အီတလီနိုင်ငံမှာ ဒီလို ပိတ်ဆို့ကန့်သတ်ထားမှုကြီးကို ရေရှည်ဆက်ထားလို့မဖြစ်ဘူး။ ဒီအတိုင်း ဆက်သွားမယ်ဆိုရင် တိုင်းပြည်ရဲ့ လူမှုစီးပွားဘဝကို ထိခိုက်လိမ့်မယ်လို့ အီတလီဝန်ကြီးချုပ်က ပြောကြားခဲ့”**

## သေနှုန်းလျော့ကျလာ

ဥရောပကတော့ ကူးစက်မှုဒဏ်ကို အဆိုးရွားဆုံးခံခဲ့ရတာပါပဲ။ အီတလီ၊ စပိန်၊ ပြင်သစ်၊ ဗြိတိန်တို့မှာ အခြေအနေတွေဆိုးရွားခဲ့ပါတယ်။ ဒါပေမယ့် မေ ၂၆ ရက်မှာတော့ သေဆုံးမှုနှုန်း လျော့ကျလာတဲ့အတွက် ဒီပြဿနာဆိုးကြီးကို ကျော်လွှားနိုင်တော့မှာလားဆိုပြီး စိတ်အားထက်သန်စရာ ဖြစ်ခဲ့ပါတယ်။ မတ်လ ၃၁ ရက်နောက်ပိုင်း ဗြိတိန်နိုင်ငံရဲ့ သေဆုံးမှုနှုန်းဟာ အနိမ့်ဆုံးဖြစ်လာသလို အီတလီနဲ့ စပိန်တို့မှာလည်း တစ်လတာအတွင်း သေဆုံးမှုအနိမ့်ဆုံးနှုန်းကို တွေ့လာရပါပြီ။ အလားတူပါပဲ၊ ပြင်သစ်မှာလည်း သေဆုံးမှုနှုန်း လျော့ကျလာပါတယ်။

## ဆွစ်ဇာလန်နိုင်ငံ၏ ဖြေလျှော့မှုများ

ဆွစ်ဇာလန်နိုင်ငံမှာတော့ ဆံပင်ညှပ်ဆိုင်၊ အနှိပ်ခန်း၊ ပန်းအလှပြင်ခြင်းလုပ်ငန်းတွေကို မေ ၂၇ ရက်ကစလို့ ဖွင့်ခွင့်ပေးတဲ့လုပ်ငန်းတွေမှာ ထည့်သွင်းပေးထားပါတယ်။ ဆော်ဒီအာရေဗျမှာလည်း ကန့်သတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်ကို တစ်စိတ်တစ်ပိုင်းဖြေလျှော့ပေးခဲ့ပါတယ်။ ဈေးဝယ်စင်တာတွေ၊ လက်လီရောင်းချဆိုင်တွေကို ဖွင့်ခွင့်ပေးထားပါတယ်။

## သီရိလင်္ကာနိုင်ငံက အချိန်ထပ်တိုး

သီရိလင်္ကာနိုင်ငံမှာတော့ ပိတ်ဆို့ကန့်သတ်မှုအချိန်ကို နောက်ထပ်တစ်ပတ်ကြာ အချိန်ထပ်တိုးခဲ့ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ ကိုဗစ် – ၁၉ ကူးစက်ခံရတဲ့ လူနာဟာ ရောဂါပျောက်ကင်းပြီးနောက် နောက်ထပ်ပြန်ပြီး မကူးစက်နိုင်ဘူးလို့ သေချာမပြောနိုင်ကြောင်း သတိပေးခဲ့ပါတယ်။ ပြင်သစ်၊ ဂျာမနီနဲ့ အချို့သောနိုင်ငံတွေကတော့ ကိုဗစ်–၁၉ လူနာ ကိုယ့်ဘေးနားမှာရှိမရှိ သတိပေးတဲ့ ဆော့ဖ်ဝဲကို အသုံးပြုဖို့ စီစဉ်နေကြပါတယ်။

ကိုးကား –အေအက်ဖ်ပီ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၂၆-၄-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ဓာတ်ခွဲစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၂၉၉) ခုနှင့် ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) တွင် စစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ (၄၈) ခု၊ စုစုပေါင်း (၃၄၇)ခုတို့တွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၇-၄-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၆) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၁၀)ဦး (ဆေးရုံမှ ဆင်းခွင့်ရရှိပြီးသူ - ၉ ဦး) ရှိပြီ ဖြစ်ပါသည်။ သေဆုံးသူ (၅)ဦးရှိပြီ ဖြစ်ပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနက် ဝေဘာဂီအထူးကုဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၂)ဦးနှင့် တောင်ဥက္ကလာပအထူးကုဆေးရုံတွင် အထူးကြပ်မတ်ကုသမှုပေးလျက်ရှိသူ (၁)ဦးရှိကာ ကျန်လူနာများ၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၇-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၆-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှု စုစုပေါင်း (ဓာတ်ခွဲနမူနာ) | (၃၄၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၃၄၇) ဦး |

**COIVD-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၇-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**
**ဓာတ်ခွဲအတည်ပြုလူနာများအား ကုသပေးနေမှု**

| စဉ် | ဆေးရုံအမည် | ဓာတ်ခွဲအတည်ပြုလူနာ ဦးရေ (ဦး) |
|---|---|---|
| ၁ | အထူးကုဆေးရုံ (ဝေဘာဂီ)၊ ရန်ကုန်မြို့ | ၆၈ |
| ၂ | တောင်ဥက္ကလာ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ | ၄၀ |
| ၃ | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | ၆ |
| ၄ | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | ၅ |
| ၅ | ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ | ၃ |
| ၆ | ကန်တော်နဒီဆေးရုံ၊ မန္တလေးမြို့ | ၂ |
| ၇ | စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့ | ၂ |
| ၈ | ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့ | ၁ |
| ၉ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | ၁ |
| ၁၀ | ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့ | ၁ |
| ၁၁ | ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့ | ၁ |
| ၁၂ | ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့ | ၁ |
| ၁၃ | ပြည်သူ့ဆေးရုံကြီး၊ စစ်ကိုင်းမြို့ | ၁ |
| | စုစုပေါင်း | ၁၃၂ |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၇-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၇-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၁၅) ခုတွင် COVID-19 ရောဂါပိုး မတွေ့ရှိ (မတွေ့ရှိ) ရပါ။

၂။ (၂၆-၄-၂၀၂၀)ရက်နေ့၊ ည(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၆) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ယခုအခါ မြန်မာနိုင်ငံရှိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ရောဂါပိုးကင်းစင်သူ (၁၆) ဦး ရှိပြီး ၎င်းတို့အနက် (၉) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၅)ဦးရှိပြီ ဖြစ်ပါသည်။

၄။ (၂၆-၄-၂၀၂၀) ရက်နေ့၊နေ့လယ် (၁၂:၀၀) နာရီမှ (၂၇-၄-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာ အသစ် (၈၆)ဦး ရှိပါသည်။

၅။ အမျိုးသားကျန်းမာရေးဓာတ်ခွဲ မှုဆိုင်ရာဌာန (ရန်ကုန်)မှ စောင့်ကြည့်လူနာများနှင့် အသွားအလာကန့်သတ်ထားရှိသူများ၏ ဓာတ်ခွဲစစ်ဆေးမှုအဖြေများ ရရှိပါက ဆက်လက်သတင်းထုတ်ပြန်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဆေးသုတေသနဦးစီးဌာနမှ**
**ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၇-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၇-၄-၂၀၂၀) ရက်နေ့ ညနေတွင် (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၁၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |
| COVID-19 (SARS-CoV-2) မတွေ့ရှိ (negative) | (၁၁၅) ဦး |

DMR = ဆေးသုတေသနဦးစီးဌာန (ရန်ကုန်)

## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းဖြင့် စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်များကို ကိုဗစ်-၁၉ ကာလအတွင်း ဌာနဆိုင်ရာများသို့ ဝေငှ

ပျဉ်းမနား ဧပြီ ၂၇

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းဦး၏ ကြီးကြပ်မှုဖြင့် ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ညောင်ပင်သာ(GAP) စိုက်ခင်းမှ စိုက်ပျိုးထားရှိသည့် ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များကို ကိုဗစ်-၁၉ ကာလအတွင်း စားသုံးနိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဌာနဆိုင်ရာများသို့ ဝေငှခဲ့ကြောင်း သိရသည်။

ထိုသို့ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များ ဝေငှရာတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မြမြလွင်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေး ဝန်ထမ်းများက ဌာနဆိုင်ရာများသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ မင်းမင်းလတ်(ရုပ်ဗေဒ)



# Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် (၂၀၂၀)ပြည့်နှစ်၊ ဧပြီလ (၂၇)ရက်နေ့၊ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည် -

**COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၇–၄–၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | အမေရိကန်ဒေါ်လာ |
|---|---|---|
| ၁။ | မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ | 1,000,000.00 |
| ၂။ | Eight – Japan Engineering Consultants Inc (Japan) | 30,000.00 |
| ၃။ | Multi World Company ltd | 10,000.00 |
| ၄။ | Siemens Limited (Yangon Branch). | 7,640.00 |
| ၅။ | U Denzil Abel + D Nu Nu Yin | 5,000.00 |
| ၆။ | Servier | 2,000.00 |
| ၇။ | MT Golden Denise– on Board Myanmar Seafarers & Friends | 1,050.00 |
| ၈။ | ဒေါ်ကြည်ကြည်ဝင်းရွှေ (Right & Bright Co.ltd) | 500.00 |
| ၉။ | မူပိုင်ခွင့်ဌာနဝန်ထမ်းများ | 150.00 |
| ၁၀။ | ဦးအောင်ထိုက်+ ဒေါက်တာကြည်ပြာမိုး | 50.00 |
| | **စုစုပေါင်း** | **1,056,390** |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

## ချင်းပြည်နယ်မှ စောင့်ကြည့်လူနာများအတွက် ကမ္ဘောဇဘဏ်က စားနပ်ရိက္ခာ ထောက်ပံ့ငွေကျပ် သိန်း ၃၀၀ လှူဒါန်း

နေပြည်တော် ဧပြီ ၂၇

**ချင်းပြည်နယ်အတွင်းရှိ သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ထားသော စောင့်ကြည့်လူနာများ၏ စားနပ်ရိက္ခာအတွက် ငွေကျပ်သိန်း ၃၀၀ ကို ဧပြီ ၂၇ ရက်က ကမ္ဘောဇဘဏ်မှ ချင်းပြည်နယ်အစိုးရအဖွဲ့သို့ သွားရောက်လှူဒါန်းရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က လက်ခံရယူသည်။**

သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ထားသော စောင့်ကြည့်လူနာများအနက်မှ နေ့စဉ်စားသောက်စရိတ် အခက်အခဲရှိသော ပြည်သူတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ ကို ကမ္ဘောဇဘဏ်က ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ချင်းပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေသော ဆေးရုံများတွင် လိုအပ်သည့်ဆေးရုံသုံး အထောက်အကူပြုပစ္စည်းများကိုလည်း လှူဒါန်းလျက်ရှိပြီး ဧပြီလအတွင်း တီးတိန်ဆေးရုံအတွက် CE Standard PPE ဝတ်စုံ ၄၅၀၊ ၅၀၀ မီလီ လက်သန့်ဆေးရည်ဘူးကြီး ၁၀၀၊ ဆေးရုံသုံးနှာခေါင်းစည်း ၃၀၀၀၊ မျက်မှန် အခု ၂၀၀၊ အပူချိန်တိုင်းစက် ၁၅ ခု၊ လက်သန့်ဆေးရည်များနှင့် ငွေကျပ် သိန်း ၃၀ ကို လှူဒါန်းခဲ့ပြီး ဖြစ်သည်။

ထို့အပြင် ကမ္ဘောဇဘဏ်သည် ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တွင် စားသောက်စရိတ် အခက်အခဲရှိသော သတ်မှတ်နေရာ၌ အသွားအလာကန့်သတ်ထားသော ပြည်သူများအတွက် ငွေကျပ် သိန်း ၃၀၀ ကိုလည်းကောင်း၊ စောင့်ကြည့်လူနာများနှင့် ကိုဗစ်–၁၉ ကုသရေးဆောင်ရွက်နေသော ဆေးရုံများအတွက် လိုအပ်သော အကာအကွယ်နှင့် ဆေးရုံသုံးပစ္စည်းများကိုလည်းကောင်း ဆက်လက်လှူဒါန်းသွားမည် ဖြစ်သည်။

ကမ္ဘောဇဘဏ်က ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်နိုင်ရန်အတွက် ငွေကျပ် သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများကို ကုန်းလမ်းသာမက စင်းလုံးငှား လေယာဉ်များဖြင့် သယ်ယူလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ လှူဒါန်းငွေကျပ် သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို ပြင်ဆင်ထား၍ နိုင်ငံအတွင်း အရေးပေါ်လိုအပ်သော နေရာများသို့ ဖြန့်ဝေလှူဒါန်းခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသည့် နိုင်ငံသားများနှင့် ၎င်းတို့ရောက်ရှိနေထိုင်ရာ နေရာဒေသများရှိ ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စောင့်ကြည့်လူနာများအတွက် ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ရောဂါ ကာကွယ်ရေးပစ္စည်း ခြောက်မျိုးကို နေရာအရောက် လှူဒါန်းလျက်ရှိသည်။

လက်ရှိအချိန်ထိ ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International(MAI)နှင့်Air KBZ လေကြောင်းလိုင်းတို့သည် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ် ၃၃၀၇၄ သိန်း လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ကိုကျော်**







## ညောင်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး ကျေးရွာများတွင် လက်ဆေးကန်များ တပ်ဆင်

ညောင်ဦး ဧပြီ ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယူနီဆက်အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ညောင်ဦးမြို့နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ကျေးရွာများတွင် လက်ဆေးကန် ၃၅ ခု တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ဆေးကန် ၃၅ ခုကို ညောင်ဦးမြို့နယ် တောင်ဇင်ကျေးရွာ(ဗျတ္တဈေး) နှင့် ငါ့သရောက်မြို့ရှိ ဗိုလ်ချိုဈေးတို့ အပါအဝင် ကျေးရွာများရှိ လူစည်ကားရာနေရာများတွင် တပ်ဆင်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည့် လက်ဆေးခြင်းကို ကျေးရွာနေပြည်သူများ လွယ်လင့်တကူ ဆေးကြောနိုင်ရေးအတွက် ယူနီဆက်အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အဖွဲ့များခွဲ၍ နေ့ချင်းပြီး တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံများ၌ ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့မှုအနည်းဆုံးဖြစ်အောင် စိစစ်ဆောင်ရွက်လျက်ရှိ

တွေ့ဆုံမေးမြန်း - ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ - ဖေဇော်

**ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမြို့တော်ဖြစ်သည့်အားလျော်စွာ ကုန်စည်ထုတ်လုပ်၊ စီးဆင်းမှုတို့၏ ပင်မအရင်းအမြစ်ဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ အခြေစိုက်တည်ရှိကာ ရွှေ့ပြောင်းလုပ်သားအများစု မှီတင်းနေထိုင်ရာမြို့တော် ဖြစ်သည်။**

လက်ရှိကာလတွင် ရန်ကုန်မြို့၌ ကမ္ဘာတစ်ဝန်းကြုံတွေ့ရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမားကိစ္စရပ်များသည်လည်း အဓိကအလေးထား ရင်ဆိုင်ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော အလုပ်ရှင်၊ အလုပ်သမားကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေနဲ့ပတ်သက်ပြီး ကျန်းမာရေး စစ်ဆေးဆောင်ရွက်နေမှု၊ အလုပ်သမားတွေ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်ရေးနဲ့ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်- ၁၉ ရောဂါ မပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှု အခြေအနေကို သိပါရစေ။**

ဖြေ။ ။ စက်ရုံအလုပ်တွေနဲ့ ပတ်သက်ပြီးတော့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ ရောဂါမပြန့်ပွားနိုင်ရေးနဲ့ ပြန့်ပွားမှုနှုန်း အနည်းဆုံးဖြစ်အောင် ပြည်ထောင်စုအစိုးရရဲ့ လမ်းညွှန်ချက်နဲ့ အညီတိုင်းဒေသကြီးအစိုးရက ဆောင်ရွက်နေတဲ့ အချက်တွေရှိပါတယ်။ မေ ၁၀ ရက်က စတင်ပြီး ၁၈ ရက်အထိ တရားဝင် မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက် ဖြစ်ပါတယ်။ မေ ၂၀ ရက် ပြန်လည်ဖွင့်လှစ်ရမယ့်အချိန်မှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း အနည်းဆုံးဖြစ်အောင်ဆောင်ရွက်မှုအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က ညွှန်ကြားချက်တွေ ထုတ်တာရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကနေ ကိုဗစ်-၁၉ နဲ့စပ်လျဉ်းပြီး စက်ရုံ၊ အလုပ်ရုံတွေ လိုက်နာဆောင်ရွက်ဖို့နဲ့ အသိပေးထုတ်ပြန်ချက်ဆိုတဲ့ ထုတ်ပြန်ချက်ကို မေ ၁၉ ရက် ည ၈ နာရီ မြန်မာ့အသံနဲ့ရုပ်မြင်သံကြား သတင်းအစီအစဉ်မှာ ကြေညာခဲ့ပြီး ဖြစ်တာကို အားလုံးသိပြီး ဖြစ်ပါလိမ့်မယ်။ အဲဒီကြေညာချက်နဲ့အတူ မေ ၂၀ ရက် ကနေ ၃၀ ရက်အတွင်းမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရယ်၊ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့တွေ နဲ့ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွေကို စစ်ဆေးမှုတွေ ပြုလုပ်သွားဖို့အတွက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီလိုစစ်ဆေးမှုတွေလုပ်တဲ့အခါမှာဆိုရင်လည်း ဦးစားပေးအလိုက် ပြုလုပ်သွားဖို့ ထုတ်ပြန်ကြေညာထားချက်တွေလည်းရှိတယ်။ ဆေးဝါးထုတ်လုပ်ရေးစက်ရုံတွေ၊ စားသောက်ကုန်လုပ်ငန်းစက်ရုံတွေ၊ ကျန်းမာရေးလိုအပ်ချက်တွေနဲ့ကိုက်ညီပြီး ဖွင့်လှစ်ဖို့ အသင့်ဖြစ်နေတဲ့ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွေ၊ လုပ်သားဦးရေ ၁၀၀၀ နဲ့အထက်ရှိတဲ့ စက်ရုံ၊ အလုပ်ရုံ အလုပ်ဌာနတွေနဲ့ အခြားစက်ရုံ၊ အလုပ်ရုံ အလုပ်ဌာနဆိုပြီးတော့ စံသတ်မှတ်ချက်ငါးချက်နဲ့ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သွားဖို့ ညွှန်ကြားချက် ထုတ်ပြန်ထားတာ ရှိပါတယ်။ ကျွန်မတို့အနေနဲ့ တင်ပြလာတဲ့အပေါ်မှာ မူတည်ပြီးတော့ တစ်ခါတလေကျရင် အချက်သုံးကို ဦးစားပေးပြီး စစ်လိုက်ရတဲ့အခါမျိုးလည်း ရှိတယ်။ ဆေးဝါးထုတ်လုပ်ရေးစက်ရုံနဲ့ စားသောက်ကုန်လုပ်ငန်း စက်ရုံတွေကိုတော့ ကျွန်မတို့က ဦးစားပေးအစီအစဉ်နဲ့ နေ့စဉ်ဦးစားပေးထဲမှာထည့်ပြီးတော့ စစ်ဆေးဆောင်ရွက်တာတွေရှိပါတယ်။ ကျွန်မတို့ဌာနတွေကို လာရောက်ပြီး အဆင်သင့်ဖြစ်ကြောင်း တင်ပြပြီးတော့ စစ်ဆေးခိုင်းတဲ့ စက်ရုံတွေကိုလည်း တစ်ပါတည်း ထည့်သွင်းစစ်ဆေးပေးသွားတယ်ဆိုတာကို ပြောချင်ပါတယ်။

အလုပ်သမားတွေ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နိုင်ရေးအတွက်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စစ်ဆေးအကြံပြုချက်တွေအပေါ်မှာ မူတည်ပြီးတော့ အပိုင်းသုံးပိုင်းခွဲထားတာ ရှိပါတယ်။ အဲဒီအပေါ်မှာဆိုရင် ကျန်းမာရေးစစ်ဆေးတွေ့ရှိချက်အနေနဲ့ မေ ၂၀၊ ၂၁ ရက် တို့မှာ စစ်ဆေးဆောင်ရွက်ပြီးတဲ့အခါမှာ ၂၂ ရက်နေ့ ကနေစတင်ပြီးတော့ ကျန်းမာရေးဦးစီးဌာနရဲ့ ဌာနတွင်း ညွှန်ကြားချက်ဖြစ်တဲ့ လည်ပတ်ရန် သင့်လျော်သော စက်ရုံ၊ လည်ပတ်ရင်းဖြင့် အကြံပြုချက်များကို ပြုပြင် ပြင်ဆင်ပြီး လည်ပတ်သွားရမည့်စက်ရုံ ၊ လည်ပတ်ရန် မသင့်လျော်သည့် စက်ရုံဆိုတဲ့ အဆင့်သုံးဆင့် စံသတ်မှတ်ချက် သုံးချက်ထွက်လာပါတယ်။ အဲဒီအပေါ်မှာ ကျွန်မတို့အနေနဲ့ အရိုးရှင်းဆုံးနဲ့ လွယ်လွယ်ဖြစ်သွားအောင် လည်ပတ်လျှင် သင့်တော်သည့်စက်ရုံကို (A) အဆင့် သတ်မှတ်လိုက်ပါတယ်။ လည်ပတ်ရင်းဖြင့် အကြံပြုချက်များကို ပြုပြင်ပြင်ဆင်ပြီး လည်ပတ်သွားရမည့် စက်ရုံကို(B) အဆင့်နဲ့ လည်ပတ်ရန် မသင့်လျော်သည့် စက်ရုံကိုတော့ (C) အဆင့်သတ်မှတ်လိုက်ပါတယ်။

အဲဒီအပေါ်မှာ ကျွန်မတို့အနေနဲ့ (A) အဆင့်၊ (B) အဆင့် အသိအမှတ်ပြုလက်မှတ်တွေကိုထုတ်ပေးထားပါတယ်။ (C) အဆင့် အသိအမှတ်ပြုလက်မှတ်ကိုတော့ ကျွန်မတို့ အနေနဲ့ ယနေ့ အထိ မထုတ်ပေးရသေးပါဘူး။ (C) အဆင့်ကတော့ နည်းပါတယ်။ အဲဒီနေရာမှာ ဖြည့်ပြီး ပြောချင်တာကတော့ ကျွန်မတို့ စစ်ဆေးတဲ့အခါမှာ အချက် ၁၀ ချက်ပါပါတယ်။ အဲဒီအချက်တွေအပေါ်မှာ အချက်ကိုးချက်နဲ့ ကိုက်ညီပြီဆိုရင်တော့ (A) အဆင့် သတ်မှတ်ပါတယ်။ (A)အဆင့်နဲ့ကိုက်ညီပြီဆိုရင်တော့ လည်ပတ်ရန်သင့်တော်တဲ့ စက်ရုံတွေဆိုပြီး စစ်ဆေးရေးအဖွဲ့တွေက ကျွန်မတို့ဆီကို ပေးပို့တင်ပြတာ ဖြစ်ပါတယ်။

> **“ဆေးဝါးထုတ်လုပ်ရေးစက်ရုံနဲ့ စားသောက်ကုန်လုပ်ငန်း စက်ရုံတွေကိုတော့ ကျွန်မတို့က ဦးစားပေးအစီအစဉ်နဲ့ နေ့စဉ်ဦးစားပေးထဲမှာထည့်ပြီးတော့ စစ်ဆေးဆောင်ရွက်တာတွေ ရှိပါတယ်။ ကျွန်မတို့ဌာနတွေကို လာရောက်ပြီး အဆင်သင့်ဖြစ်ကြောင်း တင်ပြပြီးတော့ စစ်ဆေးခိုင်းတဲ့ စက်ရုံတွေကိုလည်း တစ်ပါတည်း ထည့်သွင်းစစ်ဆေးပေးသွားတယ်ဆိုတာကို ပြောချင်ပါတယ်။”**




ဒေါ်မိုးမိုးစုကြည်
(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး)

(B)အဆင့်နဲ့ (C)အဆင့် စက်ရုံတွေကိုလည်း အဲဒီလိုခွဲပြီးပို့ပါတယ်။ လုပ်ငန်းဌာနတွေကို ပို့ရတာဖြစ်တဲ့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပို့ထားတဲ့ နမူနာပုံစံရှိပါတယ်။ အဲဒီပုံစံနဲ့အတူ (A) အဆင့်ကိုထုတ်ပေးပါတယ်။ အဲဒီလိုပဲ (B) အဆင့်ကိုလည်း ထုတ်ပေးနေပါတယ်။ အခု ကျွန်မတို့စစ်ဆေးနေတဲ့ အချက်တွေဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ စံသတ်မှတ် ၁၀ ချက်နဲ့အညီ စစ်ဆေးဆောင်ရွက်နေတာဖြစ်ပါတယ်။ အဓိက ကတော့ ကိုဗစ်-၁၉ ရောဂါ လုံးဝမဖြစ်စေချင်တဲ့ရည်ရွယ်ချက်ပါ။ ဒါပေမယ့်လည်း လက်ရှိ အခြေအနေအရ ပျံ့နှံ့မှု အနည်းဆုံးနဲ့ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စိစစ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**မေး။ ။ လှိုင်သာယာစက်မှုဇုန်၊ ချန်းရိဖိနပ်စက်ရုံက တွေ့ရှိခဲ့တဲ့ အတည်ပြုလူနာ(၁၄၄)နဲ့ ပတ်သက်ပြီး အခြေအနေနဲ့ လက်ရှိဆောင်ရွက်ထားရှိမှုကို ပြောပြပေးပါ။ အဲဒီစက်ရုံရဲ့ အလုပ်သမားတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်သွားမယ့် အစီအစဉ်ကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ ချန်းရိဖိနပ်စက်ရုံက တွေ့ရှိခဲ့တဲ့ အတည်ပြုလူနာ (၁၄၄) နဲ့ ပတ်သက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုတွေနဲ့အညီ သွားရောက်ပြီး စစ်ဆေးဆောင်ရွက်မှုတွေ လုပ်ပါတယ်။ ပြည်ထောင်စုရဲ့လမ်းညွှန်မှုနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှုတွေအရ လူမှုရေးဝန်ကြီးနဲ့ ကျွန်မတို့နဲ့အတူ တိုင်းကျန်းမာရေးဦးစီးမှူး အပါအဝင် သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူတွေ၊ မြို့နယ်ဒေသန္တရအဖွဲ့တွေ၊ ဒေသဆိုင်ရာ ကိုယ်စားလှယ်တွေအားလုံး ပါဝင်တဲ့ အဖွဲ့က မေ ၂၅ ရက် မနက်ပိုင်းမှာ ချန်းရိဖိနပ်စက်ရုံကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ အဲဒီစက်ရုံက (B) အဆင့် ရထားတဲ့ စက်ရုံဖြစ်ပါတယ်။ အဲဒီစက်ရုံရဲ့ဝင်းထဲမှာ အဲဒီစက်ရုံရဲ့ ကုမ္ပဏီရှိပါတယ်။ အဲဒီမှာကတော့ (A) အဆင့် ရထားပါတယ်။ ကျွန်မတို့သွားရောက်စစ်ဆေးတဲ့နေ့ဟာ စနေနေ့ဖြစ်တဲ့အတွက် နေ့တစ်ဝက် အလုပ်ဆင်းကြတယ်။ ကျွန်မတို့သွားရောက်တဲ့အခါမှာတော့ ၁၁ နာရီခွဲကျော်အချိန်ဖြစ်တာကြောင့် အလုပ်သမားတွေအားလုံး အလုပ်ဆင်းပြီးသွားတဲ့အချိန် ဖြစ်ပါတယ်။

အတည်ပြုလူနာ ၁၄၄ သည် အဲဒီစက်ရုံက သူဌေးရဲ့ ဘာသာပြန်ဖြစ်ပါတယ်။ စက်ပြင်ဆရာရဲ့ ဘာသာပြန်လို့လည်းပြောပါတယ်။ သူကတော့ မေ ၁၅ ရက် ညနေပိုင်းမှာ စီးလုံးငှားကားနဲ့ မိုးညှင်းကိုပြန်တယ်လို့ ပြောပါတယ်။ မိုးညှင်းရောက်တဲ့အခါမှာတော့ သူ့အိမ်ကို သွားရောက်ခြင်းမရှိဘဲနဲ့ Quarantine Center ကို တစ်ပြိုင်နက် ဝင်ရောက်သွားတာဖြစ်ပါတယ်။ အဲဒီလို အခြေအနေဖြစ်ပြီးတော့ မေ ၂၄ ရက်ညမှာ အတည်ပြုလူနာအဖြစ် မိုးညှင်းကနေ လူနာနံပါတ် ၁၄၄ နဲ့ ထွက်လာတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အနေနဲ့ အဲဒီနေ့မှာပဲ အချိန်နဲ့တစ်ပြေးညီ သူနဲ့အတူတူ တိုက်ရိုက်ပတ်သက်ဆက်သွယ်ခဲ့တဲ့သူအားလုံးကိုတော့ Quarantine Center တွေကို ပို့ပြီးပြီ ဖြစ်ပါတယ်။ အဲဒီလူတွေကတော့ သူ့ရဲ့သူဌေးဖြစ်တဲ့ ချန်းရိဖိနပ်စက်ရုံရဲ့ သူဌေးပါ။ နောက်ထပ်ကတော့ သူမပြန်ခင် မေ ၄ ရက်က ကိုယ်တွေပူလာလို့ပြခဲ့တဲ့ အဲဒီစက်ရုံမှာရှိတဲ့ ဆေးခန်းက ဆရာဝန်နဲ့ သူနာပြုရယ်၊ မေ ၈ ရက်က ပြင်ပမှာပြခဲ့တဲ့ ဆေးခန်းက ဆရာဝန်နဲ့ ဓာတ်မှန်ပညာရှင်တစ်ယောက်ရယ်၊ သူနဲ့အတူနေတဲ့ အခန်းဖော်တစ်ယောက်ရယ်၊ သူ့ကို စီးလုံးငှားအနေနဲ့ လိုက်ပို့ပေးခဲ့တဲ့ အငှားယာဉ်မောင်း နှစ်ယောက်တို့ကို မေ ၂၅ ရက် မနက်ပိုင်းမှာကတည်းက Quarantine Center ကိုပို့ပြီး နှာခေါင်းနဲ့အာခေါင်တို့ဖတ်နမူနာတွေ ယူပြီး စစ်ဆေးမှုကို တိုင်းကျန်းမာရေးဦးစီးဌာနရဲ့ ဦးဆောင်မှုနဲ့ဆောင်ရွက်ခဲ့ပါတယ်။ မေ ၂၆ ရက် မနက်ပိုင်းမှာ အဲဒီရှစ်ဦးလုံးမှာ ကိုဗစ်-၁၉ ရောဂါပိုးမတွေ့ရှိရကြောင်း တိုင်းကျန်းမာရေးက ဆက်သွယ်အသိပေး အကြောင်းကြားလာပါတယ်။ ဒါကြောင့် အဲဒီ ရှစ်ဦးလုံးဟာ Negative ဖြစ်ကြောင်း အတည်ပြု ပြောကြားလိုပါတယ်။

သူတို့နေခဲ့တဲ့ စက်ရုံဝင်းထဲက အဆောင်ဟာ နှစ်ယောက်ခန်း ၁၇ ခန်းတွဲအဆောင် ဖြစ်ပါတယ်။ သူတို့ကတော့ နှစ်ယောက်တွဲနေတာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တချို့အခန်းတွေမှာ သုံးယောက်နေတာလေးတွေ ရှိတဲ့အတွက် ၁၇ ခန်းမှာ သူအပါအဝင် ၃၈ ဦး နေထိုင်ပါတယ်။ ဒါ့ကြောင့် ကျန်တဲ့သူတွေ အကုန်လုံးကိုလည်း နှာခေါင်းနဲ့အာခေါင်တို့ဖတ် နမူနာတွေယူပြီး ကျန်းမာရေးစစ်ဆေးမှုတွေပြုလုပ်ထားပါတယ်။ အဲဒီအဆောင်ကိုလည်း စောင့်ကြည့်အနေနဲ့ ယာယီပိတ်ထားပါတယ်။ စက်ရုံဝင်းထဲ သွားလာခွင့်မပြုဖို့အတွက်ကိုလည်း တိုင်းကျန်းမာရေးဦးစီးအနေနဲ့ စက်ရုံကတာဝန်ရှိသူတွေကို အသိပေးတားမြစ်ထားပြီး ဖြစ်ပါတယ်။ အဲဒီလိုပဲ စက်ရုံဝင်းအတွင်းမှာရှိတဲ့ ဆေးခန်းနဲ့ သူအလုပ်လုပ်တဲ့ အလုပ်ခန်းကိုလည်း ပိုးသတ်ဆေးဖျန်းပြီး ယာယီပိတ်ထားဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီစက်ရုံမှာရှိတဲ့ နိုင်ငံခြားသား ၇၀ ရဲ့ နှာခေါင်းနဲ့ အာခေါင်တို့ဖတ် နမူနာတွေကိုလည်း စစ်ဆေးဖို့အတွက် ယူထားပြီး ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ အဲဒီစက်ရုံ ဘုတ်အဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရ ဒီနေ့မှာတော့ စက်ရုံပိတ်ထားပါတယ်။

အဲဒီစက်ရုံမှာ အလုပ်သမားပေါင်း ရှစ်ထောင်ဝန်းကျင်ရှိတယ်။ ကျွန်မတို့သွားရောက်တဲ့နေ့မှာ အလုပ်ဆင်းတဲ့သူ ၂၄၁၇ ဦးရှိပါတယ်။ ဒီကလေးတွေကလည်း အဲဒီနေ့က သူ့အိမ်သူပြန်သွားကြတယ်။ သူတို့အနေနဲ့လည်း ကျန်းမာရေးအရ ပူပင်သောကရှိတယ်။ နေရာအလိုက် သူတို့ရဲ့နေအိမ်တွေမှာ Home Quarantine လုပ်နေတာတွေရှိနေတယ်လို့ ကျွန်မတို့ဆီကို သတင်းတွေပို့တယ်။ တွံတေးက အလုပ်သမား ၅၃ ယောက်ကတော့ အိမ်တွေမှာမနေဘဲ ရွာထိပ်က စာသင်ကျောင်းမှာ ရပ်မိရပ်ဖတွေ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနဲ့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရဲ့လမ်းညွှန်ချက်နဲ့ Center လေးတစ်ခုဖွင့်လှစ်ပြီး နေထိုင်နေကြတယ်။ ဒီကလေးတွေအတွက် အလုပ်အကိုင်လည်ပတ်နိုင်ဖို့အတွက်ကိုတော့ ကျွန်မတို့ ဒီနေ့မှာဆက်ပြီး ဆွေးနွေးဆောင်ရွက်သွားဖို့ရှိပါတယ်။

*စာမျက်နှာ ၁၈ သို့*

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- ◆ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- ◆ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- ◆ စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- ◆ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- ◆ အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့် ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- ◆ စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- ◆ COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- ◆ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတ လူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- ◆ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၇ မှ*

**မေး။ ။ လက်ရှိကာလမှာ စက်ရုံအချို့ပိတ်ထားတယ်။ နိုင်ငံတော်အစိုးရက ည ၁၀ နာရီကနေ နံနက် လေးနာရီအထိ မလိုအပ်ဘဲ အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားတာကြောင့် အလုပ်သမားတွေနဲ့ ပတ်သက်ပြီး ကြုံတွေ့နေရတဲ့ အခက်အခဲအပေါ် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတွေနဲ့ သုံးပွင့်ဆိုင် ညှိနှိုင်းဆောင်ရွက်သွားမယ့် အကြောင်းအရာတွေရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ လက်ရှိကာလမှာ စက်ရုံအချို့ပိတ်ထားတာ ရှိတယ်။ အချို့စက်ရုံတွေကလည်း သင်္ကြန်ကာလပိတ်ရက်နဲ့အတူပေါင်းစပ်ပြီးတော့ ဧပြီလကုန်အထိ ပိတ်ထားတာတွေရှိတယ်။ အများစုသိမြင်ကြားနေတဲ့ ဖွင့်နေတဲ့စက်ရုံတွေအပေါ်မှာ အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်နေသလဲဆိုတဲ့ အခြေအနေတစ်ရပ်ကိုလည်း ကျွန်မတို့ရင်ဆိုင်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာတော့ ဖွင့်နေတဲ့စက်ရုံတွေကို ဦးစားပေးစစ်ဆေးဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ညမထွက်ရ အမိန့်နဲ့ပတ်သက်ရင်တော့ စက်ရုံ၊ အလုပ်ရုံတော်တော်များများမှာ ညဘက် အလုပ်လုပ်ကြရတာ တော်တော်ရှားပါတယ်။ အချိန်ပိုခေါ်ရင်တောင် နှစ်နာရီလောက်ပဲခေါ်ခွင့်ရှိတာပါ။ အဲဒီလိုပဲ ခေါ်ကြတာများပါတယ်။ အလွန်အရေးကြီးတော့မှ အချိန်ပိုခေါ်မယ်ဆိုရင်တောင်မှ အလုပ်သမားတွေ သဘောတူညီမှုမရှိဘဲ ခေါ်လို့မရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါ့ကြောင့် ည ၁၀ နာရီကနေ နံနက် လေးနာရီအထိ မလိုအပ်ဘဲ အပြင်မထွက်ရအမိန့်ထုတ်ပြန်ချက်ဟာ အလုပ်ရှင်၊ အလုပ်သမားတွေအပေါ် ကြီးမားတဲ့ထိခိုက်မှုမျိုးတော့ မရှိနိုင်ဘူးလို့ ပြောချင်ပါတယ်။ လက်ရှိတွေ့ကြုံနေရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေနဲ့ ပတ်သက်ပြီးတော့လည်း အလုပ်ရှင်တွေနဲ့ ညှိနှိုင်းချက်တွေ၊ အလုပ်သမားတွေနဲ့ ညှိနှိုင်းဆောင်ရွက်ချက်တွေကလည်း အကြောင်းအရာနဲ့ အခြေအနေတွေအပါအဝင် ဒီရောဂါနဲ့ပတ်သက်ပြီး ပြန့်ပွားမှုနှုန်းတွေအပေါ်မှာမူတည်ပြီး သတိကြီးကြီးနဲ့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လက်ရှိမှာ ညှိနှိုင်းဆောင်ရွက်မှုတွေကိုလည်း လုပ်ဆောင်နေပါတယ်။ အဲဒီအပေါ်မှာ လိုအပ်ချက်တွေလည်း ရှိနေနိုင်ပါတယ်။ စီးပွားရေးကို ထိန်းကျောင်းနိုင်ဖို့ရယ်၊ အလုပ်သမားတွေရဲ့ စားဝတ်နေရေးကိုလည်း အဆင်ပြေအောင် ဆောင်ရွက်နိုင်ဖို့ရယ်ကတော့ အားလုံးပူးပေါင်းပါဝင်ပြီး ညှိနှိုင်းခြင်းအပေါ်မှာ အားဖြည့်ဆောင်ရွက်ကြဖို့ ပြောချင်ပါတယ်။

**မေး။ ။ မကြာခင်ရက်ပိုင်းမှာ ကမ္ဘာ့အလုပ်သမားနေ့ (May Day) ရောက်ရှိတော့မှာ ဖြစ်တာကြောင့် အဲဒီနေ့နဲ့ပတ်သက်ပြီး အစိုးရအနေနဲ့ ဆောင်ရွက်သွားမယ့် အစီအစဉ်တွေရှိရင်လည်း သိပါရစေ။**

ဖြေ။ ။ ဒီကာလကတော့ ကျန်းမာရေးအရ အလွန်အရေးကြီးနေတဲ့ကာလဖြစ်တယ်။ ကမ္ဘာ့အလုပ်သမားနေ့ဆိုတာ မေ့ပျောက်လို့မရတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ ဒါပေမယ့် အခုအချိန်ကာလမှာ ကမ္ဘာ့အလုပ်သမားနေ့နဲ့ပတ်သက်ပြီးတော့ ပြုလုပ်ဆောင်ရွက်သွားမယ့်အစီအစဉ်မျိုးတော့ မရှိသေးပါဘူး။ ဆောင်ရွက်သွားမယ့်အစီအစဉ်တွေရှိရင်လည်း အသိပေးအကြောင်းကြားသွားမှာဖြစ်ပါတယ်။

**မေး။ ။ ဝန်ကြီးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက အလုပ်ရှင်၊ အလုပ်သမားတွေကို ဘာများပြောချင်တာ ရှိပါသလဲ။**

ဖြေ။ ။ ကျွန်မတို့ရဲ့ နိုင်ငံအနေနဲ့ပဲကြည့်ကြည့်၊ အလုပ်ရှင်၊ အလုပ်သမားအနေနဲ့ပဲကြည့်ကြည့် အားလုံးကတော့ စီးပွားဖက်တွေလို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် လုပ်ငန်းခွင်ရှိမှ အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ရင် ကမ္ဘာတစ်ဝန်းမှာ စီးပွားရေးစိန်ခေါ်မှု၊ ကျန်းမာရေးစိန်ခေါ်မှု၊ လူမှုရေးစိန်ခေါ်မှုတွေအားလုံးကတော့ ထိပ်ဆုံးကိုရောက်နေတဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒီလိုကြီးမားနေတဲ့ စိန်ခေါ်မှုတွေကို စုပေါင်းအားနဲ့ ရန်းပြီးတက်မှသာလျှင် ဒီစိန်ခေါ်မှုတွေကို ကျွန်မတို့ ကျော်ဖြတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီစိန်ခေါ်မှုအားလုံးကို ကျော်ဖြတ်နိုင်ဖို့အတွက် အစိုးရနဲ့အတူ ပြည်သူပြည်သားအားလုံးက အသိ စိတ်ဓာတ်အပြည့်အဝနဲ့ ပါဝင်ဆောင်ရွက်ကြဖို့ လိုပါတယ်။

ဟုတ်ကဲ့ အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ။

## တရုတ်နိုင်ငံမှ နေရပ်အသီးသီးသို့ ပြန်လာသည့် အလုပ်သမား ၅၂၄ ဦးအား မော်တော်ယာဉ်အစီး ၅၀ ဖြင့် ပို့ဆောင်ပေးလျက်ရှိ

**ပြင်ဦးလွင် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာနှင့် နောင်ချိုမြို့နယ် ခြေမြစ်ပင်ကျေးရွာနယ်စပ်ရှိ ပြင်ဦးလွင်မြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ တရုတ်နိုင်ငံတွင် ကြံခုတ်လုပ်ငန်း၊ ပဲစိုက်လုပ်ငန်း သွားရောက်လုပ်ကိုင်ပြီး နေရပ်အသီးသီးသို့ ပြန်လာသည့် အလုပ်သမား ၅၂၄ ဦးအား မော်တော်ယာဉ်အစီး ၅၀ ဖြင့် နောင်ချိုမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ် နယ်စပ်မှ ယနေ့ ညနေ ၆ နာရီ ၃၅ မိနစ်က မန္တလေးမြို့ (၁၆) မိုင် တိုးဂိတ်အထိ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်လာသည့် အလုပ်သမားများသည် မကွေးတိုင်းဒေသကြီး မှ ၁၈၄ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၂ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၈၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၇၁ ဦး၊ နေပြည်တော်မှ ၁၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၄ ဦး တို့အား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ပြင်ဦးလွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်ဇော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်မောင်နှင့်အဖွဲ့တို့က စိစစ်၍ မော်တော်ယာဉ်တန်းဖြင့် ပြင်ဦးလွင်မြို့ မြို့ရှောင်လမ်းမှ မန္တလေးမြို့ (၁၆) မိုင် တိုးဂိတ်အထိ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ဇော်မျိုးထိုက် (ပြန်/ဆက်)**



## အင်တောမြို့၌ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခံသူ ၁၄ ဦးအား နေအိမ်သို့ ပြန်ခွင့်ပြု

**အင်တော မေ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း အင်တောမြို့တွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉နာရီက အသွားအလာကန့်သတ်စောင့်ကြည့်ကာလ ၂၁ ရက်ပြည့်သူ ၁၄ ဦးအား နေအိမ်အသီးသီးသို့ ပြန်ခွင့်ပြုခဲ့ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အင်တောမြို့သို့ အကြောင်းအမျိုးမျိုးဖြင့် ပြည်တွင်းပြည်ပမှ ပြန်ရောက်လာသည့် မြို့ခံပြည်သူတချို့မှတစ်ဆင့် ကိုဗစ်-၁၉ ကူးစက်ပါရှိလာကာ မြို့နေပြည်သူများသို့ ကူးစက်မှုမဖြစ်ပေါ်စေရေးအတွက် ရောဂါထိန်းချုပ်နိုင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကိုဗစ်-၁၉ ကူးစက်မှုကာကွယ် ထိန်းချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် သွားလာစောင့်ကြပ် ကြည့်ရှုသည့်နေရာကို စောင့်ကြည့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွားလာစောင့်ကြပ်ကြည့်ရှုရာနေရာများဖြစ်သည့် ရန်အောင်မြေဘုန်းကြီးကျောင်း၊ အ.မ.က(၁)၊ အ.မ.က(၂)၊ အမှတ်(၄)ရပ်ကွက် ဓမ္မာရုံနှင့် အမှတ်(၅) ရပ်ကွက်ဓမ္မာရုံတို့အနက် ရန်အောင်မြေဘုန်းကြီးကျောင်းတွင် စောင့်ကြည့်ခံထားရသူ အမျိုးသားခြောက်ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၁၄ဦးအား စောင့်ကြည့်ကာလ ၂၁ ရက်ပြည့်ပြီး ရောဂါဖြစ်ပွားသည့် ကနဦးလက္ခဏာဖြစ်ပေါ်တွေ့ရှိရခြင်းမရှိသဖြင့် မြို့ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်လက်မှတ်များ ထုတ်ပေးကာ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်၍ နေအိမ်သို့ ပြန်ခွင့်ပြုခဲ့ကြောင်း သိရသည်။ **အောင်ခိုင် (ပြန်/ဆက်)**

# တာမိုးညဲမြို့၌ ဘိန်းအစားထိုး လက်ဖက်စိုလုပ်ငန်းရှင်များအတွက် အတိုးမဲ့ချေးငွေ ကျပ်သိန်းပေါင်း ၈၀၀ ထုတ်ပေး

**တာမိုးညဲ မေ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် တာမိုးညဲမြို့တွင် ကွတ်ခိုင်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်နှင့် မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မှ တာမိုးညဲဒေသ၌ ဘိန်းအစားထိုး လက်ဖက်စိုလုပ်ငန်းရှင်များအတွက် အတိုးမဲ့ချေးငွေထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့က တာမိုးညဲမြို့ မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုခန်းမ၌ ကျင်းပသည်။




"တာမိုးညဲမြို့မှာ ဘိန်းတွေ စိုက်ပျိုးခြင်း မပြုတော့တဲ့ ဒေသခံပြည်သူတွေနဲ့ လုပ်ငန်းရှင်တွေ လက်ဖက်စိုလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဖို့နဲ့ အလုပ်အကိုင် အဆင်ပြေချောမွေ့စေဖို့အတွက် အတိုးမဲ့ချေးငွေထုတ်ပေးရတာ ဖြစ်ပါတယ်။ ဒီလိုချေးငွေထုတ်ပေးတာဟာ ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာသလို ထုတ်ကုန်တွေကို ပိုမိုလျင်မြန် သက်သာစွာ ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်" ဟု အတိုးမဲ့ ချေးငွေထုတ်ပေးခြင်း ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကို မုန်းဝန်း ဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအခမ်းအနားသို့ မြို့အုပ်ချုပ်ရေးမှူးဦးထွန်းနိုင်၊ ဌာနဆိုင်ရာများနှင့် မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူ များ တက်ရောက်ကြပြီး ဘိန်းအစားထိုး လက်ဖက်လုပ်ငန်းရှင်များ အတွက် ငွေကျပ်သိန်းပေါင်း ၈၀၀ ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# လူစုလူဝေးများ မဖြစ်ပေါ်စေရေး မလိုအပ်သော ဈေးဆိုင်ခန်းများ ပိတ်ထားရန် အသိပညာပေး

**မုံရွာ မေ ၂၇**

စားသောက်ကုန် ရောင်းချသည့်လုပ်ငန်းများ၊ ဆေးဝါးပစ္စည်းအရောင်းဆိုင်များ၊ ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ၊ စက်သုံးဆီဆိုင်များ၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများနှင့် ဘဏ်များမှလွဲပြီး လတ်တလောမလိုအပ်သော ဈေးဆိုင်ခန်းများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် ပိတ်ထားကြရန်၊ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာကြရန် မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဈေးများ အရောက် ကွင်းဆင်းအသိပေးလျက်ရှိသည်။

"အခိုကကတော့ မုံရွာမြို့ပေါ်မှာ လူစုလူဝေးမဖြစ်စေဖို့ တိုင်းဒေသကြီးက ညွှန်ကြားချက်ကို ဈေးဆိုင်တွေက သိရှိစေဖို့ ညွှန်ကြားချက်ကိုပေးတယ်၊ သိရှိကြောင်း လက်မှတ်ထိုးစေပြီးတော့ သတ်မှတ်ကာလအတွင်း ဈေးဆိုင်တွေကို ပိတ်ထားပေးဖို့၊ ညွှန်ကြားချက်ကို ဖောက်ဖျက်ပြီး ဈေးဆိုင်ဖွင့်ရောင်းရင် ဥပဒေအရ အပြစ်ပေးအရေးယူတာတွေ လုပ်မှာဖြစ်တဲ့အတွက် အသိပညာပေးတဲ့အနေနဲ့ မနေ့ကတည်းက လိုက်ပြီးတော့ လုပ်ဆောင်ပေးတာ ဖြစ်ပါတယ်။ အပြင်ထွက်ရင် နှာခေါင်းစည်းတပ်ပြီးမှ ထွက်ကြဖို့ပြောပြီး နှာခေါင်းစည်းဝေပေးတယ်။ နောက်ရက်လည်း ကျန်တဲ့လမ်းတွေက ဆိုင်တွေကိုဆက်ပြီး အသိပညာပေးတာတွေ လုပ်ဆောင်မှာ ဖြစ်ပါတယ်" ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဒုတိယဦးစီးမှူး ဦးမင်းမင်းသန့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်၊ ပြန့်ပွားမှု မဖြစ်ပွားစေရေးနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် မေ ၂၄ ရက်မှ မေ ၃၇ ရက်အထိ ခေတ္တယာယီ ပိတ်သိမ်းထားကြရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်ကို မုံရွာမြို့ ကျောက္ကာလမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် လူစုလူဝေး ဖြစ်နိုင်သော လျှပ်စစ်ပစ္စည်းဆိုင်များ၊ ကုန်မာဆိုင်များ၊ ဆိုင်ကယ်ဆိုင်၊ ဖုန်းဆိုင်များ၊ အဝတ်အထည်ဆိုင်ကြီးများ၊ လတ်တလောမလိုအပ်သော ဈေးဆိုင်များ ခေတ္တယာယီ ပိတ်သိမ်းထားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အား ဈေးဆိုင်ပိုင်ရှင်များသိရှိနိုင်ရန် ယမန်နေ့က မုံရွာမြို့နယ် စည်ပင်သာယာရေး ကော်မတီက ဝန်ထမ်းများက လိုက်လံ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးသည့် အပေါ့စားမီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများ လွှဲပြောင်းပေးအပ်

**ဘုတလင် မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးသည့် အပေါ့စားမီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ဘုတလင်မြို့နယ်အတွင်းရှိ အုတ်ဖိုကျေးရွာနှင့် ကျောင်းကျေးရွာကို ယမန်နေ့က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

လွှဲပြောင်းပေးအပ်ပြီးနောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းဇော်ဌေးနှင့် မီးသတ်ဝန်ထမ်းများက အပေါ့စား မီးသတ်စက်နှင့် ဆက်စပ်ပစ္စည်းများအား တပ်ဆင်အသုံးပြုပုံနှင့် မီးငြိမ်းသတ်နေမှုအခြေအနေများကို လက်တွေ့ သရုပ်ပြခဲ့ကြသည်။

**ဖိုးခါး(ပြန်/ဆက်)**

ကချင်ပြည်နယ် ဆင်ဘိုမြို့ ရောဦးရပ်ကွက်၌ ပြည်နယ်လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၃၀၊ ရပ်ကွက်နေပြည်သူထည့်ဝင်ငွေကျပ် ၃၂ သိန်းဖြင့် ရောဦးရပ်ကွက် ဇေဒါလမ်းကို သဲကျောက်ခင်းခြင်း လမ်း အကျယ် ၁၂ ပေ ၆ လက်မ၊ လမ်းအရှည် ပေ ၁၀၀၀ ကို ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်က တွေ့ရစဉ်။

စိုးမိုးကျော်(ပြန်/ဆက်)



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇–၄–၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၉၄၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၅/၄၆၀ | ကျပ် | ၄၆၀/၄၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၅/၄၇၀ | ကျပ် | ၄၇၅/၄၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၂၉၀/၃၃၀ | ကျပ် | ၃၄၀/၃၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၃၀/၄၇၀ | ကျပ် | ၄၉၅/၅၃၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၇ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၉ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၆၂ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၂ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၄ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၁၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၀၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၃၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၆၃၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၁၀၄၃ | ၁၀၃၃၁၅၀၀ |
| MTSH | ၃၆၀၀ | ၃၅၅၀ | ၁၁၇၇ | ၄၂၂၆၈၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၃ | ၂၄၉၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၂ | ၄၃၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁၀၄ | ၂၇၉၄၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချီရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းများနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ

(ယမန်နေ့မှ အဆက်)





၁၂ ဆက်လက်၍ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး စိစစ်ခြင်း(Verify)ကို ပြုလုပ်ပေးရပါမယ်။




၁၃


09 နဲ့စပြီး မိမိအသုံးပြုမည့် ဖုန်းနံပါတ်ကို ရိုက်ထည့်ပြီး ရှေ့ဆက်(Next)နှိပ်ပေးရပါမယ်။ ထို့နောက် မိမိဖုန်းထဲသို့ပေးပို့လာသည့် တစ်ခါသုံးစကားဝှက်(xxxxx)ကို ရိုက်ထည့်ပြီး အတည်ပြုပါ (Verify)နှိပ်ပေးရပါမယ်။ (Verify Successfully ဆိုရင်စိစစ်ခြင်း(Verify)လုပ်ငန်းစဉ် အောင်မြင်ပါသည်။)




၁၄

ဒုတိယဆက်လက်ဆောင်ရွက်သင့်တာကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး မိမိရဲ့ကိုယ်ရေးအချက်အလက်များကို ထည့်သွင်းပေးရမှာဖြစ်ပါမယ်။ (ထည့်သွင်းပြီးပါက မိမိဖုန်းထဲတွင် စောစောရှာ အက်ပလီကေးရှင်း အောင်မြင်စွာထည့်သွင်းပြီးဖြစ်ပါသည်။)


## အပိုင်း(၂) တည်နေရာစာရင်းအသုံးပြုခြင်း




မိမိဖုန်းထဲရှိ တည်နေရာ (Location)ကို ဖွင့်ထားပါက ဖုန်းတည်ရှိရာနေရာကို သတ်မှတ်ချိန်ရောက်တိုင်း ရောက်တိုင်း မှတ်တမ်းယူပြီး ဖုန်းထဲမှာ အရင်သိမ်းပါတယ်။ ပြီးလျှင် သိမ်းထားသည့် ဒေတာများကို ဆာဗာကို သတ်မှတ်အချိန် ရောက်တိုင်း ရောက်တိုင်း ပေးပို့နေပါတယ်။ Home Screen ရဲ့ ညာဘက်မှာရှိတဲ့ Location List Page ကို နှိပ်လိုက်ပါက အဲဒီမှာ မိမိရဲ့တည်နေရာမှတ်တမ်းကို တွေ့ရပါလိမ့်မယ်။

GPS Check In QR Check In


၁၅





Manual Location ရယူလိုပါက GPS Check In ကို နှိပ်၍ ရယူနိုင်ပါတယ်။ နောက်ပိုင်းမှာ QR Check In နဲ့လည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

GPS Check In QR Check In

၁၆




၁၇ Location တစ်ခုချင်းစီကို မိမိမှတ်သားလိုတဲ့ အချက်အလက်များ ထည့်သွင်းလိုပါက အဆိုပါ Location ကို နှိပ်ပြီး ဖြည့်သွင်းနိုင်ပါတယ်။ အဆိုပါ Location အချက်အလက်တွေကို သတ်မှတ်တဲ့အချိန်တိုင်း ဆာဗာကို ပေးပို့နေမှာ ဖြစ်ပါတယ်။

၁၈ အကယ်၍ Manual ပို့ချင်တယ်ဆိုရင် ညာဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုသွားပြီး တင်ပို့ပါ (Submit)ကိုနှိပ်၍ ဆက်လက်ဆောင်ရွက်ပါက အဆိုပါအချက်အလက်များကို ဆာဗာကို တစ်ကြိမ်ပို့လိုက်မှာ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံ တောင်ဘက်စွန်းသို့

မောင်သာ(ရှေးဟောင်းသုတေသန)

**ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်သည် တစ်ဆက်တည်း တည်ရှိနေကာ ယခင်က ထားဝယ်မြို့မှ မြိတ်မြို့သို့ ပင်လယ်ပြင်ကို ဖြတ်သန်းမောင်းနှင်သည့် ရုပ်ပြေးရေယာဉ်ဖြင့် သွားနိုင်ခဲ့ကြသည်။ ယခုအခါ ကားလမ်းများ အထူးကောင်းမွန်နေပြီဖြစ်သဖြင့် ခရီးသည်အများစုသည် ကားဖြင့်သာ သွားလာကြပြီး လေကြောင်းခရီးဖြင့်လည်း သွားနိုင်သည်။**

### မြိတ်ခရိုင် ပုလောမြို့နယ်

မြိတ်ခရိုင်ကို မြိတ်၊ ကျွန်းစု၊ တနင်္သာရီနှင့် ပုလောမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည်။ ထားဝယ်မြို့မှ မြိတ်ခရိုင်သို့ မော်တော်ယာဉ်ဖြင့် သွားခဲ့ရာတွင် ပထမဆုံးရောက်ရှိသော မြို့မှာ ထားဝယ်မြို့၏ အရှေ့တောင်ဘက်ယွန်းယွန်းသို့ ၁၅၈ ကီလိုမီတာ ကွာဝေးသည့် ပုလောမြို့ဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာနမှတ်တမ်းတွင် ပုလောမြို့နယ်နှင့် မော်သာယာ တောင်တန်းနေရာသည် ရှေးအခါက ကျွန်းတစ်ကျွန်း ဖြစ်ခဲ့ဟန်ရှိကာ ပသျှူးဘာသာဖြင့် ပုလို(ကျွန်း)ဟုခေါ်ဆိုရာမှ ပုလောဟု အမည်တွင်ခဲ့ကြောင်း ဖော်ပြထားသည်။ ၁၆ ရာစုနှင့် ၁၇ ရာစုတွင် ပုလောမြို့နယ် နေရာ၌ ဗမာ၊ကရင်နှင့် ထိုင်းများနေခဲ့ဟန်ရှိကာ ၁၈၀၈ ခုနှစ်မှ ၁၈၂၄ ခုနှစ်အတွင်း ထားဝယ်၌ ပုန်ကန်မှုများဖြစ်ခဲ့သဖြင့် ထားဝယ်ဒေသမှ လူများသည် ပုလောသို့ ရွှေ့ပြောင်းခဲ့ကြောင်း ရေးသားထားသည်။ ပုလောကို ၁၉၇၂ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် မြို့အဖြစ်သတ်မှတ်ခဲ့၍ ပုလောမြို့နယ်အတွင်းရှိ ပလောက်မြို့ကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ပလမြို့ကို ၂၀၁၆ ခုနှစ်တွင် လည်းကောင်း ဖွဲ့စည်းခဲ့သည်။

ပုလောမြို့နယ်၏တည်နေရာသည် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၂၀ မိနစ်နှင့် ၁၃ ဒီဂရီ ၂၈ မိနစ် အကြား၊ အရှေ့လောင်ဂျီ တွဒ် ၉၈ ဒီဂရီ ၃၃ မိနစ်နှင့် ၉၈ ဒီဂရီ ၅၂ မိနစ် အကြားဖြစ်ကာ အရှေ့အနောက် ၆၅မိုင် နှင့် တောင်မြောက် ၅၄ မိုင်ရှည်လျားပြီး ၁၀၁၆ ဒသမ ၉၂ စတုရန်းမိုင်ကျယ်ဝန်းကာ မြို့နယ်ဧရိယာ ၂၀ ဒသမ ၆၁ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းထားသည်။

ပုလောမြို့နယ်ကို မြို့သုံးမြို့(ပုလော၊ ပလောက်နှင့် ပလ)၊ရပ်ကွက် ၁၃ ခု၊ ကျေးရွာအုပ်စု ၂၇ အုပ်စုနှင့် ကျေးရွာ ၁၆၃ ရွာဖြင့်ဖွဲ့စည်းထားကာ အရှေ့ဘက်တွင် တနင်္သာရီမြို့နယ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ တောင်ဘက်တွင် မြိတ်မြို့နယ်၊ မြောက်ဘက်တွင် သရက်ချောင်းမြို့နယ်တို့နှင့် ထိစပ်နေသည်။ ပုလောမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အထက် ၁၂ ပေ သာမြင့်၍ မြစ်ချောင်းများပေါများကာ ယင်းတို့သည် ကပ္ပလီပင်လယ်အတွင်းသို့ စီးဝင်ကြသည်။

အပူအအေးမျှတသော ရာသီဥတုရှိသည့် ပုလောမြို့နယ်တွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း အနိမ့်ဆုံး အပူချိန်သည် ၂၁ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံးအပူချိန်သည် ၃၅ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ ပျမ်းမျှမိုးရေချိန်သည် ၁၉၆ ဒသမ ၄၄ လက်မဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ ပုလောမြို့နယ် လူဦးရေသည် ၁၃၅၅၁၀ ဖြစ်ပြီး မြို့နယ်လူဦးရေ၏ ၇၈ ဒသမ ၆၆ ရာခိုင်နှုန်းသည် ဗမာလူမျိုးများဖြစ်၍ မွန်နှင့် ကရင်လူမျိုးများလည်း နေထိုင်လျက်ရှိသည်။ မြို့နယ် လူဦးရေ၏ ၈၄ ရာခိုင်နှုန်းသည် ဗုဒ္ဓ ဘာသာကို ကိုးကွယ်ကြ၍ ၁၅ ဒသမ ၄၄ ရာခိုင်နှုန်း (၂၀၉၂၄ ဦး)သည် ခရစ်ယာန်ဘာသာကို ကိုးကွယ်သည်။ ဟိန္ဒူနှင့်အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်း အနည်းငယ်ရှိသည်။

ဒေသနေပြည်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖြင့် အဓိကအသက်မွေးကြကာ မြို့နယ်၏ အဓိကထွက်ကုန်သည် ရော်ဘာ၊ ကွမ်းသီးနှင့်



ဘုရင့်နောင်အငူ

သီဟိုဠ် သရက်ဖြစ်သည်။ အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၁၂၁၃၇၂ ဧကတွင် စပါး၊ ကွမ်းပင်နှင့် ရော်ဘာကို အများ ဆုံး စိုက်ပျိုးကာ မြို့နယ်၏ ဆန်ဖူလုံမှုသည် ၁၃၆ ဒသမ ၄၆ ရာ ခိုင်နှုန်းဖြစ်သည်။ ရေချို ရေငန် ငါးဖမ်းလုပ်ငန်းအပြင် နွားဝက်၊ ဆိတ်၊ ကြက်နှင့် ဘဲတို့ကိုလည်း မွေးမြူသည်။

ပုလောမြို့နယ်တွင် အထက်တန်းကျောင်း လေးကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၀ ကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်းနှင့် အလယ်တန်းကျောင်းခွဲ ၁၃ ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၈၅ ကျောင်းဖွင့်လှစ်ထားသည်။ ထို့အတူ ခုတင် ၅၀ ဆံ့ ပုလောမြို့နယ်ဆေးရုံ၊ ၂၅ ခုတင်ဆံ့ ပလောက်တိုက်နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံလေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၅ ခု ဖွင့်လှစ်ထားသည်။ ပုလောမြို့နယ်၌ စေတီပုထိုး ၁၅၇ ဆူနှင့် ဘုန်းကြီးကျောင်း ၁၁၉ ကျောင်းရှိသည်။

### မြိတ်မြို့နယ်သို့

မြိတ်မြို့သည် ပုလောမြို့မှ တောင်ဘက်သို့ ၁၀၁ ကီလိုမီတာကွာဝေးကာ များစွာသော လှပသည့် ကျွန်းစုများကြောင့် ထင်ရှားသည့် ဒေသဖြစ်သည်။ မြိတ်မြို့သို့ ရန်ကုန်မှ ကား ၊ လေယာဉ်တို့ဖြင့် တိုက်ရိုက်သွားရောက်နိုင်သည်။

ရာဇဝင်များအရ မြိတ်မြို့ကို ကောဇာသက္ကရာဇ် ၉၃၆ ခုနှစ်တွင် ထူထောင်၍ မင်းဆက် ၅၃ ဆက်၊၂၅၄ နှစ် အုပ်စိုးခဲ့သည်ဟု ဆိုသည်။ မြန်မာနိုင်ငံအောက်ပိုင်းကို ဗြိတိသျှတို့သိမ်းပိုက်ပြီးနောက် မြိတ်ကို ခရိုင်မြို့အဖြစ် သတ်မှတ်ခဲ့ပြီး လွတ်လပ်ရေး မရရှိမီအချိန်အထိ ခရိုင်ဝန် ၂၂ ဦး အုပ်ချုပ်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် မြိတ်မြို့ကို မြိတ်အရှေ့မြို့နယ်နှင့် မြိတ်အနောက်မြို့နယ်ဟု ခွဲခြားခဲ့ပြီး ၁၉၈၉ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် မြိတ်အရှေ့မြို့နယ်ကို မြိတ်မြို့နယ်ဟု လည်းကောင်း၊မြိတ်အနောက်မြို့နယ်ကို ကျွန်းစုမြို့နယ်ဟု လည်းကောင်း သတ်မှတ်ခဲ့သည်။

မြိတ်မြို့နယ်၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၂၀ မိနစ်နှင့် ၁၂ ဒီဂရီ ၄၈ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၃၆ မိနစ်နှင့် ၉၈ ဒီဂရီ ၅၈ မိနစ် အကြားဖြစ်ကာ ၅၄၇ ဒသမ ၄၅ စတုရန်းမိုင်ကျယ်ဝန်းသည်။ မြိတ်မြို့နယ်ကို ရပ်ကွက် ၁၂ ခု၊ ကျေးရွာအုပ်စု ၂၂ အုပ်စုနှင့် ကျေးရွာ ၁၄၃ ရွာဖြင့် ဖွဲ့စည်းထားသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၈၄ ပေမြင့်သည့် မြိတ်မြို့နယ်သည် အရှေ့ဘက်တွင် တနင်္သာရီရိုးမ၊ အနောက်ဘက်တွင် ကျွန်းစုမြို့နယ်၊ တောင်ဘက်တွင် တနင်္သာရီမြို့နယ်၊ မြောက်ဘက်တွင် ပုလောမြို့နယ်နှင့် ထိစပ်နေကာ တောင်ကုန်းတောင်တန်းများ ပေါများသည့် မြို့နယ်တစ်ခုဖြစ်သည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည့် မြိတ်မြို့နယ်တွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း အနိမ့်ဆုံး အပူချိန်သည် ၁၇ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံး အပူချိန်သည် ၃၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ဖြစ်၍ ပျမ်းမျှ မိုးရေချိန်သည် ၁၅၈ ဒသမ ၀၄ လက်မ ဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ မြိတ်မြို့နယ်၏ လူဦးရေသည် ၂၆၁၀၉၁ ဦး ဖြစ်ပြီး မြို့နယ်လူဦးရေ ၏ ၉၁ ဒသမ ၇၉ ရာခိုင်နှုန်းသည် ဗမာလူမျိုးများဖြစ်၍ ကရင်၊ မွန်နှင့် အခြားလူမျိုးများလည်း နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၈၆ ဒသမ ၆၄ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်း ရှိသည်။

ဒေသနေပြည်သူများသည် စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ရေလုပ်ငန်းဖြင့် အသက်မွေးကြကာ မြို့နယ်၏ အဓိက ထွက်ကုန်သည် ရော်ဘာ၊ ကွမ်းသီး၊ ငှက်သိုက်နှင့် သီဟိုဠ် သရက်ဖြစ်သည်။ အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၈၉၂၂၈ ဧကတွင် စပါး၊ ရော်ဘာနှင့် ဆီအုန်းကို စိုက်ပျိုးကြကာ မြို့နယ်ဆန်ဖူလုံမှုသည် ၇၅ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်သည်။ ရေချိုရေငန်ငါးဖမ်းလုပ်ငန်းအပြင် နွား၊ဝက်၊သိုး၊ ဆိတ်၊ ကြက်နှင့်ဘဲတို့ကိုလည်း မွေးမြူသည်။

မြိတ်မြို့နယ်တွင် အဆင့်မြင့်ပညာကဏ္ဍ၌ မြိတ်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့်နည်းပညာ အထက်တန်းကျောင်းတို့ကို ဖွင့်လှစ်ထားသည်။ ထို့အတူ အခြေခံပညာကဏ္ဍ၌ အထက်တန်းကျောင်း ၁၆ ကျောင်း၊ အထက်တန်းကျောင်းခွဲ ကိုးကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်းနှင့် အလယ်တန်းကျောင်းခွဲ ၁၅ ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၉၇ ကျောင်းဖွင့်လှစ်ထားသည်။ ကျန်းမာရေးကဏ္ဍ၌ ခုတင် ၂၀၀ ဆံ့ အစိုးရဆေးရုံကြီး၊ ပုဂ္ဂလိကဆေးရုံ လေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခုနှင့် ကျန်းမာရေးဌာနခွဲ ၂၅ ခုဖွင့်လှစ်ထားသည်။ မြိတ်မြို့နယ်တွင် ဘုရားစေတီ ၈၆ ဆူရှိ သည်။ မြိတ်မြို့ ဆိပ်ငယ်ရပ်ရှိ လေးကျွန်းဆီမီးစေတီတော်၊ အင်္ဂလိပ်အရေးပိုင် မောလစ်ကောလစ်နေထိုင်ခဲ့သည့် အရေးပိုင် အိမ်ကြီးနှင့် မြိတ်ကျွန်းစုများသည် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားကြသည့်နေရာများဖြစ်ကြသည်။

### ကျွန်းစုမြို့နယ်သို့

ကျွန်းစုမြို့နယ်သည် မြိတ်မြို့ အနောက်ဘက်တွင်တည်ရှိကာ ၁၉၈၁ ခုနှစ်တွင် ကတန်ကျွန်းပေါ်ရှိ ကတ္တလူကျေးရွာအုပ်စု၊ ကမ်းဇော်တာကျေးရွာကို မြို့ကွက်ရိုက်၍ မြိတ်အနောက်မြို့နယ်အဖြစ် ထူထောင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် ကျွန်းစုမြို့နယ်ဟု သတ်မှတ်ခဲ့သည်။

ကျွန်းစုမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၁၅ မိနစ်နှင့် ၁၂ ဒီဂရီ ၄၅ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၁ မိနစ်နှင့် ၉၈ ဒီဂရီ ၅၅ မိနစ် အကြား၌ တည်ရှိကာ ၁၈၃၈ ဒသမ ၄၈ စတုရန်းမိုင် ကျယ်ဝန်းပြီး ရပ်ကွက် လေးခု၊ ကျေးရွာအုပ်စု ၂၀၊ ကျေးရွာ ၁၈၇ ရွာဖြင့် ဖွဲ့စည်းထားသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ ကျွန်းစုမြို့နယ်တွင် ကျွန်း ၂၁၀ ရှိ၍ ၁၁၂ ကျွန်းတွင် လူများနေထိုင်ကြသည်။ ကျွန်းစုမြို့နယ်၏ အရှေ့ဘက်တွင် မြိတ်နှင့် တနင်္သာရီမြို့နယ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊တောင်ဘက်တွင် ဘုတ်ပြင်းမြို့နယ်နှင့် မြောက်ဘက်တွင် ပုလောမြို့နယ်တို့တည်ရှိကာ ပင်လယ်ရေဝန်းရံထားသည့် ကျွန်းများတွင် တောင်ကုန်းတောင်တန်းများ ပေါများသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည့် ကျွန်းစုမြို့နယ်တွင် လွန်ခဲ့သည့် လေးနှစ်အတွင်း အနိမ့်ဆုံး အပူချိန်သည် ၂၀ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံး အပူချိန်သည် ၃၄ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ ပျမ်းမျှမိုးရေချိန်သည် ၂၃၀ ဒသမ ၆၁လက်မ ဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ ကျွန်းစုမြို့နယ်လူဦးရေသည် ၁၇၈၉၄၉ ဦးဖြစ်ပြီး မြို့နယ်လူဦးရေ၏ ၉၁ ဒသမ ၇၉ ရာခိုင်နှုန်းသည် ဗမာလူမျိုးများဖြစ်၍ ကရင်၊ မွန်နှင့် အခြားလူမျိုး အနည်းငယ်လည်း နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၈၆ ဒသမ ၆၄ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်း ရှိသည်။

ဒေသနေပြည်သူများသည် ရေလုပ်ငန်းနှင့် ဥယျာဉ်စိုက်ပျိုးခြင်းလုပ်ငန်းများဖြင့် အဓိကအသက်မွေးကြကာ မြို့နယ်၏ အဓိက ထွက်ကုန်သည် ငါးပိ၊ငါးခြောက်နှင့် ပုစွန်ခြောက်ဖြစ်သည်။ ကျွန်းစုမြို့နယ်တွင် အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၆၅၁၈၅ ဧကရှိပြီး စပါး၊ ရော်ဘာနှင့် အုန်းပင်များကို စိုက်ပျိုးကြကာ မြို့နယ်ဆန်ဖူလုံမှုသည် ၃၃ ဒသမ ၈၂ ရာ ခိုင်နှုန်း ဖြစ်သည်။ ငါးဖမ်းလုပ်ငန်းအပြင် နွား၊ဝက်၊သိုး၊ ဆိတ်၊ ကြက်နှင့် ဘဲတို့ကို မွေးမြူသည်။

ကျွန်းစုမြို့နယ်တွင် အထက်တန်းကျောင်း ခြောက်ကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အလယ်တန်းကျောင်း ၁၅ ကျောင်းနှင့် အလယ်တန်းကျောင်းခွဲ ၁၉ ကျောင်း၊မူလတန်းလွန်နှင့်မူလတန်းကျောင်း ၉၆ ကျောင်းဖွင့်လှစ်ထားသည်။ ထို့အတူ ၂၅ ခုတင်ဆံ့ မြို့နယ် အစိုးရဆေးရုံ၊ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ခြောက်ခုနှင့် ကျန်းမာရေးဌာနခွဲ ၃၃ ခုဖွင့်လှစ်ထားသည်။ ကျွန်းစုမြို့နယ်၏ အထင်ရှားဆုံးဘုရားသည် ပတက်ကျေးရွာရှိ မဟာ အတုလရံသီ ရွှေသာလျောင်းဘုရားဖြစ်သည်။

### တနင်္သာရီမြို့နယ်သို့

တနင်္သာရီမြို့သည် မြိတ်မြို့မှ အရှေ့တောင်ဘက်သို့ ၇၆ ကီလိုမီတာကွာဝေး၍ တနင်္သာရီမြစ်နှင့် ချောင်းငယ်မြစ်ကမ်းပေါ်တွင် တည်ရှိသည်။ တနင်္သာရီမြို့နယ်အတွင်းရှိ ဓားသွေးချောင်းသည် အလောင်းမင်းတရားဦးအောင်ဇေယျ ထိုင်းသို့ စစ်ချီခဲ့စဉ်က ဓားသွေးခဲ့သည့် နေရာအဖြစ် ထင်ရှားခဲ့သည်။

တနင်္သာရီမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၅ မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၁၂ မိနစ် အကြား၌ တည်ရှိကာ အရှေ့အနောက် ၅၈ မိုင်နှင့် တောင်မြောက် ၁၄၃ မိုင်ရှည်လျား၍ ၄၃၈၀ ဒသမ ၀၅ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြို့နယ်ကို မြို့နှစ်ခု (တနင်္သာရီနှင့် မောတောင်) ရပ်ကွက် ငါး ခု၊ ကျေးရွာအုပ်စု ၁၉ အုပ်စု ၊ ကျေးရွာ ၁၇၆ ရွာဖြင့် ဖွဲ့စည်းထားသည်။

တနင်္သာရီမြို့နယ်၏ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မြိတ်၊ ပုလောနှင့်ကျွန်းစုမြို့နယ်၊ တောင်ဘက်တွင် ဘုတ်ပြင်းမြို့နယ်နှင့် မြောက်ဘက်တွင် ထားဝယ်မြို့နယ်နှင့် ထိစပ်နေသည်။

*စာမျက်နှာ ၂၂ သို့*

“မြန်မာနိုင်ငံ တောင်ဘက်စွန်းဒေသဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးသည် စားအုန်းဆီပင်၊ ကွမ်းသီးနှင့် သီဟိုဠ်သရက် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းတို့ဖြင့် စီးပွားဖွံ့ဖြိုးတိုးတက်နေသည့် ဒေသတစ်ခုဖြစ်”

# ပွင့်ဖြူမြို့နယ်အတွင်းရှိ သဘင်လုပ်သားအဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်ပစ္စည်းငါးမျိုး ထောက်ပံ့လှူဒါန်း

**ပွင့်ဖြူ မေ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း သဘင်လုပ်သားအဖွဲ့ဝင်များ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် မြန်မာနိုင်ငံသဘင် အစည်းအရုံးနှင့် CB – KMA Foundation တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် အခြေခံစားသောက် ကုန်ပစ္စည်းငါးမျိုးကို ပွင့်ဖြူမြို့နယ် လယ်ကိုင်း ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် လာရောက် ထောက်ပံ့ လှူဒါန်းပေးသည်။ **(ဝဲအောက်ပုံ)**



လတ်တလောတွင် ကိုဗစ် - ၁၉ ဖြစ်ပွားနေသည့်အတွက် နိုင်ငံတော်အစိုးရမှ လူစုလူဝေးများ မဖြစ်ပေါ်စေရေး ပွဲလမ်းသဘင်များ မကျင်းပရန် ညွှန်ကြားထားသည့်အတွက် မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် CB – KMA Foundation တို့ ပူးပေါင်းအဖွဲ့က နိုင်ငံတစ်ဝန်းရှိ သဘင်လုပ်သားထု တစ်ရပ်လုံး စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲ စသည့် အခြေခံစားသောက်ကုန် ပစ္စည်းငါးမျိုးကို အမြို့မြို့အနယ်နယ်ရှိ သဘင်လုပ်သားများအား ထောက်ပံ့လှူဒါန်းပေးနေကြောင်း တိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးမင်းခန့်ကိုက ပြောကြား သည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် သဘင်လုပ်သားအဖွဲ့ဝင် စုစုပေါင်း ၄၃ ဦးရှိကြောင်း အခြေခံစားသောက်ကုန်ပစ္စည်း ငါးမျိုးကို တိုင်းဒေသကြီး သဘင်အစည်းအရုံးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံသဘင်အစည်းအရုံးနှင့် CB – KMA Foundation အဖွဲ့တို့ ကိုယ်စား လာရောက် ထောက်ပံ့လှူဒါန်းရာ ပွင့်ဖြူ မြို့နယ် သဘင်အစည်းအရုံးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် အဖွဲ့ဝင်များက လက်ခံယူပြီး မြို့နယ်အတွင်းရှိ သဘင်လုပ်သားများထံ လှူဒါန်းပေးခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မိုင်းတုံ၌ ကျန်းမာရေးသုံးပစ္စည်းများ မြို့နယ်ပြည်သူ့ဆေးရုံသို့ လှူဒါန်း

**မိုင်းတုံ မေ ၂၇**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းတုံမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်းများ ကျန်းမာရေးသုံးပစ္စည်းများနှင့် အာဟာရကြက်ဥများ ပြည်သူ့ဆေးရုံသို့ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

လှူဒါန်းရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အောင်သိုက်က ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၈၀၀၊ နှာခေါင်းစည်း အခု ၆၀၊ မျက်မှန် ၇၀၊ လက်သန့်ဆေးရည် ၇၀၊ လက်ဆေးဆပ်ပြာရည်ဘူး ၉၀၊ ကြက်ဥ အလုံး ၁၅၀ တို့ကိုပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသက်ခိုင်မင်းက လက်ခံယူခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းခိုင်**



*စာမျက်နှာ ၂၁ မှ*

မိုင် ၂၇၀ ရှည်လျားသည့် တနင်္သာရီမြစ်သည် တနင်္သာရီမြို့နယ်အတွင်း၌ ၁၃၈ မိုင် ဖြတ်သန်းစီးဆင်းနေသည်။ မြို့နယ်ဧရိယာ၏ ၆၄ ဒသမ ၃၃ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းထားသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀ မြင့်ပြီး သမမျှတသော ရာသီဥတုရှိသည့် တနင်္သာရီမြို့နယ်တွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း အနိမ့်ဆုံးအပူချိန်သည် ၁၄ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံး အပူချိန်သည် ၄၀ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်ဖြစ်၍ ပျမ်းမျှမိုးရေချိန်သည် ၁၇၁ ဒသမ ၂၃ လက်မ ဖြစ်သည်။

၂၀၁၈ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ တနင်္သာရီမြို့နယ်လူဦးရေသည် ၁၀၁၈၄၂ ဦး ဖြစ်၍ မြို့နယ်လူဦးရေ ၏ ၈၅ ဒသမ ၉၇ ရာခိုင်နှုန်းသည် ဗမာလူမျိုးများဖြစ်၍ ကရင်၊ မွန်၊ ရခိုင်နှင့် အခြားလူမျိုးများလည်း နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၈၂ ဒသမ ၀၆ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်း နေထိုင်ကြသည်။

ဒေသနေပြည်သူများသည် ဥယျာဉ်စိုက်ပျိုးခြင်း လုပ်ငန်းဖြင့် အဓိကအသက်မွေးကြကာ မြို့နယ်၏ အဓိကထွက်ကုန်သည် ကွမ်းသီး၊ ရော်ဘာနှင့် ဆီအုန်း ဖြစ်သည်။ ကျွန်းစုမြို့နယ်တွင် အသားတင် စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၁၂၀၄၃၅ ဧကတွင် စပါး၊ ဆီအုန်း၊ ရော်ဘာနှင့်ကွမ်းသီးပင်များကို စိုက်ပျိုးကြကာ မြို့နယ် ဆန်ဖူလုံမှုသည် ၁၂၇ ဒသမ ၂၂ ရာ ခိုင်နှုန်း ဖြစ်သည်။ ရေငန်ငါးဖမ်းလုပ်ငန်းအပြင် နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်နှင့်ဘဲတို့ကို မွေးမြူကြသည်။

တနင်္သာရီမြို့နယ်တွင် အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်းနှင့် အလယ်တန်း ကျောင်းခွဲ ၁၂ကျောင်း၊ မူလတန်းလွန်နှင့်မူလတန်း ကျောင်း ၉၄ ကျောင်းဖွင့်လှစ်ထားသည်။ ထို့အတူ ခုတင် ၅၀ ဆံ့ တနင်္သာရီမြို့နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ နှစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန လေးခုနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲ ၂၂ ခု ဖွင့်လှစ်ထားသည်။

### ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်

ကော့သောင်းမြို့သည် မြန်မာနိုင်ငံ တောင်ဘက်စွန်းတွင်တည်ရှိကာ ရန်ကုန်မြို့မှ မော်တော်ကားလမ်းအတိုင်း ၁၂၈၉ ကီလိုမီတာ ကွာဝေးသည်။ ကော့သောင်းခရိုင်ကို ကော့သောင်းနှင့် ဘုတ်ပြင်းမြို့နယ်တို့ ဖြင့် ဖွဲ့စည်းထားရာ မြိတ်မြို့မှ မော်တော် ကားဖြင့်လာလျှင် ကော့သောင်းမြို့မှ မြောက်ဘက် ၂၁၀ ကီလိုမီတာကွာဝေးသည့် ဘုတ်ပြင်းမြို့သို့ ဦးစွာရောက်ရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ ၁၈၉၃ ခုနှစ်တွင် ဘုတ်ပြင်းသည် ထိုင်းလက်အောက်သို့ ကျရောက်ခဲ့ပြီး အလောင်းမင်းတရား လက်ထက်တွင် မြန်မာပိုင်နယ်မြေဖြစ်လာခဲ့ကာ ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် အင်္ဂလိပ်လက်အောက်သို့ရောက်ရှိခဲ့သည်။ တော်လှန်ရေးကောင်စီအစိုးရ မတက်မီအချိန်အထိ ဘုတ်ပြင်းကို မြို့ပိုင်အဆင့်ဆင့်က အုပ်ချုပ်ခဲ့သည်။

ဘုတ်ပြင်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၁၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၄၅ မိနစ်အကြား၌ တည်ရှိကာ ၂၅၀၄ ဒသမ ၀၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ ဘုတ်ပြင်း မြို့နယ်ကို မြို့သုံးခု(ဘုတ်ပြင်း၊ ပြည်ကြီးမဏ္ဍိုင်နှင့် ကရသူရိ) ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၂၀၊ ကျေးရွာ ၁၀၅ ရွာဖြင့် ဖွဲ့စည်းထားသည်။

ဘုတ်ပြင်းမြို့နယ်သည် အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ တောင်ဘက်တွင် ကော့သောင်း မြို့နယ်နှင့် မြောက်ဘက်တွင် တနင်္သာရီမြို့နယ်တို့နှင့် ထိစပ်နေသည်။ ပင်လယ်ရေမျက်နှာပြင် အထက် ၁၅ ပေ မြင့်ပြီး ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည့် ဘုတ်ပြင်းမြို့နယ်တွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း အနိမ့်ဆုံးအပူချိန် သည် ၁၂ ဒသမ ၂၂ စင်တီဂရိတ်၊ အမြင့်ဆုံးအပူချိန်သည် ၃၆ ဒသမ ၆၆ ဒီဂရီ စင်တီဂရိတ်နှင့် ပျမ်းမျှမိုးရေချိန်သည် ၁၈၉ ဒသမ ၀၉ လက်မ ဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ ဘုတ်ပြင်းမြို့နယ်တွင် လူဦးရေ ၆၆၈၈၈ ဦး နေထိုင်၍ မြို့နယ်လူဦးရေ ၏ ၈၂ ဒသမ ၂၀ ရာခိုင်နှုန်းသည် ဗမာလူမျိုးများဖြစ်၍ ကရင်၊ မွန်၊ ရှမ်းနှင့် အခြားလူမျိုးအနည်းငယ် နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၈၂ ဒသမ ၀၆ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ၁၀ ဒသမ ၅၈ ရာခိုင်နှုန်း(၇၀၇၈ ဦး) သည် အစ္စလာမ်ဘာသာကို ကိုးကွယ်ပြီး ခရစ်ယာန်နှင့် ဟိန္ဒူ ကိုးကွယ်သူများလည်း ရှိသည်။

ဒေသနေပြည်သူများသည် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးကြကာ မြို့နယ်၏ အဓိကထွက်ကုန်သည် ကွမ်းသီး၊ ရော်ဘာနှင့် ဆီအုန်းဖြစ်သည်။ ဘုတ်ပြင်းမြို့နယ်တွင် အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၁၈၉၇၂၃ ဧကတွင် စပါး၊ ဆီအုန်း၊ ရော်ဘာနှင့် ကွမ်းသီးပင်များကို စိုက်ပျိုးကြကာ မြို့နယ်ဆန်ဖူလုံမှုသည် ၄၈ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်သည်။ ရေငန်ငါးဖမ်း လုပ်ငန်း အပြင် နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်နှင့်ဘဲတို့ကို မွေးမြူသည်။

ဘုတ်ပြင်းမြို့နယ်တွင် အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်းနှင့် အလယ်တန်း ကျောင်းခွဲ ၁၀ ကျောင်း၊ မူလတန်းလွန်နှင့်မူလတန်းကျောင်း ၇၁ ကျောင်းဖွင့်လှစ်ထားသည်။ ထို့အတူ ခုတင် ၁၀၀ ဆံ့ တပ်မတော် ဆေးရုံ၊ ခုတင် ၅၀ ဆံ့ ဘုတ်ပြင်းမြို့နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ် ဆေးရုံ နှစ်ရုံ၊ ၂၄ ခုတင်ဆံ့ ပုဂ္ဂလိက ဆီအုန်းလုပ်ငန်းဆေးရုံ၊ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျန်းမာရေးဌာနခွဲ ၁၄ ခု ဖွင့်လှစ်ထားသည်။ ဘုတ်ပြင်းမြို့နယ်၌ ဘုရား၊စေတီ ၂၈ ဆူရှိပြီး ဘုတ်ပြင်းမြို့ပေါ်ရှိ ရွှေသာလျောင်းစေတီ၊ ကိုးနဝင်းစေတီ၊ အောင်တော်မူစေတီနှင့် ပြည်ကြီး မဏ္ဍိုင်မြို့ရှိ ပြည်လုံးချမ်းသာဘုရား၊ အောင်ရန်ကင်းစေတီတို့သည် ထင်ရှားကြသည်။

### ကော့သောင်းသို့

ကော့သောင်းသည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံး၌တည်ရှိကာ တစ်ချိန်က ထိုင်းနိုင်ငံမှ မှောင်ခိုပစ္စည်းများ အဓိက ဝင်ရောက်သည့် နေရာဖြစ်ခဲ့သည်။ မြန်မာဘုရင်များလက်ထက်က တနင်္သာရီကမ်းမြောင်ဒေသများကို မြန်မာကပိုင်သည့် အချိန်ရှိသကဲ့သို့ ထိုင်းကပိုင်သည့်အချိန်များလည်း ရှိခဲ့သည်။ ၁၇၅၉ ခုနှစ်တွင် အလောင်းမင်းတရားသည် ထိုင်းတို့ကို အောင်နိုင်ခဲ့ပြီးနောက် အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မသိမ်းယူမီအထိ တနင်္သာရီဒေသကို မြန်မာတို့က ပိုင်ဆိုင်ခဲ့ရာ ကော့သောင်းနယ်လည်း ပါဝင်ခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ကော့သောင်းမြို့ကို ဗစ်တိုးရီးယား ပွိုင့် အမည်ဖြင့် ဖွဲ့စည်းခဲ့သည်။ ယခု ကော့သောင်းမြို့အနီးရှိ ကျွန်းနှစ်ကျွန်းကို အစွဲပြု၍ ထိုင်းဘာသာဖြင့် ဒကော့စွန်း ဟုခေါ်ကြရာမှ ကော့သောင်းဟု ပြောင်းလဲခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။

ကော့သောင်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၅၈ မိနစ်နှင့် ၁၀ ဒီဂရီ ၅၅ မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၇ မိနစ်နှင့် ၉၈ ဒီဂရီ ၅၆ မိနစ်အကြား၌ တည်ရှိကာ အရှေ့အနောက် ၂၄ မိုင်နှင့် တောင်မြောက် ၆၄ မိုင်ရှည်လျား၍ ၁၀၃၈ ဒသမ ၉၉ စတုရန်းမိုင် ကျယ်ဝန်းသည်။ ကော့သောင်း မြို့နယ်ကို မြို့နှစ်မြို့(ကော့သောင်းနှင့် ခမောက်ကြီး)ရပ်ကွက် ၁၃ ခု၊ ကျေးရွာအုပ်စု ၁၈ အုပ်စု၊ ကျေးရွာ ၉၁ ရွာဖြင့် ဖွဲ့စည်းထားသည်။ ၂၀၀၂ ခုနှစ်တွင် ခမောက်ကြီးမြို့ကို ဖွဲ့စည်းခဲ့သည်။

ကော့သောင်းမြို့နယ်၏အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ တောင်ဘက်တွင် ပါချန်မြစ်နှင့် မြောက်ဘက်တွင် ဘုတ်ပြင်းမြို့နယ်တည်ရှိသည်။ ကော့သောင်းမြို့နယ်တွင် ကျွန်း ၉၃ ကျွန်းရှိပြီး ရတနာကျွန်း၊ သူဌေးကျွန်း၊ ဇာဒက်ကြီးကျွန်း၊ ဂျလန်းကျွန်း၊ ဆလုံကျွန်းနှင့် မွေတော်ကျွန်းအပါအဝင်ကျွန်း ၂၀ တွင် လူများနေထိုင်ကြသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၁၅၄ ပေ မြင့်၍ ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည့် ကော့သောင်းမြို့နယ်တွင် လွန်ခဲ့သည့် သုံး နှစ်အတွင်း အနိမ့်ဆုံးအပူချိန်သည် ၁၆ ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံးအပူချိန်သည် ၃၆ ဒသမ ၅ ဒီဂရီ စင်တီဂရိတ် ဖြစ်၍ ပျမ်းမျှမိုးရေချိန်သည် ၁၂၈ ဒသမ ၀၂ လက်မ ဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ ကော့သောင်းမြို့နယ် လူဦးရေသည် ၁၁၀၀၉၄ ဦး ဖြစ်၍ မြို့နယ်လူဦးရေ ၏ ၇၈ ဒသမ ၅၁ ရာခိုင်နှုန်းသည် ဗမာလူမျိုးများဖြစ်၍ ကရင်၊ မွန်၊ ရခိုင်နှင့် အခြားလူမျိုးများလည်း နေထိုင်ကြသည်။ မြို့နယ်လူဦးရေ ၏ ၈၅ ဒသမ ၄၃ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်း နေထိုင်ကြသည်။

ဒေသနေပြည်သူများသည် ရေလုပ်ငန်း၊ ရော်ဘာနှင့် စားအုန်းဆီပင် စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းများဖြင့် အသက်မွေးကြကာ မြို့နယ်၏ အဓိကထွက်ကုန်သည် သားငါးဖြစ်ကာ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချကြသည်။ မြို့နယ်၏အသားတင်စိုက်ပျိုးနိုင်သည့် မြေဧရိယာ ၁၅၁၀၅၂ ဧကတွင် ဆီအုန်းနှင့် ရော်ဘာများကို အများဆုံးစိုက်ပျိုးကြသည်။ မြို့နယ်ဆန်ဖူလုံမှုသည် ၁၁ ဒသမ ၀၁ ရာခိုင်နှုန်း ဖြစ်သည်။ ငါးဖမ်းလုပ်ငန်းအပြင် နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်နှင့်ဘဲတို့ကို မွေးမြူသည်။

ကော့သောင်း မြို့နယ်တွင် အထက်တန်းကျောင်း ကိုးကျောင်း၊ အထက်တန်းကျောင်းခွဲ လေးကျောင်း၊ အလယ်တန်း ကျောင်း လေးကျောင်းနှင့် အလယ်တန်းကျောင်းခွဲ ၁၅ ကျောင်း၊ မူလတန်းလွန်နှင့်မူလတန်းကျောင်း ၆၂ ကျောင်း ဖွင့်လှစ်ထားသည်။ ထို့အတူ ခုတင် ၁၉၉ ဆံ့ ကော့သောင်းမြို့နယ်ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တိုက်နယ် ဆေးရုံ သုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာနငါး ခုနှင့် ကျန်းမာရေး ဌာနခွဲ ၂၁ ခု ဖွင့်လှစ်ထားသည်။

ကော့သောင်းမြို့နယ်တွင် ဘုရားစေတီ ၇၁ ဆူရှိကာ ကော့သောင်းမြို့ရှိ ပြည်တော်အေးစေတီ၊ လျောင်းတော်မူ ရုပ်ပွားတော် ၊ လောကမာန်အောင်ဘုရားတို့သည် ထင်ရှားကြကာ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့သည့် ဘုရင့်နောင်ရုပ်တု၊ ၂၄၂ ပေ ရှည်လျားသည့် ပုလုံးတုံးတုံး ပင်လယ်ဖြတ် သစ်သားတံတားနှင့် ပုလုံးတုံးတုံးကမ်းခြေ၊ ကော့သောင်းမြို့မှ ၁၀ မိုင် ကွာဝေးသည့် တာညုံပါဒကျေးရွာရှိ ဆယ်မိုင်ကမ်းခြေ၊ ကော့သောင်းမြို့မှ ၂၄ မိုင် ကွာဝေးသည့် မလိဝမ်းကျေးရွာရှိ မလိဝမ်းရေတံခွန်နှင့် ရေပူစမ်းတို့သည် လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားနေလေ့ရှိပေသည်။

မြန်မာနိုင်ငံ တောင်ဘက်စွန်းဒေသဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးသည် စားအုန်းဆီပင်၊ ကွမ်းသီးနှင့် သီဟိုဠ်သရက် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းတို့ဖြင့် စီးပွားဖွံ့ဖြိုးတိုးတက်နေသည့် ဒေသတစ်ခုဖြစ်သည်။ ယခုအခါ တနင်္သာရီတိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လျက်ရှိနေကြောင်း တွေ့ရှိခဲ့ရပေသည်။ ။

# ခန္တီးမြို့ သာစည်ရပ်ကွက်နှင့် မှန်ပင်ကျေးရွာတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေ

**ခန္တီး ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ သာစည်ရပ်ကွက်နှင့် မှန်ပင်ကျေးရွာတွင် ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၀၀ ဖြင့် ဆောင်ရွက်သည့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းကို ယနေ့တွင် လုပ်ငန်း၏ ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးဇော်က ပြောသည်။

အဆိုပါလုပ်ငန်းကို ခန္တီးမြို့ သာစည်ရပ်ကွက်တွင် ကျောက်စီမြေထိန်းတမံအလျား ၄၇၅ ပေနှင့် မှန်ပင်ကျေးရွာတွင် ကျောက်စီမြေထိန်းတမံအလျားပေ ၂၂၀ ဖြစ်ကြောင်း၊ ခွင့်ပြုရန်ပုံငွေမှာ ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြစ်ပြီး လုပ်ငန်းကာလမှာ ဖေဖော်ဝါရီ ၂၀ ရက်မှ မေ ၃၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။(ယာပုံ)

**တာပေါင်မြှင့်တင်ခြင်းဆောင်ရွက်**

ခန္တီးမြို့သည် ချင်းတွင်းမြစ်ကမ်းနံဘေးတွင် တည်ထားသောမြို့ဖြစ်ပြီး မြစ်ရေကြီးခြင်းဒဏ်ကို နှစ်တိုင်းလိုလို ခံနေရကြောင်း၊ ခန္တီးမြို့၏ စိုးရိမ်ရေမှတ်မှာ ၁၃၆၀ ဖြစ် ပြီး အဆိုးရွားဆုံးနှစ်များမှာ ၁၉၉၁ ခုနှစ်တွင် စိုးရိမ်ရေမှတ် ၁၇၇၁ လက်မ ၊ ၁၉၉၇ ခုနှစ်တွင် ၁၇၅၄ လက်မ နှင့် ၂၀၁၅ ခုနှစ်တွင် ၁၅၅၆ လက်မအထိ မြင့်တက်ခဲ့ကြောင်းနှင့် ၂၀၁၇ ခုနှစ်တွင် တာပေါင်မြှင့်တင်ခြင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရ သည်။

**အမ်းအင်းလမ်း (ပြန်/ဆက်)**



# ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် အဆောက်အအုံသစ် ပန္နက်တင်

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် အဆောက်အအုံသစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ အမှတ်(၁) ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းဝင်း တို့က သတ်မှတ်နေရာများ၌ မင်္ဂလာပန္နက်တင်ပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးခဲ့ကြသည်။

အဆိုပါအဆောက်အအုံသစ်ကို တာဝန်ယူတည်ဆောက်မည့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများအား ဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီး အောင်မြင်စေရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မှာကြားခဲ့သည်။

မြို့နယ်ဆရာဝန်ကြီးက “ ဒေသခံပြည်သူအများစုက မြို့နယ်ပြည်သူ့ဆေးရုံမှာ ကျန်းမာရေးကုသမှုများတယ်၊ လူဦးရေလည်း တစ်နေ့ထက်တစ်နေ့ များပြားလာတဲ့အတွက် အခုလိုခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်မှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လူနာများ အားကိုးအားထားပြု လာရောက်ကုသမှုခံယူနိုင်တဲ့ ဆေးရုံဖြစ်အောင် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနေပါတယ်။ ရောဂါဖြစ်ပွားသူတွေကို ကုသမှုပေးဖို့ ဆေးရုံအဆောင်သစ်များ တိုးချဲ့ဖွင့်လှစ်မှုဟာ ပြည်သူတွေ ရောဂါဖြစ်ပွားမှုမှကာကွယ်နိုင်ဖို့နဲ့ စနစ်တကျ ကုသမှုခံယူနိုင်မှာဖြစ်ပါတယ်”ဟု ပြောခဲ့သည်။

လက်ရှိ ဒလမြို့နယ်ပြည်သူ့ဆေးရုံတွင် OPT ကုသမှုခံယူလျက်ရှိသော အပြင် လူနာ ၃၀ ၊ နေ့စဉ် ဆေးကုသမှုခံယူနေသော အတွင်းလူနာ ၂၀ ခန့်အား ကျန်းမာ ရေးကုသမှုပေးလျက်ရှိသော (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ပြည်သူများသိရှိလိုသည့် မေးခွန်းများကို National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ ဆက်သွယ်မေးမြန်းနိုင်

**ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ပြည်သူများသိရှိလိုသည့် မေးခွန်းများကို မိမိတို့ မိုဘိုင်းဖုန်းမှတစ်ဆင့် National COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) သို့ နေ့စဉ် နံနက် ၈ နာရီမှ ညစနာရီအတွင်း မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။**

“ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ မှန်မှန်ကန်ကန် သိရှိအောင်၊ ကျန်းမာရေးဗဟုသုတတွေ ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိသွားအောင်ရည်ရွယ်ပြီး Call Center ကို ဖွင့်လိုက်တာပါ။ ပြည်သူတွေ မေးလာတဲ့ မေးခွန်းတွေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိပါတယ်” ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

Call Centre တွင် ဆေးသုတေသနဦးစီးဌာနမှ ဆရာဝန် ၄၅ ဦးနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၉ ဦးတို့က အဖွဲ့ရှစ်ဖွဲ့ခွဲကာ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ တာဝန်ချိန်နှစ်ပိုင်းခွဲ၍ တာဝန်ချိန် တစ်ပိုင်းစီတွင် ကြီးကြပ်သူအပါအဝင် ဆရာဝန်ရှစ်ဦးတို့က တာဝန်ယူဖြေကြားပေးလျက်ရှိကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

“၂၀၁၉ နံပါတ်ကို နှိပ်လိုက်ရင် ပိုက်ဆံပေးစရာမလိုဘဲ အခမဲ့ခေါ်ဆိုမေးမြန်း စုံစမ်းနိုင်ပါတယ်။ ဆေးသုတေသန ဦးစီးဌာနက ကျန်းမာရေးဝန်ထမ်းတွေနဲ့ မြန်မာနိုင်ငံ ဆရာဝန်အသင်းက စေတနာ့ဝန်ထမ်း ဆရာဝန်တွေ ပူးပေါင်းပြီး ကိုဗစ်-၁၉ နဲ့ ပတ်သက်လို့ ပြည်သူတွေ သိချင်တာတွေကို ဖြေကြားပေးနေပါတယ်။ ကျေးလက်ဒေသတွေကလည်း မေးမြန်းနိုင်တဲ့အတွက် ဒီလုပ်ဆောင်ချက်က ထိရောက်အောင်မြင်တယ်လို့ ပြောနိုင်ပါတယ်။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ပြည်သူတွေ သိချင်တာတွေ မေးမြန်းတဲ့အခါ ဒီဘက်က ပြန်ဖြေတဲ့သူတွေကလည်း ဆရာဝန်တွေဖြစ်တဲ့အတွက် ပြည်သူတွေရဲ့ ယုံကြည်မှုက နဂိုကတည်းက ရှိထားပြီးဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေရဲ့ စိတ်ကျေနပ်မှုကို Call Center ကနေ ရရှိပြီး ဖြစ်ပါတယ်။ Call Center ဖွင့်တာက ပြည်သူတွေအတွက် အကျိုးရှိတယ်လို့ ယုံကြည်ပါတယ်” ဟု ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ပြောသည်။

အဆိုပါ National COVID-19 Call Center ကို ဧပြီ ၉ ရက်မှစတင်ကာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်း အမှတ် (၅) ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) တွင် ဖွင့်လှစ်လိုက်ပြီး ကိုဗစ်-၁၉ နှင့် ပတ်သက်၍ အများပြည်သူသိရှိလိုသည်များကို ဖြေကြားပေးနေကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

ယခု Call Center သည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှု၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ရောဂါကာကွယ်ရန် ကျန်းမာရေး အသိပညာပေးနှိုးဆော်ခြင်း၊ လူနာများရှာဖွေကုသခြင်း စသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ပြည်သူလူထုမှ သိရှိလိုသည်များ ဆက်သွယ်မေးမြန်းနိုင်စေရေးအတွက် အဓိကရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

Call Center သို့ ပြည်သူလူထုမှမေးမြန်းမှု များပြားသည့်အတွက် ကိုဗစ်-၁၉ နှင့် သက်ဆိုင်သော ပြည်သူလူထု အမေးများနိုင်သည့် ကျန်းမာရေး အသိပညာပေး သတင်းအချက်အလက်များအား စက်မှ အလိုအလျောက် ဖြေကြားခြင်းရှိသလို ဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးလိုပါက လိုင်းခွဲနံပါတ် (၀) သို့ ခေါ်ဆိုနိုင်ပြီး လူတစ်ဦးလျှင် အချိန်ခြောက်မိနစ်ခန့် မေးမြန်းနိုင်ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

“ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး ရန်ကုန်အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တော်တော်များများက မေးကြပါတယ်။ ခေါ်ဆိုခက အခမဲ့ဆိုတော့ တော်တော်များများ မေးကြပါတယ်။ အခုလို Call Center လုပ်ပေးတဲ့အတွက် ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ဘယ်ကိုမေးရမှန်း မသိတဲ့သူတွေ၊ တချို့သော သတင်းအမှားတွေ ပြန့်နေတာနဲ့ ပတ်သက်လို့ စိုးရိမ်ကြောင့်ကြနေသူတွေအတွက် အခုချိန်မှာ အပြင်ထွက်ပြီး ဆေးခန်းတွေ လိုက်ရှာမေးဖို့ကလည်း အခက်အခဲရှိကြတော့ အခု ဆရာဝန်နဲ့ တိုက်ရိုက်မေးမြန်းရတဲ့အတွက် အများကြီးအကျိုးရှိကြမှာပါ။ အမေးများတာက ကာကွယ်ခြင်းနဲ့ ထိန်းချုပ်ခြင်းအကြောင်းတွေ အမေးများပါတယ်။ ရောဂါကူးစက်ပုံ နည်းလမ်းတွေလည်း အမေးများတယ်။ အချိန်နဲ့အမျှ ဖြစ်နေတာတွေလည်း မေးကြတယ်။ ဒီအချိန်မှာ ဖျားတာနာတာဖြစ်နေရင် ဘာလုပ်ရမလဲဆိုတာမျိုးလည်း စိုးရိမ်ပြီးမေးကြတာ ရှိပါတယ်” ဟု ဆေးသုတေသနဦးစီးဌာန ကူးစက်ရောဂါဗေဒသုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးမွန်က ပြောသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး “2019” သို့ ခေါ်ဆိုပြီး လိုင်းခွဲနံပါတ် - ၁ တွင် ရောဂါလက္ခဏာများအကြောင်း၊ လိုင်းခွဲနံပါတ် - ၂ တွင် ကူးစက်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ် - ၃ တွင် ကာကွယ်နိုင်သော နည်းလမ်းများအကြောင်း၊ လိုင်းခွဲနံပါတ် - ၄ တွင် အသွားအလာကန့်သတ်ခြင်းအကြောင်း၊ လိုင်းခွဲနံပါတ် - ၅ တွင် နောက်ဆုံးရ ကိုဗစ်-၁၉ ပိုးတွေ့ လူနာအရေအတွက်အကြောင်းတို့ကို လိုင်းခွဲနံပါတ် ငါးခုမှ အလိုအလျောက်စနစ်ဖြင့် ဖြေကြားပေးလျက်ရှိကြောင်း သိရသည်။

“ကျွန်မတို့မှာ အခက်အခဲတချို့ရှိပါတယ်။ အများစုကတော့ သိချင်လို့ မေးမြန်းကြတယ်။ နှောင့်ယှက်တဲ့ ဖုန်းခေါ်ဆိုမှုတွေလည်း ရှိပါတယ်။ ဘယ်လောက်ထိ နှောင့်ယှက်သလဲဆိုရင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ပြီး ပြောတာတွေရှိတယ်။ သီချင်းတောင်းသလို ရယ်စရာလုပ်တာတွေ ပါတယ်။ တစ်ဦးချင်း ဒါမှမဟုတ် အုပ်စုလိုက်ဖွဲ့ပြီး ရယ်စရာဟာသလုပ်တာတွေ၊ မသက်ဆိုင်တဲ့ အကြောင်းပြောတာတွေ ပါပါတယ်။ ကလေးတွေကနေ အကြိမ်ကြိမ်ခေါ်နေတာတွေလည်း ရှိပါတယ်။ တချို့က ရိုင်းရိုင်းစိုင်းစိုင်း ဆဲဆိုသွားတယ်။ ကြာတော့ စိတ်အနှောင့်အယှက်ဖြစ်ကြရတယ်။ မေတ္တာရပ်ခံချင်တာက ဒီလိုအချိန်မှာ ဖြေဆိုရတဲ့သူတွေအတွက် အခက်အခဲတွေ့ရပါတယ်။ မနှောင့်ယှက်ဖို့ မေတ္တာရပ်ခံချင်ပါတယ်” ဟု ဆေးသုတေသနဦးစီးဌာန ကူးစက်ရောဂါဗေဒသုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမျိုးမျိုးမွန် က ပြောသည်။

Call Centre တွင် ဖြေကြားပေးမည့် ဆရာဝန်များအား တာဝန်ချထားခြင်း မပြုမီ လူထုနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းနည်းလမ်းများကို ဒေါက်တာသန်းထွန်းစိန် ညွှန်ကြားရေးမှူး(ငြိမ်း) ဆေးသုတေသနဦးစီးဌာနက လည်းကောင်း၊ Call Centre နည်းပညာဆိုင်ရာ အကြောင်းအရာများကို ဦးထွန်းထွန်းနိုင် Blue Ocean Investment Limited က လည်းကောင်း၊ လူထုကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းဆိုင်ရာ အကြောင်းအရာများကို ဒေါက်တာ သန်းနိုင်စိုး ညွှန်ကြားရေးမှူး ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်းကောင်း အသီးသီး ဆွေးနွေးပို့ချပေးခဲ့ကြောင်း ဆေးသုတေသနဦးစီးဌာနမှ သိရသည်။

National COVID-19 Call Centre အကောင်အထည်ဖော်နိုင်ရန် Call Centre ဆိုင်ရာနည်းပညာများကို Blue Ocean Investment Limited က လည်းကောင်း၊ မေးမြန်းလိုသူများ အခမဲ့ဖုန်းခေါ်ဆိုနိုင်ရန် ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် MPT, Telenor, Ooredoo, Mytel တို့က လည်းကောင်း အခမဲ့ဝန်ဆောင်မှုပေးကြပြီး လိုအပ်သော ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ တာဝန်ကျဆရာဝန်များအား ကျွေးမွေးစရိတ်တို့ကို UNICEF အဖွဲ့ မှ ကူညီပံ့ပိုးလျက်ရှိကြောင်း သိရသည်။

**မင်းသစ် (MNA)**

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ စည်းဝေး



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း အစည်းအဝေးတက်ရောက် အမှာစကားပြောကြားစဉ်။

ပဲခူး မေ ၂၇

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယမန်နေ့က တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အစည်းအဝေး ပြုလုပ်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများမှ အထွေထွေ ဆွေးနွေးချက်များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး အစည်းအဝေးတွင် ကော်မတီဝင်များမှ ဆောင်ရွက်ရန်ရှိသည်များကို တင်ပြခြင်း၊ စက်ရုံ အလုပ်ရုံများ ဖွင့်ခွင့်၊ ပိတ်ခွင့်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ အသွားအလာကန့်သတ်စောင့်ကြည့်သည့် လုပ်ငန်းကိစ္စရပ်များ၊ အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ညမထွက်ရအမိန့် ထုတ်ပြန်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သွားလာကန့်သတ်မှုဆိုင်ရာကိစ္စရပ်များ၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ထောက်ပံ့ရေးပစ္စည်း ဖြန့်ဝေပြီးစီးမှု အခြေအနေများ၊ စားသောက်ကုန် ဈေးနှုန်းထိန်းချုပ်ရေးဆိုင်ရာကိစ္စရပ်များ စသည်တို့အပြင် အထွေထွေကိစ္စရပ်များအား ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းသို့ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ကဏ္ဍအလိုက် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိရာ မေ ၂၆ ရက် မွန်းတည့် ၁၂ နာရီအချိန်အထိ ပဲခူးခရိုင်အတွင်းရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်နေရာ ၁၄၅ ခု၌ ပြည်ပမှ ပြန်လာသူမြန်မာနိုင်ငံသား ၆၆၈ ဦး၊ တောင်ငူခရိုင်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်နေရာ ၁၅၆ ခု၌ ပြည်ပမှ ပြန်လာသူ မြန်မာနိုင်ငံသား ၉၇၄ ဦး၊ ပြည်ခရိုင်အတွင်းရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်နေရာ ၁၉၆ ခု၌ ပြည်ပမှ ပြန်လာသူမြန်မာနိုင်ငံသား ၅၀၀၊ သာယာဝတီခရိုင်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်နေရာ ၃၈ ခု၌ ပြည်ပမှပြန်လာသူ မြန်မာနိုင်ငံသား ၃၉ ဦး စုစုပေါင်း တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်စောင့်ကြည့်နေရာ ၅၃၅ ခု၌ ပြည်ပမှ ပြန်လာသူ မြန်မာနိုင်ငံသား ၂၁၇၂ ဦးရှိပြီး သံသယလူနာအဖြစ် သက်ဆိုင်ရာဆေးရုံများတွင် ငါးဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဟားခါး – ဟာသာ – မှန်တော(ကလေး)လမ်းဖောက်လုပ်ပြီး ဒေါင်ဗားချောင်းတံတား တည်ဆောက်နေ

ဟားခါး မေ ၂၇

ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးနှင့် တာဝန်ရှိသူများသည် မေ ၂၅ ရက်က ချင်းပြည်နယ် ဟားခါးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် မှန်တောကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်လျက်ရှိသော ဟားခါး-ဟာသာ-မှန်တော(ကလေး) လမ်း ဖောက်လုပ်နေမှုနှင့် အဆိုပါ လမ်းပေါ်ရှိ ဒေါင်ဗားချောင်းတံတား တည်ဆောက်နေမှုတို့ကို ကွင်းဆင်း စစ်ဆေးခဲ့သည်။

ဟားခါး- ဟာသာ- မှန်တော (ကလေး) လမ်းတစ်လျှောက် မြေသား လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်း၊ ဟားခါးခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညဏ်ဖြိုးလင်းတို့က လမ်းဖောက်လုပ်နေမှုနှင့် တံတားတည်ဆောက်မှုတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ ဒေါင်ဗားချောင်းတံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၀၀ ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားစီမံကိန်း အမှတ် (၁) က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်အပေါ် လုပ်ငန်းပြီးစီးမှု ၅၀ ရာခိုင်နှုန်း အပါအဝင် ယနေ့အထိ တံတားတစ်စင်းလုံး ပြီးစီးမှု ၈၀ ရာခိုင်နှုန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားမှာ အလျား ပေ ၂၀၀၊ ဘေးတစ်ဖက်စီတွင် လူသွားလမ်းအကျယ် ၃ ပေစီ အပါအဝင် အကျယ်ပေ ၂၀၊ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကာ ဟားခါးမြို့မှ ၂၆ မိုင်ခန့်၊ ကလေး-ဂန့်ဂေါလမ်းပေါ်ရှိ မှန်တောရွာမှ မိုင်၄၀ခန့်၊ ဟားခါးမြို့နယ်အတွင်း ဒေါင်ဗားချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။

အသစ်ဖောက်လုပ်လျက်ရှိသော ဟားခါး -ဟာသာ-မှန်တော(ကလေး) မြေသားလမ်းမှာ အကျယ် ၃၄ပေ ရှိပြီး ဟားခါးမှ မှန်တော(ကလေး)အထိ ၆၆ မိုင်ရှိ၍ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဟားခါးခရိုင် လမ်းဦးစီးဌာနကဟားခါးမှ ၅၅မိုင် ၄ဖာလုံ ကိုတာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျန်လမ်းအပိုင်းကို လမ်းအထူး (၁၂) က တာဝန်ယူဆောင်ရွက်



တည်ဆောက်လျက်ရှိသော ဒေါင်ဗားချောင်းတံတား။

သွားမည်ဖြစ်ကြောင်း၊ ဒေါင်ဗားချောင်း တံတားနှင့် အဆိုပါလမ်း ဆောက်လုပ်ပြီးစီးပါက ဟားခါးမြို့မှ ကလေးမြို့သို့ မော်တော်ယာဉ်ဖြင့်သွားပါက အချိန် ၄ နာရီခွဲခန့်သာ ကြာမြင့်တော့မည် ဖြစ်သည်။

**မြင့်နိုင်စိုး (ပြန်/ဆက်)**

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ပြည်တွင်းဖြစ် နှာခေါင်းစည်း အခမဲ့ဖြန့်ဝေပေးရန် ယနေ့စတင်ပြီး အခုရေ ၇၀၀၀၀ ပေးပို့

မုံရွာ မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ၃၇ မြို့နယ်သို့ တန်ဖိုးနည်းသည့် ပြည်တွင်းဖြစ် နှာခေါင်းစည်း အခုရေ ၇၀၀၀၀ ကို မြို့နယ်ငါးမြို့နယ်သို့ အခမဲ့အဖြစ် ယနေ့စတင် ပေးပို့ခဲ့ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ တိုင်းဒေသကြီးအမှုဆောင်အရာရှိ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးစေနိုင်ရန် တန်ဖိုးနည်း နှာခေါင်းစည်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရွှေကနုတ်အထည်ချုပ်လုပ်ငန်း၊ နန်းနုအထည်ချုပ်လုပ်ငန်းတို့ဖြင့် ချိတ်ဆက်ပူးပေါင်း၍ နေရာလေးနေရာခွဲပြီး အပ်ချုပ်စက် အလုံး ၂၀၀ဖြင့် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။ (ယာပုံ)

"အခုထုတ်တဲ့ တန်ဖိုးနည်း နှာခေါင်းစည်းတွေက လျှော်ဖွပ်ပြီး ပြန်လည်အသုံးပြုနိုင်သလို ထုတ်လုပ်ပြီး နှာခေါင်းစည်းတွေကို ကျန်းမာရေးဦးစီးဌာနနဲ့ ချိတ်ဆက်ပြီး ပိုးသတ်တာတွေ လုပ်ဆောင်ပြီးမှ တစ်ခုကို ၁၂၅ ကျပ်နှုန်းနဲ့ သက်ဆိုင်ရာမြို့နယ်က စည်ပင်သာယာရေးကော်မတီတွေမှာ ဝယ်ယူနိုင်အောင်လို့လည်း စီစဉ်ပေးထားမယ်။ အခုလောလောဆယ် အခုရေ ၃၀၀၀၀၀ ကိုတော့ အခမဲ့ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။ ပထမအသုတ်အနေနဲ့ အရေးကြီးတဲ့နေရာတွေကို ဒီကနေ့မှာ စတင်ပို့ပေးနေပါပြီ" ဟု တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ညွှန်ကြားရေးမှူးက ပြောသည်။



ပြည်တွင်းဖြစ် တန်ဖိုးနည်း နှာခေါင်းစည်း အခုရေ ၇၀၀၀၀ ကို အခမဲ့ဖြန့်ဝေနိုင်ရန် ယနေ့တွင် မင်းကင်းမြို့သို့ အခု ၅၀၀၀၊ ကလေးမြို့သို့ အခု ၄၀၀၀၀၊ ကလေးဝမြို့သို့ အခု ၅၀၀၀ ၊ စစ်ကိုင်းမြို့သို့ အခု ၁၀၀၀၀နှင့် တမူးမြို့သို့ အခု ၁၀၀၀၀ တို့ကို ပထမအသုတ်အဖြစ် စတင်ပေးပို့ခဲ့ကြောင်းနှင့် ကျန်ရှိသော မြို့နယ်များသို့ လည်းဆက်လက်ပေးပို့နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

# ကျောက်ဆည်နည်းပညာတက္ကသိုလ်ရှိ နေရာကန့်သတ်ထားရှိမည့် အဆောင်များအား ဆေးများဖျန်းပေး



ကျောက်ဆည် မေ ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရန် ဆောင်ရွက်ထားသည့် အဆောင်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကျန်းမာရေးနှင့်အညီ မကြာခဏဖျန်းပေးလျက်ရှိပြီး ယနေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်အတွင်းရှိ တပ်မတော် တပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့် ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဖျန်းပေးလျက်ရှိသည်။ (ဝဲပုံ)

အဆိုပါနည်းပညာတက္ကသိုလ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်ရန် ဆောင်ရွက်ထားသည့်အဆောင် နှစ်ဆောင်ရှိပြီး မြခွာညိုအဆောင်တွင် တရုတ်နိုင်ငံပြန် အမျိုးသမီး တစ်ဦး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြားပြန် အမျိုးသမီးငါးဦး၊ အမျိုးသား ခုနစ်ဦး၊ အနော်ရထာအဆောင်တွင် တရုတ်နိုင်ငံပြန် အမျိုးသားငါးဦး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြားပြန် အမျိုးသမီးနှစ်ဦး၊ အမျိုးသားငါးဦးရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန် လိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော် မေ ၂၆

ဧရာဝတီတိုင်းဒေသကြီးတွင် အဆင့်မြင့်လယ်ယာများ ဖော်ထုတ်၍ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် မြေသားပြုပြင်ခြင်း (Land Preparation)၊ တမန်းနိုးခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထွက်ရှိလာသော သီးနှံများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်(ပုသိမ်)၊ မြို့နယ် ၂၃ မြို့နယ်ရှိ အသင်းစုများနှင့် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအတွင်းရှိ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏ လယ်ယာမြေများကို ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်ခြင်း၊ အလေအလွင့်အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းများ ပြုလုပ်လိုလျှင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက သင့်လျော်သည့် ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့်

| | | |
|---|---|---|
| အသင်းစုချုပ်(ပုသိမ်) | - ဒေါ်ကြူကြူမြိုင် (ဒါရိုက်တာအဖွဲ့ဝင်) | - ဖုန်း ၀၉-၇၉၅၀၈၇၄၄၀၊ |
| ပုသိမ် | - ဒေါ်သန်းသန်းလှ (တွဲဖက်အတွင်းရေးမှူး) | - ၀၉-၂၅၀၄၃၈၈၇၃၊ |
| ကန်ကြီးထောင့် | - ဒေါ်သန်းသန်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၄၂-၂၁၂၄၀ |
| သာပေါင်း | - ဦးမောင်မောင်စိုး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၂၅၀၄၄၆၇၁၁ |
| ငပုတော | - ဦးမောင်ပြုံး (အတွင်းရေးမှူး) | - ၀၉-၂၅၀၉၉၅၆၁၀ |
| ကျုံပျော် | - ဒေါ်ယုယုခင် (အတွင်းရေးမှူး) | - ၀၉-၂၅၀၅၈၈၈၄၄ |
| ကျောင်းကုန်း | - ဦးကိုဝင်း (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၉၂၀၃၀၆၀၇ |
| ဟင်္သာတ | - ဒေါ်သန်းသန်းဌေး (မန်နေဂျာ) | - ၀၄၄-၂၁၁၂၈ |
| ဇလွန် | - ဦးစောဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၅၄၇၇၀၅ |
| လေးမျက်နှာ | - ဦးသန်းထိုက် (စာရေး-၁) | - ၀၉-၂၅၀၁၁၉၄၉၄ |
| ကြံခင်း | - ဦးသိန်းဝင်း(ဥက္ကဋ္ဌ) | - ၀၉-၄၅၅၃၅၉၉၃၈ |
| အင်္ဂပူ | - ဒေါ်ခင်မိုးသူ (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၁၁၅၁၄၂၅ |
| မြောင်းမြ | - ဒေါ်မြင့်မြင့်ဦး (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၄၂၂၄၆၈၂၀၂ |
| အိမ်မဲ | - ဦးမင်းမင်းစိုး (အမှုဆောင်အဖွဲ့ဝင်) | - ၀၉-၇၆၇၁၇၅၅၉၄ |
| ဝါးခယ်မ | - ဦးခင်စိုး (အတွင်းရေးမှူး) | - ၀၉-၉၆၁၉၄၅၇၄၁ |
| လပွတ္တာ | - ဦးအောင်မိုး (မန်နေဂျာ) | - ၀၉-၂၅၄၂၉၉၅၆၃ |
| မော်လမြိုင်ကျွန်း | - ဦးကျော်ကျော်(ဥက္ကဋ္ဌ) | - ၀၉-၆၇၁၁၂၀၆၆၈ |
| မအူပင် | - ဦးသန်းလွင် (အတွင်းရေးမှူး) | - ၀၉-၄၂၈၆၀၂၅၇၁ |
| ပန်းတနော် | - ဦးလူရွှေ(ဥက္ကဋ္ဌ) | - ၀၉-၄၂၂၄၅၆၄၃၈ |
| ညောင်တုန်း | - ဒေါ်ဝင်းပပစိုး (ငယ်/ရေး) | - ၀၉-၇၉၁၈၀၈၅၁၅ |
| ဓနုဖြူ | - ဦးခင်မောင်မြင့် (အုပ်ချုပ်မှုဒါရိုက်တာ) | - ၀၉-၇၇၈၄၄၉၃၃၄ |
| ဖျာပုံ | - ဦးမျိုးအောင် (အတွင်းရေးမှူး) | - ၀၉-၄၂၂၄၈၅၅၅၄ |
| ဒေးဒရဲ | - ဦးသက်ဝေလင်း (စာရင်းကိုင်) | - ၀၉-၄၅၄၁၆၉၁၇၇ |

တို့သို့ ဆက်သွယ်နိုင်ပါကြောင်း သမဝါယမဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

# မိုင်းဆတ်မြို့ ဖြတ်သန်းသွားလာသူများအား နှာခေါင်းစည်းတပ်ဆင်သွားလာရန် ပညာပေး

မိုင်းဆတ် မေ ၂၇

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့ ယာယီပွဲကျဈေး အတွင်းနှင့် မြို့တွင်း ဖြတ်သန်းသွားလာသူများအား နှာခေါင်းစည်းတပ်ဆင်သွားလာရန် အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

မိုင်းဆတ်မြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေး ဦးဆောင်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ယာယီပွဲကျဈေးအတွင်းဈေးရောင်းချသူများ၊ ဈေးဝယ်လာသူများနှင့် မြို့တွင်းသွားလာလျက်ရှိသော ဒေသခံပြည်သူများအား အပြင်ထွက်ခြင်းကို လျှော့ချကြရန်၊ နေအိမ်တွင် နေပေးကြရန်၊ မဖြစ်မနေ ထွက်ရပါက နှာခေါင်းစည်းများ တပ်ဆင်သွားလာကြရန်နှင့် နှာခေါင်းစည်းများ တပ်ဆင်ထားခြင်းမရှိပါက သွားလာခွင့်ပြုမည် မဟုတ်ကြောင်း စသည့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြောင်း သိရသည်။

မြင့်မောင်(ပြန်/ဆက်)

# ကော့သောင်းအကျဉ်းထောင်မှ ဂျပန်နိုင်ငံသားတစ်ဦးအား ၎င်းနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေး

ကော့သောင်း မေ ၂၇

ကော့သောင်းအကျဉ်းထောင်တွင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော နိုင်ငံခြားသား (ဂျပန်နိုင်ငံသား) အကျဉ်းသားတစ်ဦးအား နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ မေ ၁၇ ရက်က လွတ်မြောက်ခဲ့ပြီး ယမန်နေ့နံနက်ပိုင်းက အကျဉ်းဦးစီးဌာနမှ ကော့သောင်းမြို့နယ်လဝကသို့ လွှဲပြောင်းပေးအပ်ကာ ရန်ကုန်မြို့သို့ပြန်လည် ပို့ဆောင်ပေးခဲ့သည်။

ဂျပန်နိုင်ငံသားဖြစ်သူ အိုင်ဝါစကီမာကိုတို ဆိုသူမှာ ဘုတ်ပြင်းမြို့နယ်တရားရုံး၏ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ-၈ အရ ပြစ်ဒဏ်(၆)လ ချမှတ်ခြင်းခံထားရသူဖြစ်ကာ မေ ၁၇ ရက်က လွတ်မြောက်ခဲ့ပြီးဖြစ်၍ ယင်းဂျပန်နိုင်ငံသားအား မိမိနိုင်ငံသို့ပြန်နိုင်ရန် အကျဉ်းဦးစီးဌာနမှ ကော့သောင်းမြို့နယ် လဝကဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါကင်းစင်ကြောင်း ဆေးထောက်ခံချက်၊ ၎င်းအပ်နှံထားရှိသော ငွေကြေး၊ စာရွက်စာတမ်းများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက လွှဲပြောင်းပေးအပ်ကာ လဝကတာဝန်ရှိသူများက ရန်ကုန်မြို့သို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ပေးပြီး ရန်ကုန်မြို့မှတစ်ဆင့် ဂျပန်နိုင်ငံသို့ ဂျပန်သံရုံး အစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)



ဂျပန်နိုင်ငံသားအား ပြန်လည်ပို့ဆောင်ပေးရန် စီစဉ်နေစဉ်။

# နောင်တရားမြို့မဈေးသစ်၌ ဈေးရောင်းဈေးဝယ်သူများ နှာခေါင်းစည်းတပ်ဆင်အသုံးပြုရေး ပညာပေး

နောင်တရား မေ ၂၇

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ပင်လောင်းမြို့နယ် နောင်တရားမြို့မဈေးသစ်၌ ဖွင့်လှစ်ထားသည့် ယာယီဈေးသို့ လာရောက်ဈေးဝယ်သူများ ဈေးသို့မဝင်ရောက်မီ လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ ဈေးရောင်းသူများအား ပလတ်စတစ်မျက်နှာကာ တပ်ဆင်၍ဈေးရောင်းခြင်း စသော ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ယာယီဈေးဖွင့်ရက်တိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယာယီဈေးဖွင့်ရက်တွင် နောင်တရားမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများ၊ နောင်တရားမြို့ပရဟိတလူငယ်များ အဖွဲ့တို့က ဈေးရောင်းသူများအား ပလတ်စတစ် မျက်နှာကာတပ်ဆင် ဝေငှပေးခြင်း၊ ဈေးဝယ်လာရောက်သူများအား နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်အသုံးပြုခြင်း၊ ဈေးရောင်းဈေးဝယ်စာရင်းများ ပြုစုထားခြင်းကို ယာယီဈေးဖွင့်လှစ်ရောင်းချသည့်နေ့ရက်များတွင် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ခွန်အောင်(နောင်တရား)

## တရုတ်နိုင်ငံမှပြန်ဝင်လာသူများအတွက် မကွေးတိုင်းဒေသကြီး၌ သတ်မှတ်နေရာများ အသင့်ပြင်ဆင်ထား

**မကွေး ဧပြီ ၂၇**

ကချင်ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့မှ လတ်တလောပေးပို့လာသော စာရင်းများအရ မကွေးတိုင်းဒေသကြီးအတွင်းသို့ နေရပ်ပြန်ဝင်လာမည့်သူ ၁၀၄ ဦးရှိပြီး ၎င်းတို့အား ၂၁ ရက် စောင့်ရှောက်ရန် သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်မှု စောင့်ကြပ်ကြည့်ရှုနေရာများ အသင့်ပြင်ဆင်ထားကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

" ကချင်ပြည်နယ် လွယ်ဂျယ်ကနေ အကြောင်းကြားလို့ မကွေးတိုင်းဒေသကြီးက ကားလွှတ်ပြီး သွားခေါ်နေပါပြီ။ အရေအတွက် ၁၀၄ ဦး ရှိပါတယ်။ မကွေးမှာတော့ စုမထားဘူး။ မြို့နယ်တွေက အသွားအလာကန့်သတ်စောင့်ကြည့်စင်တာတွေအရောက် ပို့ပါမယ်။ ရွာတွေကိုတော့ ပို့ဖို့ အဆင်မပြေသေးဘူး။ ရွာတွေကလည်း နီးတာဝေးတာရှိတယ်။ တချို့က လက်ခံဖို့ငြင်းဆိုတာတွေရှိတယ်။ ကျန်းမာရေးစောင့်ရှောက်နိုင်တဲ့ မြို့ပေါ်တွေမှာပဲ အသွားအလာကန့်သတ်စောင့်ကြည့်လုပ်ဖို့ စီစဉ်ထားပါတယ် " ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေးက ပြောသည်။

တရုတ်နိုင်ငံမှ ပြန်ဝင်လာမည့်သူများမှာ ဧပြီ ၂၃ရက်မှ ၂၆ ရက်အထိ စာရင်းများအရ ၁၀၄ ဦးရှိပြီး အောင်လံမြို့မှ ၂၅ ဦး ၊ မြိုင်မြို့မှ ၂၄ ဦး ၊ ပေါက်မြို့မှ ၁၄ ဦး ၊ နတ်မောက်မြို့မှ ၁၂ ဦး ၊ စလင်းမြို့မှ ခုနစ်ဦး၊ မင်းဘူးမြို့မှ ငါးဦး၊ မင်းလှမြို့မှ ငါးဦး၊ မကွေးမြို့မှ သုံးဦး၊ ပခုက္ကူမြို့မှ သုံးဦး၊ ထီးလင်းမြို့ မှသုံးဦး၊ ငဖဲမြို့မှ နှစ်ဦး၊ ရေစကြိုမြို့မှ တစ်ဦးတို့ဖြစ်ကြောင်း သွားရောက်ခေါ်ယူရေးတာဝန်ယူထားသည့် တိုင်းဒေသကြီးဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးထံမှ သိရသည်။



ကျန်းမာရေးစောင့်ရှောက်မှုပေးကြမည့် ကျန်းမာရေးဝန်ထမ်းများအတွက် ဗန္ဓုလဆောင်၊ တရုတ်နိုင်ငံမှ ပြန်ဝင်လာသူများအတွက် ဘုရင့်နောင်ဆောင်တို့တွင် ထားရှိမည်ဖြစ်ကြောင်း၊ အိပ်ရာခုတင်များ၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများကိုလည်း ယမန်နေ့ ညကတည်းက အသင့်ဆောင်ရွက်ထားကြောင်း ပညာရေးကောလိပ်မှ ဆရာဇင်ကိုဝင်းထံက သိရသည်။ **(အပေါ်ပုံ)**

မကွေးမြို့မှ ပရဟိတအဖွဲ့များကလည်း သောက်ရေသန့်များ၊ နှာခေါင်းစည်းများ လှူဒါန်းထားပြီး စားဝတ်နေရေး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းရန် အသင့်ပြင်ဆင်ထားကြောင်း ကိုဗစ်-၁၉ ကာကွယ်၊ လျှော့ချ၊ ထိန်းချုပ်ရေး ပရဟိတကွန်ရက်(မကွေး) မှ သိရသည်။

**ဇေယျာတု(မကွေး)**

## ရမည်းသင်းမြို့၌ ကန့်သတ်စောင့်ကြည့်စခန်း ထပ်မံတိုးချဲ့ဖွင့်လှစ်

**ရမည်းသင်း ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ နည်းပညာတက္ကသိုလ် (ရမည်းသင်း) ၌ ဧပြီ ၂၆ ရက်က ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်နိုင်ရန် ၂၁ ရက် ကန့်သတ်စောင့်ကြည့်စခန်း ထပ်မံ တိုးချဲ့ဖွင့်လှစ်သည်။



အဆိုပါ ကန့်သတ်စောင့်ကြည့်စခန်းသို့ ဧပြီ ၂၇ ရက်က တရုတ်နိုင်ငံနယ်စပ်ဒေသများမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၂၇ ဦးတို့ကို နည်းပညာတက္ကသိုလ် (ရမည်းသင်း) စာသင်ဆောင်တွင် နေရာချထားပေးခဲ့ကြောင်း သိရသည်။(ဝဲပုံ)

ရမည်းသင်းမြို့နယ် ဧပြီ ၁၉ ရက်ကစတင်ပြီး သာသနာ့ဗိမာန် ကန့်သတ်စောင့်ကြည့် စခန်းတွင် ကန့်သတ်စောင့်ကြည်သူ ၂၂၄ ဦးနှင့် ဧပြီ ၂၆ ရက်တွင် ထပ်မံတိုးချဲ့သည့် နည်းပညာတက္ကသိုလ် (ရမည်းသင်း) ကန့်သတ်စောင့်ကြည့် စခန်းတွင် ၅၉ ဦးရှိကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

## ထန်းတပင်မြို့နယ်အတွင်း နေထိုင်သည့် ချန်းရိစက်ရုံမှ အလုပ်သမား ၃၂၈ ဦးတို့အား အသွားအလာကန့်သတ်

**ထန်းတပင် ဧပြီ ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မရှိစေရေးအတွက် ကြိုတင်ကာကွယ်သည့် အနေဖြင့် ကိုဗစ်-၁၉ အတည်ပြုလူနာတစ်ဦး တွေ့ရှိခဲ့သည့် လှိုင်သာယာအနောက်ပိုင်းမြို့နယ် ချန်းရိဖိနပ်စက်ရုံသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြသည့် စက်ရုံအလုပ်သမားများအား သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအလိုက် ၎င်းတို့၏ နေအိမ်များတွင် အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း သီးခြားထားကာ စောင့်ကြပ်ကြည့်ရှုမှုများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။




ကန့်သတ်နေရာအဖြစ်ထားရှိမည့် အဆောက်အအုံနှင့် ပတ်ဝန်းကျင်ကို ပိုးသတ်ဆေးဖျန်းပေးစဉ်။

"လက်ရှိ ရောဂါကြိုတင်ကာကွယ်ရေးအနေနဲ့ စက်ရုံမှာ အလုပ်လုပ်ခဲ့သူ ၃၂၈ ဦးကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုတွေမှာရှိတဲ့ သူတို့နေအိမ်တွေမှာ အိမ်တွင်ထားရှိ အသွားအလာကန့်သတ်ခြင်း သီးခြားစောင့်ကြပ်ကြည့်ရှုသွားဖို့နဲ့ မိသားစုဝင်တွေအနေနဲ့ အထူးသတိပြုဆက်ဆံနိုင်ဖို့အတွက်ကိုလည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုမှာရှိတဲ့ ရပ်ကျေးအုပ်ချုပ်ရေးမှူးတွေကနေ တစ်ဆင့် ညွှန်ကြားထားပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း က ရှင်းပြသည်။

ထို့အပြင် ဧပြီ ၃၀ ရက်နောက်ပိုင်းတွင် နိုင်ငံရပ်ခြားမှ အလုပ်လုပ်ကိုင်ကာ ပြန်လာမည့်သူများကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ညွှန်ကြားမှုဖြင့် သတ်မှတ်စုစည်းနေရာတွင် ထားရှိသွားမည်ဖြစ်ပြီး မြို့နယ်အတွင်း သတ်မှတ်စုစည်းနေရာ လူထုအခြေပြု သွားလာကန့်သတ်မှုစောင့်ကြည့်နေရာအဖြစ် အထက(ထန်းတပင်)ကျောင်းကို သတ်မှတ်ထားရှိကာ လူဦးရေ ၅၀ အသွားအလာကန့်သတ်စောင့်ကြည့်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ကသာမြို့ ပုလေွရွှေဆိပ်ကမ်း၌ တရုတ်နိုင်ငံမှ နေရပ်ပြန်သူ ၁၈၂ ဦးအား သက်ဆိုင်ရာနေရာ ကန့်သတ်စခန်းတွင် ၂၁ ရက်ကြာ ထားရှိမည်

**ကသာ ဧပြီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရုတ်နိုင်ငံသို့ အလုပ်သွားလုပ်ကြသော ကသာခရိုင်မှ ၁၀၁ ဦး၊ ရွှေဘိုခရိုင်မှ ၄၁ ဦး၊ ကန့်ဘလူခရိုင်မှ ၃၄ ဦး၊ မော်လိုက်ခရိုင်မှ ငါးဦး၊ စစ်ကိုင်းခရိုင်မှ တစ်ဦးတို့သည် ဧပြီ ၂၇ ရက်က ဗန်းမော်မြို့ နယ်မြေခံတပ်ရင်း၏ မော်တော်ယာဉ်များဖြင့် ကသာမြို့ ပုလေွရွှေဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိခဲ့ရာ အဆိုပါနေရပ်ပြန်လာသူများအား သက်ဆိုင် ရာ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုနေရာစခန်းများတွင် ၂၁ ရက်ကြာ ထားရှိမည်ဖြစ်သည်။

အဆိုပါနေရပ်ပြန်လာသူများအား ဗန်းမော်မြို့ရှိ နယ်မြေခံတပ်ရင်းမှ တာဝန်ရှိသူများက မော်တော်ယာဉ် ကိုးစီးဖြင့် တရုတ်နိုင်ငံမှ ကသာမြို့ ပုလေွရွှေဆိပ်ကမ်းသို့ အရောက်ပို့ဆောင်ပေးခဲ့ပြီး ၎င်းတို့ရောက်ရှိချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက နေရပ်ပြန်လာသူများအား ကိုယ်အပူချိန် တိုင်းတာခြင်း၊ အထုပ်အပိုးများကို ပိုးသတ်ဆေးဖျန်းခြင်း၊ စာရင်းကောက်ယူခြင်း စသည့်ကျန်းမာရေးစစ်ဆေးမှုနှင့် ကျန်းမာရေးအသိပညာပေးခြင်း၊ ယာဉ်များ ကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

တာဝန်ရှိသူများက ရွှေဘိုခရိုင်မှ ၄၁ ဦး၊ ကန့်ဘလူခရိုင်မှ ၃၄ ဦး၊ မော်လိုက်ခရိုင်မှ ငါးဦး၊ စစ်ကိုင်းခရိုင်မှ တစ်ဦးတို့အား ရေကြောင်းခရီးဖြင့် မိမိတို့၏ သက်ဆိုင်ရာဒေသသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ကသာခရိုင်အတွင်းရှိ နေရပ်ပြန်သူ ၁၀၁ ဦးတို့ကို ကသာမြို့ စက်ဆိပ်သို့ ဆိုက်ကပ်ကာ မြို့နယ်အသီးသီးမှ စီစဉ်ထားသော ယာဉ်များဖြင့် နေထိုင်ရာဒေသသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ နေရပ်ပြန်လာသူများအား ၎င်းတို့နေထိုင်ရာဒေသသို့ရောက်ရှိပါက ဒေသအသီးသီးမှ စီစဉ်ထားရှိသော သက်ဆိုင်ရာ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုနေရာစခန်းများတွင် ၂၁ ရက်ကြာ ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ရဲအောင်(ကသာ)**

### ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Corona–virus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

# သံတောင်ကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ပိုးသတ်ဆေးဖျန်း

**သံတောင်ကြီး ဧပြီ ၂၇**



ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ယနေ့နံနက် ၈ နာရီက ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းကို သံတောင်ကြီးမြို့နယ် နယ်မြေခံတပ်နယ်မှတပ်နယ်မှူး ဗိုလ်မှူးချုပ်သူရလှမင်း၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် တာဝန်ရှိသူများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ ရုံးခန်း၊ ကွန်ပျူတာခန်းနှင့် ရုံးတွင်း၊ ရုံးပြင်များကို ပိုးသတ်ဆေးဖျန်းပေးသည်။

ဆက်လက်ပြီး ကိုဗစ်–၁၉ ကြိုတင်ကာကွယ်ရန်အတွက် ဌာနဆိုင်ရာ ရုံးများ၊ ရပ်ကွက်(၅) ရပ်ကွက်ရှိ လူနေအိမ်များ၊ ဘာသာရေး အဆောက်အဦများကိုလည်း ပိုးသတ်ဆေးဖျန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **နော်လော်မူ(ပြန်/ဆက်)**

# ကိုဗစ် – ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဧပြီ ၂၇**

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ကိုဗစ်–၁၉ Call Center ကို ဖွင့်လှစ်ထားကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ (၄)ခု၊ Blue ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီး ဌာနမှ ဝန်ထမ်း (၄၃) ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် (၁၇) ဦး စုစုပေါင်း (၆၀) ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမအသင်းများမှ ထွက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ပြည်သူများအား ရောင်းချပေး

**နေပြည်တော် ဧပြီ ၂၇**

သမဝါယမအသင်းများက ကိုယ်ပိုင်စိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာသော စပါးမှ ကြိတ်ခွဲရရှိသောဆန်နှင့် အသင်းသားများကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သော ရာသီပေါ်သီးနှံများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးလက်နေ ပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူ စားသုံးနိုင်ရန် ကျေးရွာအရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုကဲ့သို့ သမဝါယမအသင်းများမှ ထွက်ကုန်များကို ဖြန့်ဖြူးရောင်းချနေမှုများကို သမဝါယမဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ယနေ့နံနက် ၉ နာရီက ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ ရွှေဇေယျာ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းနှင့် My–Kor RPC တို့ ပူးပေါင်းဆောင်ရွက်သည့် စပါးကြိတ်ခွဲသန့်စင်စက်သို့ သွားရောက်၍ အသင်းအမှုဆောင်အဖွဲ့နှင့် တွေ့ဆုံရာ အသင်းဥက္ကဋ္ဌက ကိုဗစ်–၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အသင်းသားများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန် ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစုပိုင် လယ်မှထွက်ရှိသော စပါးတင်း ၁၈၀၀ အနက် ပထမအကြိမ် တင်း ၃၀၀ ကို ကြိတ်ခွဲ၍ လယ်ဝေးနှင့် တပ်ကုန်းမြို့နယ်သမဝါယမအသင်းစုသို့ ပေးပို့ပြီးဖြစ်ကြောင်း၊ ယခုဒုတိယအကြိမ် တင်း ၂၀၀ ကို ကြိတ်ခွဲ၍ ထပ်မံပေးပို့မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က အသင်း၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများတွင် Contract Farming စနစ်ဖြင့် ဆောင်ရွက်ရန်ဆိုသည့်အချက် တွေ့ရှိရကြောင်း၊ ယင်းစနစ်သည် အသင်းအတွက်ရော အသင်းသားအတွက်ပါ အကျိုးဖြစ်ထွန်းမည်ဆိုပါက ယခုလာမည့် မိုးရာသီမှစ၍ အစီအမံချမှတ်ကာ ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော်သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက လယ်ဝေးမြို့နယ် သမဝါယမအသင်းစုသို့ သွားရောက်ကာ ကြိတ်ခွဲပြီးဆန်များ လာရောက်ပို့ဆောင်နေမှု၊ ရာသီပေါ်သီးနှံများ လာရောက်ပို့ဆောင်နေမှု၊ ကျေးရွာသမဝါယမအသင်းများမှ အသင်းသားနှင့် ပြည်သူသို့ ဖြန့်ဖြူးရောင်းချနိုင်ရေး ဆန်နှင့် အခြေခံစားသောက်ကုန်များ လာရောက်သယ်ယူနေမှု၊ အသင်းစု အသင်းဆိုင်တွင် ရောင်းချနေသော အခြေခံစားသောက်ကုန်နှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး သုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များကို ပြည်သူများ လာရောက်ဝယ်ယူနေမှုကို ကြည့်ရှုပြီး ရောင်းသူနှင့် ဝယ်ယူသူများအကြား ရောဂါကူးစက်မှုမဖြစ်စေရေး၊ ယခုကာလအတွင်း ပစ္စည်းပြတ်တောက်မှု မရှိစေရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

၀၀၇

# တရုတ်နိုင်ငံမှ ပြန်ရောက်လာသည့် ကချင်ပြည်နယ် ပြင်ပနေသူများအား တပ်မတော်ပိုင်မော်တော်ယာဉ်များဖြင့် နေရပ်သို့ပို့ဆောင်

**လွယ်ဂျယ် ဧပြီ ၂၇**

တရုတ်–မြန်မာ နယ်စပ်ဖြတ်ကျော်ဂိတ် လွယ်ဂျယ်မြို့မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအနက် ကချင်ပြည်နယ်ပြင်ပနေသူများအား ဧပြီ ၂၆ ရက် ညနေပိုင်းက တပ်မတော်ပိုင်မော်တော်ယာဉ်များဖြင့် နေရပ်သို့ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပြီး လွယ်ဂျယ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ စောင့်ကြပ်ကြည့်ရှုထားသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် နေထိုင်သူ အမျိုးသား ၁၄၀၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၁၈၂ ဦးတို့အား လွယ်ဂျယ်မြို့မှ မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

ကျောက်စခန်းကျေးရွာရောက်ရှိစဉ် ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး အောင်ကျော်နှင့် တာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တိုးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခိုင်မြဲသော တွဲလက်များအဖွဲ့(Grip Hands Organization)မှ ထမင်းဘူး၊ ရေသန့်ဘူး၊ နှာခေါင်းစည်းနှင့် တစ်ရှူးထုပ်များပေးဝေခြင်း၊ မော်တော်ယာဉ်များကို ပိုးသတ်ဆေးဖျန်းပေးခြင်းများ ဆောင်ရွက်ကာ တပ်မတော်ပိုင် မော်တော်ယာဉ် ကိုးစီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးသို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဆရာမကြီး ဒေါ်ခင်သီနွယ် (မော်လမြိုင်)

**မော်လမြိုင်မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**ကျောင်းအုပ်ကြီး(ငြိမ်း)**

**(အထက-၅၊ အထက-၈)(မော်လမြိုင်)**

**အသက်(၉၇)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မဟာဘောဂလမ်း၊ အမှတ် ၇၅နေ (ဦးစောစွန်နား-ဒေါ်ပု)တို့၏သမီး၊ (ဦးတင်ညွန့်)၏ဇနီး၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေး ၁၈ယောက်တို့၏အဘွားသည် ၂၇-၄-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသူရကိုကို

**အထက(၃) မရမ်းကုန်းမြို့နယ်**

**ကျောင်းသားဟောင်း**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဒေါက်တာကိုကို-ဒေါ်အမာလွင်)တို့၏သား၊ မရမ်းကုန်းမြို့နယ်နေ (ဦးထွန်းအေး)-ဒေါ်မြသန်းတို့၏သားသမက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကိုတင်မောင်ထွေး-မအိစပယ်လွင်၊ မမိုးစပယ်လွင်တို့၏အစ်ကို၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ် ၁၉/ ၁၄၇နေ ကိုဇင်မင်းဦး-မယုယထွေး ၊ မရွှေအိမ်သူ ၊ မောင်ရဲရင့်ကိုကိုတို့၏ဖခင်၊ တူ၊ တူမလေးယောက်တို့၏ ဦးလေး၊ ဒေါ်စုစုထွေး (မစိုး)၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၄-၂၀၂၀ရက် (စနေနေ့)ည ၈: ၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ ရက် (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၅- ၂၀၂၀ ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းထွန်းဦး

**အသက် (၄၉)နှစ်**

**(တောင်ဥက္ကလာပ SONAR တာယာဆိုင်)**

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်နေ(ဦးအောင်မြင့်-ဒေါ်အေးအေးဝင်း)တို့၏သား၊ မမိုးသူဇာမြင့်၊ ဒေါက်တာဝင်းနိုင်(USA)၏အစ်ကို၊ ဒေါ်နှင်းနှင်းအေး၏ချစ်လှစွာသောခင်ပွန်း၊ မစုယမင်းထွန်း၏ ဖခင်သည် ၂၇-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်**

**သွေး**

**ဖြင့်**

**အသက်**

**ကယ်ပါ**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးစောသန်းညွန့် (ကော့ကရိတ်)

**မြို့နယ်ကောင်စီဥက္ကဋ္ဌ(ငြိမ်း)၊ ကော့ကရိတ်မြို့နယ်**

**လူထုပညာရေးမှူး၊ အင်္ဂမပတ်၊ ကျန်းမာရေးမှူး**

**အသက်(၈၉)နှစ်**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နေ (ဦးရွှေရုံး-ဒေါ်စိန်)တို့၏သား၊ (ဦးကျော်လင်း-ဒေါ်ရင်မွေး)၊ (ဦးအောင်မြင့်-ဒေါ်သန်း)တို့၏မောင်၊ (ဦးမန်းဉာဏ်ဟိန်း-ဒေါ်စီစီမေ)၊ (ဦးမန်းငွေအောင်)-ဒေါ်နော်တင်ဦး တို့၏အစ်ကို၊ ဦးစောအောင်တင်မိုး-ဒေါ်မူရှီး၊ ဦးမြတ်ကျော်-ဒေါ်နန်းလင်းလင်းစုတို့၏ဖခင်၊ နော်မြတ်လေးဖြူ၊ နော်နိုနိုလင်းဖြူ၊ မသင်းမြတ်ထက်၊ မဆုမြတ်ထက်၊ မခင်မြတ်ထက်၊ မောင်ရှိန်လင်းမြတ်တို့၏အဘိုးသည် ၂၇-၄-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၃:၁၅ နာရီတွင် အမှတ်(၃၁)၊ မင်္ဂလာလမ်း၊ (၈) ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင် သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## အရာခံဗိုလ် မောင်မောင်(ငြိမ်း)

**အသက် (၈၈)နှစ်**

ဗိုလ်မှူးသိန်းထွဋ်မောင်(ငြိမ်း)-ဒေါ်သိဂီဝင်းတို့၏ ဖခင်ကြီး အရာခံဗိုလ်မောင်မောင်(ငြိမ်း)သည် ၂၆-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ အရာရှိများနှင့် မိသားစုများ**

## ဦးသန်းကြည် (ကျုံပျော်)

**အငြိမ်းစား ကျောင်းအုပ်ဆရာကြီး (မြဝတီ၊ အမက)ကျုံပျော်**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ် ၇၄နေ ဦးကောက်-ဒေါ်စောလှတို့၏သား၊ ကျုံပျော်မြို့နယ်နေ ဦးဖိုးဟန်-ဒေါ်ခင်စိန်တို့၏သားသမက်၊ (ဒေါ်သိန်းကြည်)၏မောင်၊ ဒေါ်သောင်းကြည်၏ချစ်လှစွာသောခင်ပွန်း၊ မမြင့်မြင့်စိန်၏ ကျေးဇူးရှင်မွေးစားဖခင်ကြီး ဦးသန်းကြည်သည် ၂၇-၄-၂၀၂၀ရက် နံနက် ၈:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီ တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၂၀ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးလှသန်း

**စိန်ဂျွန်းကျောင်းသားဟောင်း**

**အကောက်ခွန်အရာရှိ(ငြိမ်း)၊ အထက်တန်းပြဆရာ(ငြိမ်း)**

**အထက(၅) အလုံ၊ အထက(၂) ဗိုလ်တထောင်**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၀ လမ်း၊ အမှတ် ၈နေ (ဦးဘချို-ဒေါ်စိန်တင်)တို့၏သား၊ (ဦးချို-ဒေါ်စိန်းညွန့်) တို့၏ သားသမက်၊ (ဒေါ်အေးမူ)(ဗန်းမော်)၏ ခင်ပွန်း၊ ဦးတန်ကောက်စီး-ဒေါ်ခိုင်ယဉ်ယဉ်(ခ) ဒေါ်ဒေါ်လီ(မဲလ်ဘုန်း၊ သြစတြေးလျ)၊ဒေါ် မော်လီ၊ ဒေါက်တာ ဇော်ဟိန်းကျော် (အင်ဂျင်နီယာချုပ်၊ ကိုင်နက်တစ် ကော်ပိုရေးရှင်း၊ ဘန်ကောက်မြို့)-ဒေါ်ရှယ်လီတို့ ချစ်လှစွာသော ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၂၀ ရက်(သောကြာနေ့)ညနေ ၅:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းမြင့် အသက်(၆၆)နှစ်

**(သီရိမင်္ဂလာဈေး)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် ၈၁၇၊ သမာဓိလမ်းနေ (ဦးလှ-ဒေါ်သန်းခင်)တို့၏သမီး၊ ဦးလှသောင်း-ဒေါ်သိန်းဥတို့၏ညီမ၊ ဒေါ်ရီမြင့်၊ ဒေါ်ကြည်သောင်း၊ ဦးထင်ကျော်-ဒေါ်ခင်စိန်တို့၏ အစ်မသည် ၂၇-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသည်။

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်လင်း(ငြိမ်း)

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှုဆောင်ရွက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန**

**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၃၁/၉၇နေ (ဒေါ်သန်းသန်းတင်(ခ)ဒေါ်ချိုချိုတင်)၏ခင်ပွန်း၊ ဒေါ်လှသူဇာ၊ ဦးနေမျိုးခိုင်၊ ဒေါ်ခေမာခိုင်-ဦးခိုင်မင်းထူးတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၆-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာထင်အောင် အသက်(၈၅)နှစ်

**M.B,B.S (YGN), D.M.R.T(LONDON)**

**ဌာနမှူး(ငြိမ်း)၊ ဓာတ်ရောင်ခြည်အထူးကုဆရာဝန်ကြီး**

**မော်လမြိုင်မြို့**

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်၊ ရှမ်းစုလမ်း၊ အမှတ် ၁၅နေ သိမ်ဒါယကာ၊ သစ်ကုန်သည်ကြီး(ဦးမောင်ကြီး-ဒေါ်နှင်းရင်)တို့၏သား၊ ရန်ကုန်မြို့နေ ဒေါ်ခင်စောရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးထင်လင်းအောင် (ဒုတိယညွှန်ကြားရေးမှူး၊ စီမံ၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါက်တာနန်းယဉ်လွင်အေး(ခ)နွေးနွေး(ကထိက၊ သားဖွားမီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ဒေါ်ခင်ဥမ္မာအောင် -ဦးသန်းဦး (Singapore)၊ ဒေါ်ခင်စန္ဒာအောင်၊ ဦးကျော်လင်းအောင်၊ ဒေါ်ခင်မာလာအောင်-Mr.Zeng Xiong Yu (Sweden) ၊ ဒေါ်ခင်ချောစုအောင်တို့၏ ချစ်လှစွာသောဖခင်၊ မမေမြတ်သဇင်၊စိုင်းကမ်လီ၊ Neron Aung Zeng , Leo Aung Zeng , Iris Aung Zeng တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂၅-၄-၂၀၂၀ရက် နံနက် ၁၁:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြင့်မြင့်မေ

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ လူမှုဖူလုံရေး**

**အသက် (၈၅)နှစ်**

ပါမောက္ခ ဒေါက်တာအေးထွန်း (ဆေး-၂)၊ ဒုဗိုလ်မှူးကြီး ဒေါ်ယုယုခင်(ငြိမ်း)တို့၏ မိခင်သည် ၂၆-၄-၂၀၂၀ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာအဖွဲ့**

**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာမြင့်မြင့်မေ အသက် (၈၅)နှစ်

ပါမောက္ခ ဒေါက်တာအေးထွန်း(ဆေး-၂)၊ ဒုတိယဗိုလ်မှူးကြီး ဒေါ်ယုယုခင်(ငြိမ်း)တို့၏မိခင်သည် ၂၆-၄-၂၀၂၀ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာဌာန**

**မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး**

**ဆေးတက္ကသိုလ် (၂) ရန်ကုန်**

## ဦးစိုးသိန်း

**(ကုန်သွယ်ရေး-ငြိမ်း)**

**အသက် (၈၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ၁၆လမ်း၊ အမှတ် (၁၀၄၀)နေ (ဦးဟန်မေ-ဒေါ်သေးရီ) တို့၏သား၊ (ဒေါ်ကျင်ပု)၏ခင်ပွန်း၊ ဒေါ်ခင်မေ၊ ဦးကြည်မြင့်-ဒေါ်ခင်ရီ၊ ဦးမောင်ကြီး၊ ဦးမောင်ငယ်-ဒေါ်မေကြည်၊ ဒေါ်သိန်းသိန်း၊ ဒေါ်ငွေငွေရီမေတို့၏အစ်ကို၊ ဒေါ်သီတာစိုး၊ ဦးကျော်ကျော်စိုး-ဒေါ်အေးသန္တာကျော်၊ ဦးထွန်းထွန်းအောင်-ဒေါ်သူဇာစိုး၊ ဦးဇေလတ်-ဒေါ်မြမြစိုး၊ ဦးရဲရင့်ကျော်သူ-ဒေါ်ဇင်နွယ်စိုးတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၂၀ရက် (တနင်္လာနေ့) ည ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းခင်

**ကြို့ပင်ကောက်မြို့**

**အသက် (၈၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ကုန်းမြင့်ကျေးရွာ၊ ဗညားဒလလမ်းသွယ်နေ (ဦးထွန်းစိန်)၏ဇနီး၊ (ဦးဖေယျ-ဒေါ်ခင်စန်းကြည်)၊ (ဦးဉာဏ်မြင့်)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးတင်အောင်-ဒေါ်ဆွေဆွေဝင်း၊ (ဦးကြည်စိုး)၊ ဦးကြည်သန်း-ဒေါ်အေးအေးစိုး၊ ဦးမောင်ပု-ဒေါ်လဲ့လဲ့ဝင်း (ရွှေရောင်သပြေစားသောက်ဆိုင်)၊ ဦးမင်းနိုင်-(ဒေါ်ခင်စန်းမြင့်)၊ ဦးမောင်မောင်စု (ဦးစီးအရာရှိ-MRTV)-ဒေါ်ဇင်ကြည်ပြာဝင်း (အေးမျိုးမျိုးစတိုးဆိုင်)တို့၏မိခင်၊ မြေး (၁၆)ယောက်တို့၏အဘွားသည် ၂၆-၄-၂၀၂၀ရက် ည ၈:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် သဲတွင်းအနန္တသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်ပုံ(ခ)ဒေါ်မြစိန် (ချောင်းဝိုင်းကလေး)

**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ မင်္ဂလာဆင်မင်း အိမ်ရာ၊ တိုက် ၅၊ အခန်း ၂၀၄နေ (ဦးရွှေရ-ဒေါ်ဖွားညွန့်)တို့၏သမီး၊ (ဦးညွန့်စိန်)၏ဇနီး၊ ဦးသာအေး-ဒေါ်မြင့်မြင့်(မြန်မာ့သစ်လုပ်ငန်း)၊ (ဦးမြအောင်)-ဒေါ်ငြိမ်း၊ ဒေါ်နှင်းလှ၊ ဦးစိုးမောင်-(ဒေါ်ကြည်ကြည်မာ)(နယ်စပ်/စည်ပင်)၊ ဦးစံတင်-ဒေါ်နန်းလှတင်(ဘားအံဆေးရုံ)၊ ဦးမြင့်စိုး၊ ဦးမြတ်စိုး-ဒေါ်အေးအေးကြည်၊ ဦးခင်တိုး (M.T.M) -ဒေါ်အေးချိုချိုထွန်းတို့၏မိခင်၊ မြေး ၁၇ယောက်၊မြစ် ၁၄ယောက်တို့၏ ဘွားဘွားကြီးသည် ၂၇-၄-၂၀၂၀ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ အာရုံခံဒါယိကာမကြီး**

## ဒေါ်သန်းရီ အသက်(၈၅)နှစ်

မန္တလေးမြို့၊ ၂၆ ဘီလမ်း၊ ၈၂လမ်း x ၈၃လမ်းကြား၊ ပွဲကုန်းလမ်းမတန်း၊ သုခဗလရိပ်သာနေ ဦးရင်မောင်၏ဇနီး၊ ဦးတင့် လွင်အေး-ဒေါ်မေဖြိုးမောင်တို့၏မိခင်ကြီး၊ဦးတင်အောင်-ဒေါ်မြင့်မြင့်၊ ဒေါ်ညိုညိုစိန်တို့၏အဒေါ်/မိခင်၊ မေမြတ်သဒ္ဒါအေး၊ ဖြိုးသုတအေးတို့ ၏ အဘွားသည် ၂၃-၄-၂၀၂၀ရက် ည ၉:၃၀နာရီခန့်တွင် ကွယ်လွန်သွားပြီးဖြစ်ပါ၍ အေးရိပ်ငြိမ်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်းနှင့် မိခင်ကြီး နာမကျန်းဖြစ်ခဲ့စဉ်မှစ၍ ကွယ်လွန်ချိန်အထိ တရားဓမ္မဟောကြားပေးခဲ့ကြသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ၊ ကြိုးစားကုသစောင့်ရှောက်ပေးခဲ့ကြသော ဆရာဝန်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်လှိုင် (ကျိုက်လတ်)

**(ဦးလှိုင်နှင့် သားများ စက်မှုလက်မှု)**

**အသက်(၈၂)နှစ်**

ကျိုက်လတ်မြို့၊ ၁၀လမ်းနေ(ဦးဘိုးသာ-ဒေါ်ခင်မြ)တို့၏သား၊ (ဦးသီလှ-ဒေါ်အေး)တို့၏သားသမက်၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ ၃လမ်း၊ အမှတ် ၅၈၂နေ ဒေါ်ထားရီ၏ခင်ပွန်း၊ ဦးစိုးနိုင်-ဒေါ်တင်တင်ညို၊ ဦးမျိုးကြည်-ဒေါ်ဥမ္မာသန်း၊ ဦးနေလင်း-ဒေါ်ချယ်ရီဝင်း၊ ဦးထိန်လင်းအောင်-ဒေါ်ဇင်မာလှိုင်၊ ဦးအောင်နိုင်-ဒေါ်နန္ဒာလှိုင်တို့၏ဖခင်၊ မြေး ရှစ်ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုး၊ (ဦးတင်မောင်၊ ဒေါ်ငွေရင်၊ ဦးစိန်း၊ ဒေါ်သိန်းသိန်း၊ဒေါ်ခင်သန်း၊ ဦးတင်အောင်၊ဒေါ်ပု၊ဦးမြ)တို့၏ ညီ/မောင်၊ ဗိုလ်မှူး မောင်ညိမ်း(ငြိမ်း)-ဒေါ်ခင်စန်းရီတို့၏ အစ်ကိုသည် ၂၇-၄-၂၀၂၀ရက် နံနက် ၃ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၂၀ရက် ညနေ ၃နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြည်ကြည်သိန်း

**အသက် (၆၅)နှစ်**

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဆေးဝါးဗေဒအဖွဲ့၊ အဖွဲ့ဝင်ဖြစ်သူ ဒေါက်တာမြကြည်ဇင် [လက်ထောက်ကထိက၊ ဆေးဝါးဗေဒဌာန၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)]၏မိခင် ဒေါ်ကြည်ကြည်သိန်းသည် ၂၇-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၃:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း**

**ဆေးဝါးဗေဒအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ကြည်ကြည်သိန်း

**အသက် (၆၅)နှစ်**

သူနာပြုတက္ကသိုလ်(ရန်ကုန်) ဆေးဝါးဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာမြကြည်ဇင်၏မိခင် ဒေါ်ကြည်ကြည်သိန်းသည် ၂၇-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၃:၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဆေးဝါးဗေဒဌာနလုပ်ဖော်ကိုင်ဖက်များမှ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးဝါးဗေဒဌာန**

**သူနာပြုတက္ကသိုလ်(ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

## ဦးနိုင်ဝင်း(ခ)ဦးအန်းကူကြီး

**ထိန်လှဝင်းရွှေဆိုင်၊ အုတ်တွင်းမြို့**

**အသက်(၅၉)နှစ်**

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ (ဦးသိန်းရွှေ-ဒေါ်အုံကျင်မွှေး)တို့၏သား၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့၊ ဘူတာရုံလမ်းနေ ဦးမင်းစိန်-(ဒေါ်အုန်းကျင်)တို့၏ သားသမက်၊ အုတ်တွင်းမြို့၊ ဈေးပိုင်းရပ်နေ ဒေါ်လှလှငွေ(ခ)ဒေါ်မွှေး၏ချစ်လှစွာသော ခင်ပွန်းသည် ၂၇-၄-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် တောင်ငူမြို့၊ မြတ်သစ္စာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် တောင်ငူမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ ဦးဆောင်မှုဖြင့် သဘင်အနုပညာရှင်များအား ကူညီထောက်ပံ့သည့် အစီအစဉ်များ ဆောင်ရွက်နေ

ရန်ကုန် မေ ၂၇

ကိုဗစ်-၁၉ ရောဂါကြောင့် ပွဲလမ်းသဘင်များအားလုံး ရပ်နားထားရသည်ဖြစ်ရာ သဘင်မိသားစုများအတွက် မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)၏ ဦးဆောင်မှုဖြင့် သဘင် အနုပညာရှင်ပေါင်း ၂၇၀၀၀ နီးပါးအား ကူညီထောက်ပံ့မှု အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)မှ သိရသည်။

ထိုသို့ ကူညီထောက်ပံ့ရာတွင် သဘင်တည်ထောင်ခွင့်ပြုလုပ်ထားသူများ၊ သဘင်စာချုပ်ဖြင့် သဘင်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ၊ အသက် ၇၅ နှစ်အထက်

စာမျက်နှာ ၉ ကော်လံ ၅ ❑



ရန်ကုန်တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်များရှိ သဘင်အနုပညာရှင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။
ဓာတ်ပုံ-ကောင်းကျော်

## Coronavirus Disease-2019(COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease-2019 (COVID-19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှု ကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံ ကန့်သတ်ခြင်း၊ မြို့/ရွာများ လူဝင်/ လူထွက် စိစစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေး ယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့်အရေးပေါ် အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး Online နှင့် အိမ်တွင်းကျူးလွန်မှုများ အဖြစ်သို့ ပြောင်းလဲသွားခြင်း။

(ခ) ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်းတို့ကြောင့် ပြည်သူများ လိုအပ်သည့် အစားအသောက်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများကို တုပမှုများလာခြင်းနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း။

စာမျက်နှာ ၉ ကော်လံ ၁ ❖

## ရုရှား၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၀၀၀၀ ကျော်အထိ မြင့်တက်လာ

စာ-၁၂

## COVID - 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ-၁၅

## ချင်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် အရန်ဆန်အိတ် ၅၀၀ ဖလမ်းမြို့ရောက်ရှိ

ဖလမ်း မေ ၂၇

ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူများ စားနပ်ရိက္ခာ ပြတ်လပ်မှုမရှိစေရေး ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့သော အရန်ဆန်အိတ် ၅၀၀ သည် မေ ၂၇ ရက် မွန်းလွဲပိုင်းက ဖလမ်းမြို့သို့ ရောက်ရှိသည်။

အဆိုပါအရန်ဆန်အိတ် ၅၀၀ ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်မှတစ်ဆင့် သယ်ယူကာ ဖလမ်းမြို့ မိုးလုံလေလုံအားကစားခန်းမ၌ သိုလှောင်ထားကြောင်း သိရသည်။ ဂျွန်( ပြန်/ဆက်)



## အီတလီစီးရီးအေပွဲစဉ်များ မကြာမီစတင်နိုင်တော့မည်



အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက အီတလီ စီးရီးအေအသင်းများအနေဖြင့် လာမည့် မေ ၄ ရက်တွင် တစ်ဦးချင်း လေ့ကျင့်မှုနှင့် မေ ၁၈ ရက်တွင် အသင်းလိုက်လေ့ကျင့်မှုများ ပြန်လည်စတင်နိုင်မည်ဟု အတည်ပြုပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပွဲစဉ်များကို မေ ၂၇ ရက်နှင့် ဇွန် ၂ ရက် ကြားတွင် ကျင်းပနိုင်ဖွယ်ရှိနေပြီး ဩဂုတ်လ အစောပိုင်းတွင် ရာသီပြီးဆုံးရန် မျှော်လင့်နေကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ●

စီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်အသင်းမှ ကစားသမားများ။

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

လူတိုင်းလက်လှမ်းမီသော အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။




အဖုအကျိတ်ဆို ပေါင်းဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)

ဒေဝယက္ခ အကျိတ်ကြေအဏှုမြူမှုန်းဆေး

အဖုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နုရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်
မိုးဦးကျဖြစ်တတ်သော ရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ

ပဲခူးမြို့။ Ph-052-2221422, 09-5300141

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ ဧပြီ ၂၈၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# လူတိုင်းလက်လှမ်းမီသော အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**တွေ့ဆုံမေးမြန်း – နန္ဒာဝင်း၊ ဓာတ်ပုံ – စိုးဝင်းထွန်း**

ရေရှည်တည်တံ့ခိုင်မြဲမည့် ကျန်းမာရေးစနစ်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာပြီး လူတိုင်းလက်လှမ်းမီရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများကို နေရာဒေသမရွေး ပိုမိုထိရောက်စွာပေးအပ်နိုင်ရေးတို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခု နိုင်ငံတော်အစိုးရလက်ထက်တွင် ဝန်ကြီးဌာနနှစ်ခုကို ပေါင်းစုကာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ဆေးရုံ၊ ဆေးခန်းနှင့် ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးခြင်း၊ သတင်းအချက်အလက်များ တိကျပြည့်စုံမှန်ကန်ရေး၊ ဘဏ္ဍာစီမံခန့်ခွဲမှုစနစ် ကောင်းမွန်လာစေရေး အစရှိသည်တို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အစိုးရ၏ စတုတ္ထတစ်နှစ်တာကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်၊ ပြောင်းလဲတိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည် –



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

**မေး ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ စတုတ္ထတစ်နှစ်တာကာလအတွင်း ဘယ်လိုကဏ္ဍတွေကို ဦးစားပေးအနေနဲ့ ဆောင်ရွက်နေတယ်ဆိုတာကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဟာ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေး လွှမ်းခြုံမှုရရှိစေဖို့အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇–၂၀၂၂)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၁၉၉၃ ခုနှစ်က ရေးဆွဲခဲ့တဲ့ အမျိုးသားကျန်းမာရေး မူဝါဒကိုလည်း ခေတ်ကာလကျန်းမာရေး လိုအပ်ချက်တွေနဲ့ လျော်ညီအောင်ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ ကျန်းမာရေးကဏ္ဍမှာ ပြောင်းလဲလာတဲ့ အခြေအနေအရ ကျင့်သုံးလျက်ရှိတဲ့ မဟာဗျူဟာတွေ၊ နည်းဗျူဟာတွေကို ပြောင်းလဲကျင့်သုံးနေပါတယ်။

ပြည်သူ့ကျန်းမာရေးကဏ္ဍ တိုးတက်မှုရှိမှသာ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာမှာဖြစ်ပါတယ်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေ ပီပြင်စွာဆောင်ရွက်နိုင်ရင် မဖြစ်သင့်တဲ့ရောဂါတွေ ဖြစ်ပွားမှုနည်းပါးမယ်၊ ဆေးရုံကို လာရောက်တဲ့ လူနာအရေအတွက်တွေလည်း နည်းလာမှာဖြစ်ပါတယ်။ လူနာတွေနည်းလာတာနဲ့အမျှ အရည်အသွေးပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးဝန်ဆောင်မှုကို ပေးနိုင်မယ့်အပြင် ဓာတ်ခွဲစစ်ဆေးတာ၊ ပုံရိုက်ဖော်ဓာတ်မှန်ရိုက်တာ၊ ကုသမှုပေးဖို့ မလိုအပ်တာ၊ ခွဲစိတ်ဖို့ မလိုအပ်တာ၊ ဓာတ်ကင်ဖို့ မလိုအပ်တာတွေကြောင့် ပိုလျှံတဲ့ဘဏ္ဍာငွေကို ခေတ်ပေါ်ပစ္စည်းကိရိယာတွေနဲ့ အရည်အသွေးပြည့်တဲ့ဆေးတွေကို ဝယ်ယူပြီး ပြည်သူတွေကို ကုသပေးနိုင်မှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်ကာလမှာ ပြည်သူတွေရဲ့ ကျန်းမာရေးစာတတ်မြောက်မှု (Health Literacy) ပိုမိုမြှင့်တင်ဖို့ ပြုလုပ်ခြင်း၊ လူနာဘေးကင်းလုံခြုံမှု (Patient Safety)၊ ကျန်းမာရေး သတင်းစနစ် ပိုမိုကောင်းမွန်ရေး၊ e-Government စနစ် ပိုမိုထွန်းကားရေး၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေနဲ့ ကုသရေးဝန်ထမ်းတွေအားလုံးအရည်အသွေးတိုးတက်လာစေဖို့ လုပ်ငန်းခွင်သင်တန်းတွေပေးခြင်း၊ ဆေးရုံ၊ ဆေးခန်းတွေမှာ လိုအပ်တဲ့ အရည်အသွေး ပြည့်မီတဲ့ ဆေးနဲ့ဆေးပစ္စည်းတွေကို စနစ်တကျ ဝယ်ယူသိုလှောင် ဖြန့်ဖြူးရေး၊ ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာ ပိုမိုမြင့်မားလာစေဖို့အတွက် အစည်းအဝေးတွေ၊ သင်တန်းတွေ၊ ဘွဲ့လွန်ဒီဂရီတွေ ရရှိစေရေးအတွက် နိုင်ငံခြားကို ပိုမိုစေလွှတ်ပေးတာတွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံတကာအဖွဲ့အစည်းတွေက ပံ့ပိုးတဲ့ထောက်ပံ့ငွေတွေကို လိုအပ်တဲ့ဦးစားပေး လုပ်ငန်းတွေမှာ စနစ်တကျသုံးစွဲစေခြင်း၊ နိုင်ငံတော်က ပံ့ပိုးတဲ့ဘဏ္ဍာငွေကို စနစ်တကျ ခွဲဝေသုံးစွဲပြီး အလေအလွင့်တတ်နိုင်သမျှ နည်းပါးစေဖို့ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာတွေ ပိုမိုဆောက်လုပ်စေခြင်း၊ ဆေးပညာကျင့်ဝတ်၊ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်၊ သူနာပြုနဲ့သားဖွားကျင့်ဝတ်တွေကို ကျင့်သုံးစေဖို့ နည်းမျိုးစုံဖြင့် ဆောင်ရွက်ခြင်း၊ မွေးထုတ်မယ့် ဆရာဝန်တွေ အရည်အသွေးပြည့်ဝစေဖို့အတွက် ရလဒ်အခြေပြု ပေါင်းစည်းဆက်စပ်သင်ကြားခြင်း သင်ရိုးညွှန်းတမ်းကို စတင်အသုံးပြုသင်ကြားခြင်း၊ ပြည်သူတွေ ရေတိုနဲ့ရေရှည်မှာ ကျန်းမာစေဖို့အတွက် စစ်မှန်တဲ့အစားအသောက်နဲ့ ဆေးဝါးတွေ ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ "ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး" ဆောင်ပုဒ်ကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခြင်းကို တိုးမြှင့်အားပေးလှုံ့ဆော်ခြင်းတွေကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကျန်းမာရေးကဏ္ဍမှာ တိုးတက်မှုတွေရရှိအောင် ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေ ပီပြင်စွာဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်မှ ဘဏ္ဍာငွေတွေကို တိုးမြှင့်ပံ့ပိုးလျက်ရှိပါတယ်။ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၆၈၀ ဘီလီယံမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ၁၀၁၈ ဘီလီယံကျပ်အထိ တိုးမြှင့်ခွင့်ပြုပေးခဲ့ပါတယ်။ ပြည်ပအကူအညီတွေမှာလည်း ငွေကျပ် ၈၂ ဘီလီယံမှ ၁၃၆ ဘီလီယံကျပ်အထိ တိုးမြှင့်ရရှိခဲ့ပါတယ်။

အခု ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကုသရေးဆိုင်ရာ ဆေးနဲ့ဆေးပစ္စည်းတွေ ဝယ်ယူမှုအတွက် ငွေကျပ် ၁၄၀ ဘီလီယံ၊

*အချပ်ပို (ခ) သို့*

> **"ပြည်သူ့ဆေးရုံတွေမှာ ၂၀၁၉ ခုနှစ်အတွင်း ခွဲစိတ်ကုသမှု စုစုပေါင်း ၇၉၈၄၃၉ ကြိမ် ဆောင်ရွက်ခဲ့ပြီး အထူးခွဲစိတ်ကုသမှုတွေအနေနဲ့ ရင်ခေါင်းဖွင့် နှလုံးခွဲစိတ်ကုသခြင်း ၁၀၂၇ ကြိမ်၊ နှလုံးသွေးကြောချဲ့ကုသခြင်း ၅၈၇၇ ကြိမ်၊ ဦးနှောက်နဲ့ အာရုံကြောဆိုင်ရာ ခွဲစိတ်ကုသခြင်း ၈၅၂ ကြိမ် တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့"**



*အချပ်ပို (က) မှ*

ဆေးရုံသုံး စက်ပစ္စည်းဝယ်ယူမှုအတွက် ၁၁၄ ဘီလီယံ လျာထားသုံးစွဲလျက် ရှိပါတယ်။ အလားတူ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆေးနဲ့ ဆေးပစ္စည်းတွေ ဝယ်ယူမှုအတွက် ငွေကျပ် ဘီလီယံ ၄၀ နဲ့ စက်ပစ္စည်းဝယ်ယူမှုအတွက် ၆ ဘီလီယံ လျာထားသုံးစွဲလျက်ရှိပါတယ်။

**မေး ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာရှိတဲ့ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် တိုးတက်ရေးအတွက် ဘယ်လိုတွေ ဆောင်ရွက်နေတယ် ဆိုတာကိုလည်း သိပါရစေ။**

ဖြေ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာ စုစုပေါင်း ခွင့်ပြုအင်အား ၂၀၂၄၈၆ ဦး ရှိတဲ့အနက် လက်ရှိမှာ ခန့်ထားတဲ့အရာထမ်းဝန်ထမ်း ၁၈၃၀၇ ဦး၊ အမှုထမ်း ၉၅၄၆၄ ဦး စုစုပေါင်းဝန်ထမ်း ၁၁၃၇၇၁ ဦးနဲ့ လုပ်ငန်းတာဝန်တွေကို ထမ်းဆောင်လျက်ရှိပါတယ်။ လက်ရှိ ခန့်ထားတဲ့ ဝန်ထမ်းအင်အားဟာ ခွင့်ပြုအင်အားရဲ့ ၅၆ ရာခိုင်နှုန်းသာ ခန့်ထားနိုင်ပါသေးတယ်။ အခု စတုတ္ထ တစ်နှစ်တာကာလမှာ သစ်လွင်ဆရာဝန် ၇၂၃ ဦး၊ သူနာပြုဆရာမ ၁၇၇၄ ဦး၊ သားဖွားသစ်လွင် ၈၃၉ ဦး၊ အခြားအမှုထမ်း ၁၀၆၂ ဦး စုစုပေါင်း ဝန်ထမ်းသစ် ၄၃၉၈ ဦး ခန့်ထားခဲ့ပါတယ်။

ဆရာဝန်တွေ၊ သူနာပြုတွေ၊ အခြေခံကျန်းမာရေးဝန်ထမ်းတွေ၊ အခြားဝန်ထမ်းတွေရဲ့အရည်အသွေး တိုးတက်စေဖို့နဲ့ ပြည်သူတွေကို အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးဖို့အတွက် ပြည်ပနိုင်ငံတွေကို စေလွှတ်လျက်ရှိရာ အခုနှစ်မှာ Ph.D ဘွဲ့ ၃၁ ဦး၊ M.Sc ဘွဲ့ ၄၇ ဦး၊ ၆ လအောက်သင်တန်း ၄၂၁ ဦး၊ ၆ လအထက်သင်တန်း ၇၃ ဦး၊ အစည်းအဝေးနဲ့အလုပ်ရုံဆွေးနွေးပွဲ ၁၉၇၅ ဦး စုစုပေါင်း ၂၅၄၇ ဦးကို စေလွှတ်နိုင်ခဲ့ပါတယ်။

**မေး ။ ။ နိုင်ငံတော်က ဖော်ဆောင်လျက်ရှိတဲ့ e-Governance Systemနဲ့ ပတ်သက်ပြီး ဘယ်လိုတွေဆောင်ရွက်နေတယ်ဆိုတာကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟာ ဝန်ဆောင်မှုပေးရာမှာ လျင်မြန်သွက်လက်ပြီး မှန်ကန်တိကျစွာ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့အတွက် e-Governance System ကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဦးစီးဌာနအသီးသီးမှာရှိတဲ့ ကျန်းမာရေးဌာနတွေမှာ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိပါတယ်။

ဥပမာ လတ်တလောဖြစ်ပွားနေတဲ့ COVID-19 ရောဂါအချက်အလက်တွေကို ဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ Website (www.mohs.gov.mm) နဲ့ လူမှုကွန်ရက် စာမျက်နှာမှတစ်ဆင့် ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေ၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်တွေ၊ အသိပညာတွေကို အသိပေးတင်ပြလျက်ရှိပါတယ်။ COVID-19 နဲ့စပ်လျဉ်းပြီး ဗဟိုနဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်အသီးသီးရဲ့ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းဆောင်ရွက်မှု သတင်းနဲ့ ထုတ်ပြန်ချက်တွေ၊ ပြည်သူတွေအတွက် ကျန်းမာရေး အသိပညာတွေနဲ့ Geographic Information System (GIS) နည်းပညာအသုံးပြုပြီး COVID-19 Surveillance Dashboardနဲ့ မြေပုံကို အချိန်နဲ့တစ်ပြေးညီ လွှင့်တင်နိုင်ခဲ့ပါတယ်။

အလားတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ အမှာစကား (Message)တွေ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနတွေ၊ ဌာနခွဲတွေနဲ့ ဆေးနဲ့နီးနွယ်တက္ကသိုလ်တွေရဲ့ Website နဲ့ Facebook Page တွေ၊ "A-Z Index" ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စာအုပ်စာတမ်းတွေနဲ့ ကျန်းမာရေးပညာပေးရုပ်သံဗီဒီယိုတွေကို ဝင်ရောက်ကြည့်ရှုနိုင်တဲ့ "MoHS Myanmar" Mobile Application ကို ရေးဆွဲဆောင်ရွက်လျက်ရှိပြီး Application မှာ အခုတော့ COVID-19 ဆိုင်ရာ Module ကို ထပ်မံဖြည့်သွင်းထားရှိပါတယ်။

ဝန်ကြီးဌာနနဲ့ ဦးစီးဌာနတွေရဲ့ အစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေ၊ နှီးနှောဖလှယ်ပွဲတွေ၊ ညီလာခံတွေ၊ ဆွေးနွေးပွဲတွေဆိုင်ရာ အချက်အလက်တွေကို ကြည့်ရှုရယူနိုင်တဲ့ Paperless Workshop System Website (www.event-mohs.gov.mm)၊ "MoHS Events" Mobile Application နဲ့ QR (Quick Response) Code တွေကို ပြုလုပ်ဆောင်ရွက်ထားပါတယ်။

ပြည်သူတွေ လိုအပ်တဲ့ Health Messages တွေပါဝင်တဲ့ Mobile Tablet တွေကိုလည်း တိုင်းဒေသကြီး/ ပြည်နယ် ၇ ခုမှာရှိတဲ့ မြို့နယ်/တိုက်နယ်ဆရာဝန် ၄၀၄ ဦးနဲ့ အခြေခံ ကျန်းမာရေးဝန်ထမ်း ၁၀၇၉၂ ဦးကို ဖြန့်ဝေပြီး ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသလို ကျန် တိုင်းဒေသကြီး/ ပြည်နယ်တွေမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်း ၁၆၅၄၅ ဦးကို ဖြန့်ဝေဖို့ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

တရုတ်နိုင်ငံမှာ COVID-19 ရောဂါ စတင်ဖြစ်ပွားတဲ့ အချိန်ကစတင်ပြီး တရုတ်နဲ့ နယ်နိမိတ်ထိစပ်လျက်ရှိတဲ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်းမှာရှိတဲ့ မြို့နယ် ၁၁ မြို့နယ်ကို ၂၈၂ လုံးနဲ့ Fever Surveillance Post တွေကို ၅၁ လုံး၊ စုစုပေါင်း Mobile Tablet ၃၃၃ လုံး၊ ကျန်တဲ့ တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုမှာရှိတဲ့ မြို့နယ်/ တိုက်နယ်ဆရာဝန် ၇၂၂ ဦးကိုလည်း Mobile Tablet တွေထပ်မံဖြန့်ဝေခဲ့ပြီး Mobile Device Management System (MDM) အသုံးပြုပြီး COVID-19 ဆိုင်ရာ အချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ပေးပို့လျက်ရှိပါတယ်။

**မေး ။ ။ ကုသရေးဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ကုသရေးဦးစီးဌာနအနေနဲ့ မြန်မာတစ်နိုင်ငံလုံးမှာ ၁၆ ခုတင်မှ ခုတင်၂၀၀၀ ဆံ့အထိ စုစုပေါင်းဆေးရုံ ၁၁၅၂ ခု ၊ ဆေးရုံခုတင်ပေါင်း ၅၅၃၉၄ ခုတင်နဲ့ ကျန်းမာရေးဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။ လှိုင်သာယာတိုးချဲ့ (၄)ထပ် လူနာဆောင်၊ တောင်ဥက္ကလာပမြို့နယ် အမျိုးသမီးနဲ့ ကလေးဆေးရုံ တိုးချဲ့ (၄)ထပ်ဆောင်၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး တိုးချဲ့(၄)ထပ်ဆောင်၊ မော်လမြိုင်အမျိုးသမီးနဲ့ ကလေးဆေးရုံကြီး တိုးချဲ့ (၅)ထပ်ဆောင်၊ တောင်ကြီးမြို့ အမျိုးသမီးနဲ့ ကလေးဆေးရုံ (၄)ထပ်ဆောင်၊ စစ်တွေပြည်သူ့ဆေးရုံကြီးတိုးချဲ့ (၄)ထပ်ဆောင်၊ မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးတိုးချဲ့ (၄)ထပ်ဆောင်တွေကတော့ ထင်ရှားတာတွေ ဖြစ်ပါတယ်။

ပြည်သူ့ဆေးရုံတွေမှာ ၂၀၁၉ ခုနှစ်အတွင်း ခွဲစိတ်ကုသမှု စုစုပေါင်း ၇၉၈၄၁၉ ကြိမ် ဆောင်ရွက်ခဲ့ပြီး အထူးခွဲစိတ်ကုသမှုတွေအနေနဲ့ ရင်ခေါင်းဖွင့်နှလုံးခွဲစိတ် ကုသခြင်း ၁၀၂၇ ကြိမ်၊ နှလုံးသွေးကြောချဲ့ကုသခြင်း ၅၈၇၇ ကြိမ်၊ ဦးနှောက်နဲ့အာရုံကြောဆိုင်ရာ ခွဲစိတ်ကုသခြင်း ၈၅၂ ကြိမ်တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပါတယ်။ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)မှာ သားသမီးတွေရလိုသူတွေအတွက် Fertility Centre ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဒုတိယမြောက် ဖန်ပြွန်သန္ဓေသားနဲ့ တတိယမြောက် ဖန်ပြွန်သန္ဓေသားတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပါတယ်။

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နဲ့ မြောက်ဥက္ကလာပမြို့နယ် အစရှိတဲ့ ပြည်သူ့ဆေးရုံကြီးတွေက အရေးပေါ်ဌာနတွေကို အဆင့်မြှင့်တင်ထားရှိနိုင်ခဲ့ပါတယ်။ ပုသိမ်ပြည်သူ့ဆေးရုံကြီးနဲ့ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးတွေမှာ အထူးကြပ်မတ်ကုသဌာန (Intensive Care Unit)တွေ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သလို အဆင့်မြင့် ကျောက်ကပ်သွေးသန့်စင်တဲ့ဌာနတွေကိုလည်း ဟားခါး၊ ဖလမ်းနဲ့ အင်းစိန်ပြည်သူ့ဆေးရုံကြီးတွေမှာ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေနဲ့ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ အထွေထွေရောဂါကုဆေးခန်း ၆၆၅၆ ခန်း၊ အထူးကုဆေးခန်း ၈၉၀ နဲ့ ဆေးရုံ ၂၅၀ ၊ ရောဂါရှာဖွေရေးဓါတ်ခွဲခန်း ၂၃၆ ခန်း၊ ရောဂါရှာဖွေရေး(ဓာတ်မှန်) ၁၄၄ ခန်းကို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းလိုင်စင်တွေ ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါတယ်။

ပြည်သူ့ဆေးရုံတွေနဲ့ ပုဂ္ဂလိကဆေးရုံတွေမှ လူနာတွေရဲ့ အရေးပေါ်သွေးလိုအပ်ချက်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားသွေးဌာနက ထောက်ပံ့လျက်ရှိရာ ဆေးရုံပေါင်း ၃၀ ခန့်ကို လစဉ်ထောက်ပံ့လျက်ရှိပါတယ်။ တစ်နှစ်လုံးအနေနဲ့ သွေးယူနစ် စုစုပေါင်း ၁၉၄၅၂၂ ယူနစ် ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

National Medicines Policy Strategy and Implementation Plan (2018-2021) စာအုပ်ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ ကျန်းမာရေးစနစ်မှာ အရေးကြီးတဲ့ Medical Audit System ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ရန်ကုန်မြို့နဲ့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန မန္တလေးတို့ကို အထွေထွေပြုပြင် ထိန်းသိမ်းမွမ်းမံခြင်းနဲ့ လက်ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနကို ဇီဝလုံခြုံမှု အဆင့်(၂) Biosafety Level-2 Laboratory ၄ ခန်းနဲ့ ဇီဝလုံခြုံမှု အဆင့်(၃) Biosafety Level-3 Laboratory ၂ ခန်း စတဲ့ ဓာတ်ခွဲစမ်းသပ်ခန်း အဆင့်မြှင့်တင် ခြင်းလုပ်ငန်းတွေ စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အလားတူပဲ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာန (မန္တလေး) ကို WHO Sub-National Measles Lab အဖြစ် အသိအမှတ်ပြုနိုင်ခဲ့ပါတယ်။

**မေး ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ပြည်သူ့ကျန်းမာရေး ကဏ္ဍမှာ ဒေသန္တရ/မိခင်နဲ့ကလေး ကျန်းမာရေးဌာန ၄၄၁ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၈၄၉ ခုနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း ၈၇၀၀ နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးလျက်ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန ၇၁ ဌာနကို ဖွဲ့စည်းပုံအသစ် တိုးချဲ့နိုင်ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၂ ခုကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

အခုအစိုးရလက်ထက်မှာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အဆောက်အဦတွေဖြစ်တဲ့ ကျေးလက်ကျန်းမာရေးဌာန ၄၁၃ ခု ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၃၇၄ ခု၊ ဒေသန္တရဆေးခန်း ၉ ခန်း၊ မိခင်နဲ့ကလေး ကျန်းမာရေးဌာန ၂၇ ဌာန၊ သားဖွားခန်း ၉ ခန်း၊ ရုံး ၁၀၅ ရုံးနဲ့ ဆေးသိုလှောင်ရုံ ၃၃ ခုတို့ကို အသစ်ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ အလားတူ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်း ၈၀ နဲ့ နားလည်မှု စာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းတွေအနေနဲ့ ဆောင်ရွက်ချက်တွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ကူးစက်ရောဂါ တိုက်ဖျက်ရေး လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နှိမ်နင်းရေးဗဟိုဌာန တည်ဆောက်နိုင်ရေးအတွက် စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေ (၁၉၉၅) ကို ခေတ်နဲ့လျော်ညီအောင်၊ ပြည့်စုံအောင် ပြင်ဆင်ရေးဆွဲထားတဲ့ ဥပဒေမူကြမ်းကို အတည်ပြုနိုင်ဖို့ လွှတ်တော်သို့ တင်သွင်းထားပါတယ်။

National Action Plan for Health Security - NAPHS (2018-2022) စီမံချက်ရေးဆွဲပြီး အမျိုးသားကျန်းမာရေးလုံခြုံမှုဆိုင်ရာလုပ်ငန်းစဉ်တွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ နယ်စပ်ဒေသတွေမှာ ကူးစက်ရောဂါတွေ ကာကွယ်နှိမ်နင်းရေးအတွက် ဓာတ်ခွဲလုပ်ငန်းတွေနဲ့ ဆေးရုံတွေမှာ ကူးစက်ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွေ အဆင့်မြှင့်တင်ဖို့အတွက် နှစ်စဉ်လုပ်ငန်းစီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ကူးစက်ရောဂါဆိုင်ရာ လက်တွေ့ ကွင်းဆင်းဆောင်ရွက်ခြင်း ၉ လသင်တန်းကိုလည်း ဖွင့်လှစ် သင်ကြားပေးနိုင်ခဲ့ပါတယ်။

ပြည်သူတွေကို ထိရောက်စွာ ကုသပေးနိုင်ဖို့၊ ဆေးအလေအလွင့် နည်းပါးစေဖို့အတွက် ခွေးကိုက်လူနာကုသမှုဌာနတွေကို ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီး ၄ ခုမှာ စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်တွေမှာလည်း ဆက်လက်ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ခွေးရူးပြန်ရောဂါကာကွယ်ဆေးနဲ့ ပဋိပစ္စည်းတွေကို နိုင်ငံတော်မှ ငွေကျပ် ၄၂၈၉ သန်းဖိုးခန့် ဝယ်ယူပြီး ကုသမှုတွေပေးခဲ့တဲ့အတွက် ၂၀၁၁ ခုနှစ်မှာ ခွေးရူးပြန်ရောဂါဖြင့် သေဆုံးသူ ၂၄၅ ဦး ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်မှာ ၆၈ ဦးထိ လျော့ကျလာခဲ့ပါတယ်။

National One Health Strategic Framework and Action Plan of Myanmar (2019-2023) ကို သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းရေးဆွဲခဲ့ပြီး လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အသည်းရောင်အသားဝါ (စီ)ရောဂါပိုးဖြစ်ပွားသူ ၃၂၅၇ ဦးကို Direct Acting Antiviral ဆေးဝါးတွေနဲ့ အခမဲ့ဆေးကုသမှုပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ HIV / AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ HIV ဖြစ်ပွားမှုတွေရှိတဲ့ မြို့နယ်တွေမှာ ART ဆေးကုသပေးတဲ့ ဌာနတွေကို ၃၉၇ ခုအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သလို ART ဆေးတိုက်ကျွေးခြင်းကို ၁၈၄၆၈၄ ဦးထိ ဆေးပေးနိုင်ခဲ့တဲ့အတွက် ခန့်မှန်း အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူတွေရဲ့ ၇၇ ရာခိုင်နှုန်းအထိ တိုးမြှင့်ကုသမှုပေးနိုင်ခဲ့ပါတယ်။ မက်သဒုန်းအစားထိုးတိုက်ကျွေးတဲ့ ဌာနတွေကို ၇၁ ခုအထိ တိုးချဲ့နိုင်ခဲ့ပြီး မိခင်မှ သန္ဓေသားသို့ HIV ကူးစက်မှုကာကွယ်ရေး လုပ်ငန်းကို မြို့နယ် ၃၂၆ ခုအထိ တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

HIV ကာကွယ်ရေးနဲ့ သွေးစစ်ဆေးရေး လုပ်ငန်းတွေကို အမျိုးသမီးလိင်အလုပ်သမားတွေမှာ ၈၅ ရာခိုင်နှုန်း၊ အမျိုးသားချင်းလိင်တူ ဆက်ဆံသူတွေမှာ ၅၂ ရာခိုင်နှုန်းအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။ Global Fund က HIV ကာကွယ်ကုသရေးလုပ်ငန်းတွေအတွက် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၁ သန်း ထောက်ပံ့ပေးခဲ့ပါတယ်။ အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ် ကာကွယ်ကုသရေး အမျိုးသားမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၂၅) ရေးဆွဲပြီးစီးခဲ့ပါတယ်။ ထို့အတူ တီဘီနဲ့ ငှက်ဖျားရောဂါအတွက်လည်း ၅ နှစ်စာ အမျိုးသား မဟာဗျူဟာစီမံကိန်းတွေ အသီးသီး ရေးဆွဲထားပါတယ်။

တီဘီရောဂါကာကွယ်ခြင်း၊ ရှာဖွေခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း တီဘီလူနာသစ် ၁၃၃၀၉၅ ဦး အခမဲ့ရှာဖွေကုသပေးနိုင်ခဲ့ပြီး ဆေးကုသမှုအောင်မြင်နှုန်း ၈၇ ရာခိုင်နှုန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆေးယဉ်ပါးတီဘီရောဂါ ရှာဖွေကုသခြင်းလုပ်ငန်းများကို ဆေးယဉ်ပါးတီဘီလူနာ ၂၅၈၁ ဦးကို အခမဲ့ဆေးကုသမှုပေးနိုင်ခဲ့ပြီး ဆေးယဉ်ပါးတီဘီဆေး ကုသမှုအောင်မြင်နှုန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဆေးယဉ်ပါးတီဘီရောဂါ ရှိ/ မရှိ အခြေအနေကို အချိန် ၂ နာရီအတွင်း ရှာဖွေစစ်ဆေးပေးနိုင်သည့် Gene Xpert စက်ကို ယခုအခါ ၁၀၈ လုံးထိ တိုးချဲ့တပ်ဆင်နိုင်ခဲ့ပြီး ခရိုင်အားလုံးနဲ့ မြို့နယ်အချို့တွင် လွှမ်းခြုံအောင် ဆောင်ရွက်နိုင်ခဲ့တယ်။

TB/ HIV ရောဂါရှာဖွေကုသရေးလုပ်ငန်း အနေဖြင့် တီဘီလူနာများ၏ ၉၅ ရာခိုင်နှုန်းကို HIV ပိုးရှိ/ မရှိ စစ်ဆေးပေးနိုင်ခဲ့ပြီး HIV ပိုးရှိတီဘီလူနာများ၏ ၇၄ ရာခိုင်နှုန်းခန့်ကို ART ဆေးကုသမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တီဘီရောဂါကာကွယ်ကုသရေးလုပ်ငန်းများအတွက် ၂၀၁၉ ခုနှစ်တွင် Global Fund မှ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၆ သန်း ထောက်ပံ့ပေးခဲ့ပါတယ်။

တီဘီလူနာ ရှာဖွေကုသသည့် Public Private Mix လုပ်ငန်းများကို လက်ရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် Population Services International တို့အပြင် ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ဆေးရုံကြီး ၂၃ ရုံ၊ တပ်မတော်ဆေးရုံကြီး ၅ ရုံ၊ အကျဉ်းထောင်ဆေးရုံ ၂ ရုံတို့နဲ့ ပူးပေါင်း၍ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ၏ တီဘီရောဂါဖြစ်ပွားမှု အခြေအနေမှန်ကို သိရှိနိုင်မည့် 4th Nationwide TB Prevalence Survey စစ်တမ်းကောက်ယူနိုင်ခဲ့ပါတယ်။ အဆိုပါ စစ်တမ်းအရ တီဘီရောဂါ ဖြစ်ပွားမှုမှာ ၂၀၀၉ ခုနှစ် စစ်တမ်းနှင့် နှိုင်းယှဉ်ကြည့်ပါက ထက်ဝက်ခန့် ကျဆင်းသွားကြောင်း သိရှိရပါတယ်။

၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားသူပေါင်း ၇၆၅၁၈ ဦး ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၄၉၆၉၄ ဦးသာ ဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်တွင် ငှက်ဖျားရောဂါဖြင့် သေဆုံးသူ ၉ ဦးသာ ရှိပါတော့တယ်။

၂၀၁၉ ခုနှစ်တွင် ငှက်ဖျားရောဂါပပျောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခု ထပ်မံတိုးချဲ့ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ရာ စုစုပေါင်း ၂၁၁ မြို့နယ်တွင် လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ငှက်ဖျားသတင်းအချက်အလက်များ မှတ်တမ်းတင်ခြင်းနှင့် သတင်းပို့ခြင်းကို အင်တာနက်ကို အခြေခံသော သတင်းစနစ် ထူထောင်နိုင်ခဲ့ပါတယ်။

ငှက်ဖျားရောဂါပပျောက်ရေးကို အရည်အသွေးမြင့်စွာ ဆောင်ရွက်နိုင်ရေးအတွက် မှန်ပြောင်းကြည့်၍ ရောဂါရှာဖွေခြင်းကို အထောက်အကူပြုမည့် Malaria Slide Bank ကို ထူထောင်လျက်ရှိပါတယ်။

ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများအတွက် Global Fund မှ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၄ သန်း ထောက်ပံ့ပေးခဲ့ပါတယ်။

**မေး ။ ။ မကူးစက်နိုင်သော ရောဂါတွေ ကာကွယ်နှိမ်နင်းရေး အတွက် ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ မကူးစက်နိုင်သော ရောဂါတွေ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းတွေကို စီမံချက်(၁၁)ခုနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ စနစ်တကျဆောင်ရွက်နိုင်ဖို့အတွက် NCD Risk Factor Reduction Task Force ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်ပေါင်း ၂၃၂ မြို့နယ်မှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲတွေမှာ ဆီးချို/ သွေးတိုးရောဂါလူနာ စုစုပေါင်း ၁၂၈၀၀၃၇ ဦး စမ်းသပ်စစ်ဆေးပေးခဲ့ပြီး ဆီးချိုရောဂါလူနာ ၁၅၇၅၂၀ ၊ သွေးတိုး လူနာ ၃၃၁၄၄၂ ဦး ရှာဖွေဖော်ထုတ်ကုသမှုပေးနိုင်ခဲ့ပါတယ်။

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

ကင်ဆာရောဂါ ဆေးသွင်းကုသခြင်းနဲ့ နာကျင်မှုသက်သာရေး ပြုစုကုသရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ သူနာပြုဆရာမတွေကို အရည်အသွေးတိုးတက်စေဖို့နဲ့ ကျွမ်းကျင်မှုပိုမိုရှိစေဖို့ သင်တန်းတွေပို့ချခဲ့ပါတယ်။ လူဦးရေအခြေပြု ကင်ဆာစာရင်းကောက်ယူခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆေးရုံ ၁၈ ရုံ၊ နေပြည်တော်မှ ဆေးရုံ ၉ ရုံ၊ တပ်မတော်ဆေးရုံ ၃ ရုံ၊ ပုဂ္ဂလိကဆေးရုံ ၁၅ ရုံနဲ့ ပုဂ္ဂလိကဓာတ်ခွဲခန်း ၇ ခုတို့မှ ကောက်ယူလျက်ရှိပါတယ်။ ဆေးရုံအခြေပြုကင်ဆာစာရင်း ကောက်ယူခြင်းကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဆေးရုံကြီး ၁၀ ရုံမှာ ဆောင်ရွက်လျက် ရှိပါတယ်။

ထိခိုက်ဒဏ်ရာ စောင့်ကြပ်ကြည့်ရှုခြင်းစနစ် (Injury Surveillance System) ကို တည်ဆောက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နားနဲ့ အကြားအာရုံ အခြေခံစောင့်ရှောက်မှု အကြောင်းကို အထွေထွေရောဂါကုပြင်ပဆရာဝန်တွေ၊ သူနာပြု/ သားဖွားသင်တန်းသူတွေနဲ့ အခြေခံကျန်းမာရေးဝန်ထမ်းတွေ စုစုပေါင်း ၂၆၂၃ ဦးကို သင်တန်းပို့ချပေးနိုင်ခဲ့ပါတယ်။

အလားတူ အခြေခံကျန်းမာရေးဝန်ထမ်းတွေအတွက် အတက်ရောဂါကုသမှုဆိုင်ရာ သင်တန်း၊ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားတွေအတွက် အတက်ရောဂါကုသမှုဆိုင်ရာ သင်တန်းတွေပြုလုပ်နိုင်ခဲ့ပြီး အတက်ရောဂါလူနာပေါင်း ၂၉၂၀ ဦးကို ကုသမှုပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ မိခင်နဲ့မျိုးဆက်ပွားကျန်းမာရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်တွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုလွှမ်းခြုံနိုင်တဲ့လုပ်ငန်းကို အစိုးရသက်တမ်းတစ်လျှောက်မှာ တစိုက်မတ်မတ်စွမ်းဆောင်ခဲ့ရာ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု လွှမ်းခြုံမှုနှုန်းသည် ၉၇ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးမြင့်လာပြီး ကျွမ်းကျင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ မွေးဖွားမှုနှုန်းမှာလည်း ၈၂ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်ခဲ့ပါတယ်။

မိခင်သေဆုံးမှု လျော့နည်းကျဆင်းရေးအတွက်လည်း ရေးဆွဲချမှတ်ထားတဲ့ နည်းဗျူဟာ Ending Preventable Maternal Mortality Strategy အရ မိခင်သေဆုံးမှု အဖြစ်များတဲ့ တိုင်းဒေသကြီး ၅ ခုရှိ မြို့နယ် ၁၆ မြို့နယ်မှာ မိခင်သေဆုံးမှု စောင့်ကြပ်ကြည့်ရှု၊ တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် ဆင့်ပွားသင်တန်းတွေပို့ချခြင်း၊ ဟောပြောပွဲတွေ၊ အသိပေး ဆွေးနွေးပွဲတွေ ကျင်းပခြင်းဖြင့် အားဖြည့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျား၊ မအခြေပြုအကြမ်းဖက်မှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေအတွက် (One Stop Crisis Centre – OSCC) နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးနဲ့ ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံတွေမှာ ကျား၊ မအခြေပြုအကြမ်းဖက်မှု ခံစားရသူ စုစုပေါင်း ၁၁၉ ဦးကို စောင့်ရှောက်မှုပေးနိုင်ခဲ့ပါတယ်။

သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့် စစ်ဆေးခြင်းကို တိုင်းဒေသကြီး/ပြည်နယ် ၃ ခုရှိ မြို့နယ်ပေါင်း ၁၆ မြို့နယ်မှာ စတင်စစ်ဆေးကုသပေးနိုင်ခဲ့ပါတယ်။ လိင်မှုဆိုင်ရာ၊ မျိုးဆက်ပွားကျန်းမာရေးနဲ့ အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့် မူဝါဒ (National Sexual and Reproductive Health and Rights Policy)ကို ရေးဆွဲနိုင်ခဲ့သလို Reproductive Maternal, Newborn Care, Child and Adolescent Health (RMNCAH) Strategic Planကို ရေးဆွဲပြီး ဖြစ်ပါတယ်။

**မေး ။ ။ ကျောင်းကျန်းမာရေး အတွက် ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ လမ်းညွှန်ချက် ၇ ရပ်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီလမ်းညွှန်ချက်တွေကတော့ အခြေခံပညာကျောင်းတွေနဲ့ တက္ကသိုလ်တွေမှာ မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်၊ ဆေးရွက်ကြီးနဲ့ ကွမ်းယာသုံးစွဲမှု ကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံ သောက်သုံးခြင်းနဲ့ နောက်ဆက်တွဲအန္တရာယ်တွေ လျှော့ချရေး၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လူနေမှုဘဝပုံစံတွေ လိုက်နာကျင့်သုံး ဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နဲ့ လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတတွေကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနဲ့ ကျောင်းသား၊ ကျောင်းသူတွေမှာ ဂိမ်းအလွန်အကျွံ စွဲလမ်းမှုပပျောက်ရေး စတဲ့ လမ်းညွှန်ချက် ၇ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီးတော့လည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ပြည်သူတွေ မှန်ကန်တဲ့ ကျန်းမာရေး သတင်းအချက်အလက်တွေ လက်လှမ်းမီရရှိနိုင်ဖို့အတွက် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်တွေ စာအုပ် Standardized Health Messages Book – Version 1.0 ကို ပြုစုထုတ်ဝေနိုင်ခဲ့ပြီး Social media တွေ အသုံးပြုနိုင်မယ့် အင်တာနက်အခြေပြု Version 2.0 ကိုလည်း ထုတ်ဝေနိုင်ခဲ့ပါတယ်။

ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ သတင်းအချက်လက်တွေကို တိကျမှန်ကန်စွာ ရရှိနိုင်ရန်နဲ့ အချိန်နဲ့တစ်ပြေးညီ ရရှိနိုင်ရန် ကျန်းမာရေးဆိုင်ရာ နှိုးဆော်ချက် ၇၀ ကို နိုင်ငံပိုင်သတင်းစာတွေ၊ FM ရေဒီယို၊ ဝန်ကြီးဌာနရဲ့ Website တွေမှာ ပုံမှန်ထည့်သွင်းဖော်ပြလျက်ရှိပါတယ်။

အလားတူ မိုဘိုင်းဖုန်းကို အသုံးပြု၍ မိမိတို့သိလိုတဲ့ ရောဂါအလိုက် QR Code တွေကို Scan ဖတ်ပြီး Information Technology နည်းပညာနဲ့ အင်တာနက်မှတစ်ဆင့် ချိတ်ဆက်ပြီး ရောဂါအလိုက် ကျန်းမာရေး အသိပညာပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေအတွက် COVID-19 ကျန်းမာရေးပညာပေး အထောက်အကူပစ္စည်းပိုစတာ ၃၃ မျိုးနဲ့ တိုက်တွန်းနှိုးဆော်ချက် ၃၉ မျိုး၊ တိုင်းရင်းသားဘာသာစကားအသံဖိုင် ၄၆ မျိုး၊ ပိုစတာ (တိုင်းရင်းသားဘာသာစကား) ၁၉ မျိုး၊ ရုပ်/သံဖိုင် စုစုပေါင်း ၃၀ ၊ တိုင်းရင်းသားဘာသာစကားနဲ့ ရုပ်/သံဖိုင် ၅ မျိုး စုစုပေါင်း ၁၇၂ မျိုး ပြုစုထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။

ဗဟိုနဲ့ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့မှာ COVID-19 ကျန်းမာရေးပညာပေး အထောက်အကူပစ္စည်း (ပိုစတာ၊ လက်ကမ်းစာစောင်၊ စတစ်ကာ၊ ဗီနိုင်း၊ မြေစိုက်ပိုစတာ) တွေကို GAVI, UNICEF တို့ရဲ့ ပူးပေါင်းကူညီမှုအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၂၀ နီးပါး ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် (COVID-19) QR Code ကို Scan ဖတ်၍ ပညာပေး သတင်းအချက်အလက်တွေကို သိရှိနိုင်စေရန် ပြုစုထုတ်ဝေခဲ့ရာ ၎င်း QR Code ကို Scan ဖတ်၍ ကြည့်ရှုသူပေါင်း ၁၄၀၀၀၀ ခန့် ရှိပြီဖြစ်ပါတယ်။

ပြည်သူလူထုအတွင်း COVID-19 ကျန်းမာရေး အသိပညာပေးအချက်အလက်တွေကို ပိုမိုထိရောက်စွာ ရောက်ရှိရေးအတွက် လက်ကိုင်အသံချဲ့စက်ငယ်တွေကတစ်ဆင့် ကြေညာအသုံးပြုနိုင်ဖို့ အသံဖိုင် စုစုပေါင်း ၃၇ မျိုး ဖြန့်ဝေထားပါတယ်။

**မေး ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်နေကြတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်တွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ပြင်ပအထွေထွေရောဂါကုဆရာဝန်များ၏ အရည်အချင်း ပိုမိုတိုးတက်ပြီး ပြည်သူများကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် မိသားစုကျန်းမာရေး ဆေးပညာမဟာသိပ္ပံ M.Med.Sc. (Family Medicine) သင်တန်းအတွက် သင်ရိုးညွှန်းတမ်းရေးဆွဲပြီး မကြာမီ ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လူနာတွေ ဘေးကင်းလုံခြုံရေးနဲ့ ရောဂါပိုးကာကွယ်နှိမ်နင်းခြင်း (Patient Safety and Infection Prevention and control) နဲ့ပတ်သက်တဲ့ သင်ခန်းစာတွေကို ဆေးတက္ကသိုလ်တွေနဲ့ ဆေးပညာနီးနွယ်တက္ကသိုလ်တွေရဲ့ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းတွေမှာ ထည့်သွင်းသင်ကြားလျက်ရှိပါတယ်။

သုတေသနလုပ်ငန်းတွေ တိုးမြင့်ဆောင်ရွက်ဖို့နဲ့ ပညာရပ်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ တက္ကသိုလ်တွေ နားလည်မှုစာချွန်လွှာ စုစုပေါင်း ၉၆ ခု လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလက်ရှိမှာ ဒီပလိုမာသင်တန်း ၁၄ ခု၊ မဟာသိပ္ပံသင်တန်း ၅၈ ခု၊ ပါရဂူဘွဲ့လွန်သင်တန်း ၁၅ ခု၊ ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း ၄၉ ခု၊ စုစုပေါင်းဘွဲ့လွန်သင်တန်းပေါင်း ၁၃၆ ခု အထိ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

အခုနှစ်မှာ ဆေးပညာဘွဲ့ ၁၄၆၅ ဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ ၂၄၄ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ ၂၈၅ ဦး၊ ဆေးဝါးသိပ္ပံဘွဲ့ ၂၃၈ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၁၁၁၆ ဦး၊ သူနာပြုဒီပလိုမာ ၁၆၅၈ ဦး၊ သားဖွားဆရာမ ၁၃၅၁ ဦး အပါအဝင် စုစုပေါင်း ပညာရှင် ၇၀၀၀ ဝန်းကျင် လေ့ကျင့်မွေးထုတ်နိုင်မှာဖြစ်ပါတယ်။

ဝေးလံခက်ခဲဒေသတွေမှာ တာဝန်ထမ်းဆောင်ဖို့ ဒေသခံဆရာဝန်တွေ မွေးထုတ်ပေးနိုင်ဖို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပိုမိုပေးနိုင်ဖို့အတွက် သွားလာရေးနဲ့ လူမှုရေးခက်ခဲတဲ့ဒေသတွေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူတွေကို အခု ပညာသင်နှစ်အတွက် ကျောင်းသား/ကျောင်းသူ ၅၉ ဦးကို ဆေးတက္ကသိုလ်တွေမှာ တက်ရောက်ခွင့်ပြုခဲ့ပါတယ်။

ဆရာဝန်၊ ဆရာမတွေနဲ့ နီးနွယ်ဝန်ထမ်းတွေရဲ့အရည်အသွေး တိုးတက်စေရန်နဲ့ နိုင်ငံတကာအဆင့်မီစေရန်အတွက် Medical Skills, Simulation and Research Center ကို စုစုပေါင်း ငွေကျပ် ၁၂ ဘီလီယံ ကုန်ကျခံကာ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်မှာ တည်ဆောက်ဖွင့်လှစ်နိုင်ပေးနိုင်ခဲ့ပါတယ်။ ဆေးတက္ကသိုလ်တွေရဲ့ ဆေးပညာဘွဲ့ကြိုသင်ရိုးညွှန်းတမ်းကို သမားရိုးကျသင်ကြားနည်းမှ နိုင်ငံတကာမှာ သင်ကြားလျက်ရှိတဲ့ သင်ကြားမှုစနစ်တွေနဲ့ လိုက်လျောညီထွေမှု ဖြစ်စေရေးအတွက် မျှော်မှန်းရလဒ်အခြေခံတဲ့ စုစည်းချိတ်ဆက်သင်ကြားနည်းဖြင့် သင်ကြားတဲ့ သင်ရိုးညွှန်းတမ်း – Outcome Based Integrated Curriculum နဲ့စတင်သင်ကြားလျက်ရှိပါတယ်။ အလားတူ Bachelor of Midwifery Sciences (B.M.Sc) Curriculum ကို အသစ်ရေးဆွဲနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှ စတင် ဖွင့်လှစ်သင်ကြားနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။

**မေး ။ ။ သုတေသနလုပ်ငန်းတွေကလည်း ကျန်းမာရေးစနစ်မှာ မရှိမဖြစ် အရေးကြီးတဲ့အတွက် ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)မှာ သုတေသန စွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန – Research Capacity Strengthening Training Centre ကို ဖွင့်လှစ်နိုင်ခဲ့ပြီး အဲဒီဗဟိုဌာနမှာ သုတေသနစွမ်းဆောင်ရည်မြှင့်တင်ရေးလက်မှတ်ရသင်တန်းတွေ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းတွေကို သင်ကြားပေးလျက်ရှိပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနရဲ့ သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် ကျန်းမာရေးမှူးတွေ သုတေသန စွမ်းဆောင်ရည်မြှင့်တင်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပြီး သုတေသန အဆိုပြုလွှာ ၆ စောင်ကို ဆောင်ရွက်နိုင်ဖို့အတွက် ရန်ပုံငွေပါ တစ်ပါတည်း ပံ့ပိုးနိုင်ခဲ့ပါတယ်။ သုတေသနယဉ်ကျေးမှု (Research culture) ထွန်းကားလာစေဖို့အတွက် အရင်နှစ်က အသုံးချသုတေသန ၃၈၅ ခုအတွက် ငွေကျပ်သန်း ၁၃၀၀ ထောက်ပံ့ခဲ့ပြီး အခုနှစ်မှာ ငွေကျပ်သန်း ၃၀၀၀ အထိတိုးပြီး ကျန်းမာရေးဝန်ထမ်းအလွှာပေါင်းစုံ၊ နေရာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှာ လက်တွေ့အသုံးချသုတေသနတွေ ဆောင်ရွက်နိုင်ဖို့အတွက် ထောက်ပံ့ပေးလျက်ရှိပါတယ်။

ဒါ့အပြင် (၄၈)ကြိမ်မြောက် သုတေသနညီလာခံ (Myanmar Health Research Congress) မှာ အခြေခံသုတေသနစာတမ်း ၄၅ စောင်၊ အသုံးချသုတေသနစာတမ်း ၄၃ စောင်၊ ကျန်းမာရေးစနစ်သုတေသနစာတမ်း ၃၄စောင်၊ ပိုစတာစာတမ်း ၁၀၆ စောင် တင်သွင်းဖတ်ကြားခဲ့ပြီး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ၁၆ ခုနဲ့ ဟောပြောပွဲ ၃ ခု ထည့်သွင်းကျင်းပနိုင်ခဲ့ပါတယ်။

အလားတူ ဆေးသုတေသနဦးစီးဌာနရဲ့ Ethics Review Committee ကို သုတေသနကျင့်ဝတ်နဲ့ ကျွမ်းကျင်မှုပိုင်းဆိုင်ရာဆန်းစစ်သုံးသပ်ရေးဘုတ်အဖွဲ့ – Institutional Review Board, DMR အဖြစ် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး သုတေသနအဆိုပြုလွှာပေါင်း ၁၆၄ စောင်ကို သုတေသနကျင့်ဝတ်တွေနဲ့အညီ ဆောင်ရွက်နိုင်စေဖို့ ဆန်းစစ်သုံးသပ်မှုတွေပြုလုပ်ပြီး ခွင့်ပြုပေးနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနမှတ်ပုံတင်ခြင်း (Health Research Registry) မှာ သုတေသနစုစုပေါင်း ၁၁၀၂၅ ခုရှိပြီး ဖြစ်ပါတယ်။

**မေး ။ ။ ပြည်သူတွေ နေ့စဉ် စားသုံးနေတဲ့ အစားအစာတွေ၊ ရောဂါဖြစ်ရင် သောက်သုံးရတဲ့ ဆေးဝါးတွေကို ဘေးကင်းရေးအတွက်ရော ဘာတွေ ဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အစားအသောက်နဲ့ ဆေးဝါးဆိုင်ရာ ကိစ္စရပ်တွေအပြင် အလှကုန်၊ လူသုံးကုန်ကဲ့သို့သော ကျန်းမာရေးဆိုင်ရာ ပစ္စည်းတွေ၊ ဆေးပစ္စည်းတွေရဲ့ အရည်အသွေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်တွေကိုလည်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းဘေးဈေးသည်တွေ ရောင်းချနေတဲ့ အစားအသောက်တွေ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးသင်တန်းတွေကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးတို့မှစ၍ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျင်းပပြုလုပ် ဆောင်ရွက်ခဲ့ပါတယ်။

အစားအသောက် ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းတွေအနေနဲ့ ပြည်တွင်းလုပ်ငန်းတွေကို အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ထုတ်ပေးခြင်း၊ လုပ်ငန်းသစ် ၅၁၄ မျိုး၊ လုပ်ငန်းသက်တမ်းတိုး ၁၀၃၅ မျိုး၊ သွင်းကုန်လုပ်ငန်းထောက်ခံချက်အနေနဲ့ ၃၄၀၀၆ မျိုး၊ ပို့ကုန်လုပ်ငန်း ၄၅၆ မျိုး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဆေးဝါးကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းတွေအနေနဲ့ စံမညီဆေးဝါးတွေ့ရှိမှု ၄ မျိုး၊ ပြည်တွင်းဆေးဝါးစက်ရုံမှတ်ပုံတင်ခြင်း ၁၈ မျိုး၊ ဆေးဝါးဈေးကွက်စစ်ဆေးခြင်း ၇၇၉ ကြိမ်၊ ဆေးဝါးမှတ်ပုံတင်လက်မှတ်တွေ ထုတ်ပေးခြင်း ၂၉၁၃ မျိုး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆေးဝါးတွေ မှတ်ပုံတင်လျှောက်ထားရာမှာ ပိုမိုအဆင်ပြေစေရန် လက်ရှိအသုံးပြုလျက်ရှိတဲ့ E-submission system ကို update ပြုလုပ်တာ၊ သင်တန်းပေးတာတွေ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူတွေရဲ့ ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆေးကုမ္ပဏီတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ လိုက်နာဆောင်ရွက်နိုင်ဖို့ Pharmacovigilance Guidelines ကို ထုတ်ပြန်ခဲ့ပါတယ်။ ဆေးပစ္စည်းကြီးကြပ်ကွပ်ကဲရေးအနေနဲ့ ဆေးပစ္စည်းထုတ်လုပ်လိုင်စင် ၄ ခု၊ ဆေးပစ္စည်းမှတ်ပုံတင်ခြင်း ၂၈ မျိုး၊ ဆေးပစ္စည်းဈေးကွက် ထောက်လှမ်းစစ်ဆေးခြင်း ၄၅၈ မျိုး၊ ဆေးပစ္စည်းတင်သွင်းခွင့်လုပ်ငန်း (မှတ်တမ်းတင်) အမျိုးပေါင်း ၁၆၆၂ မျိုးကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ဆေးပစ္စည်းနဲ့ အလှကုန်ပစ္စည်းတွေ မှတ်တမ်းတင်လျှောက်ထားမှုအတွက် Online Booking System ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အာဆီယံပြဋ္ဌာန်းချက်နဲ့ လိုက်လျောညီထွေဖြစ်စေဖို့ ဆေးပစ္စည်းကိရိယာဥပဒေ(မူကြမ်း) နဲ့ အလှကုန်ပစ္စည်းဥပဒေ(မူကြမ်း) အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ အစားအသောက်အဏုဇီဝ ဓာတ်ခွဲခန်း (Food Microbiology Laboratory ) ဟာ ၂၀၁၉ ခုနှစ် မေလမှာ ISO လက်မှတ်ရရှိခဲ့ပါတယ်။ ဈေးကွက်ထောက်လှမ်း စောင့်ကြည့်ခြင်းလုပ်ငန်း (Post-market Surveillance) ဆောင်ရွက်ခြင်းအနေနဲ့ ဆေးပစ္စည်းနမူနာ ၃၄၇ မျိုး၊ အလှကုန် ၁၂၄၁ မျိုး၊ ဆေးဝါး ၁၆၇၇ မျိုးနဲ့ အစားအသောက် ၁၄၄၄၄ မျိုးတို့ကို စစ်ဆေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ တိုင်းရင်းဆေးကို အားကိုးနေကြတဲ့ မြန်မာပြည်သူတွေအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဘာတွေဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ။ တိုင်းရင်းဆေးပညာ ဦးစီးဌာနအနေနဲ့ ပြည်သူတွေအတွက် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၂ ရုံနဲ့ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၂ ရုံကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ အခုအခါမှာ မြန်မာနိုင်ငံမှာ ဖွင့်လှစ်ပြီးတဲ့ တိုင်းရင်းဆေးရုံ ၄၄ ရုံနဲ့ တိုင်းရင်းဆေးကုဌာန ၂၁၀ ရှိပါတယ်။ ဆေးရုံတွေမှာ အတွင်းလူနာ ၁၅၇၅၃ ဦး၊ ပြင်ပလူနာ ၃၁၇၅၂၄ ဦး ကုသပေးနိုင်ခဲ့ပြီး ကွင်းဆင်းစစ်ဆေးရာမှာ ၄၃၆၇၆ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပါတယ်။

တိုင်းရင်းဆေးသုတေသနတွေ ဆောင်ရွက်ရာမှာ စနစ်တကျရှိစေဖို့ ရည်ရွယ်ပြီး Training on Research Methodology သင်တန်းဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၆၀ သင်ကြားပို့ချပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် တိုင်းရင်းဆေးဖုံတွေကို အရည်အသွေးသတ်မှတ်ခြင်း စီမံချက်ကို ဆောင်ရွက်ခဲ့ပါတယ်။

တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးရုံတွေ၊ ဆေးကုဌာနတွေမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ တိုင်းရင်းဆေးဆရာတွေရဲ့ ကုသရေးလုပ်ငန်းတွေ စွမ်းရည်မြင့်မားလာစေဖို့နဲ့ ဆေးဝါးထုတ်လုပ်မှုမှာ အထောက်အကူဖြစ်စေဖို့အတွက် သင်တန်း (၁၃)ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ စာအုပ်တွေဖြစ်တဲ့ အသုံးဝင်ဆေးပင်များနှင့် မြန်မာ့တိုင်းရင်းဆေးနည်းလက်စွဲ၊ အခြေခံတိုင်းရင်းဆေးပညာသင်တန်းလက်စွဲ၊ တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုသင်တန်းလက်စွဲစာအုပ်(အလယ်တန်းဆင့်)၊ မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ်(အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ)၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဆေးပညာ အစဉ်အလာနှင့် ဓလေ့များကို လျှပ်တစ်ပြက်လေ့လာခြင်း စတဲ့စာအုပ်တွေကို ထုတ်ဝေနိုင်ခဲ့ပါတယ်။ *အချပ်ပို (ဃ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ဂ) မှ*

မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကို ထုတ်ပြန်နိုင်ခဲ့ပြီး နာယကအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။ တိုင်းရင်းဆေးပညာ ဦးစီးဌာနဟာ University of Toyama (Japan)၊ Yunnan University of Chinese Medicine (China)၊ ကူမင်းပြည်နယ်၊ ယူနန် တိုင်းရင်းဆေးတက္ကသိုလ်တွေနဲ့ နားလည်မှု စာချွန်လွှာထိုးပြီး တိုင်းရင်းဆေးသုတေသန လုပ်ငန်းတွေ အရည်အသွေးမြင့်မားဖို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ပြည်သူတွေ ကျန်းမာကြံ့ခိုင်စေဖို့အတွက် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်တွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ အားကစားနဲ့ကာယပညာဦးစီးဌာနဟာ National Sports Seminar မှ ပေါ်ထွက်လာတဲ့ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်ဖို့ အကြံပြုချက် ၇၃ ချက်အနက် ၁၉ ချက်ကို ဦးစားပေး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြည်သူတွေ အားကစားလှုပ်ရှားမှုလုပ်နိုင်ဖို့ အတွက် အားကစားကွင်း/ အားကစားရုံ/ ရေကူးကန်တွေ ဆောက်လုပ်ပေးလျက်ရှိရာ အားကစားကွင်း ၈ကွင်း၊ အားကစားရုံ ၄၄ ရုံ ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

နေပြည်တော်ဝန်ကြီးဌာနတွေက ဝန်ထမ်းတွေ၊ တိုင်းဒေသကြီး/ ပြည်နယ်တွေမှဝန်ထမ်းတွေ၊ အားကစားဝါသနာရှင်တွေအတွက် Physical Fitness Dance သင်တန်း (၄)ကြိမ် ဖွင့်လှစ်ခဲ့ရာ ၇၁၂ ဦး တက်ရောက်ခဲ့ပါတယ်။ ယောဂနည်းပြသင်တန်းကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား ၂၅၄ ဦး တက်ရောက်ခဲ့ပါတယ်။

အများပြည်သူတွေ အားကစားကို လွတ်လပ်စွာလေ့ကျင့်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်တွေမှာ Outdoor Fitness Equipments ၁၈၁၇ စုံ တပ်ဆင်ပေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားလာစေရေးအတွက် အဓိကကျတဲ့ Physical Education Today for an Active and Healthy Population Tomorrow Seminar ကို ကျင်းပပြုလုပ်ခဲ့ပါတယ်။

နိုင်ငံရဲ့ အားကစားအဆင့်အတန်းမြင့်မားလာစေရန် အားကစားဆိုင်ရာ တားမြစ်ဆေးဝါးသုံးစွဲမှုကင်းစင်တဲ့ အားကစားလောကအဖြစ် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ရန် ရည်ရွယ်ပြီး "အားကစားသိပ္ပံပညာနဲ့အားကစားဆေးပညာဆိုင်ရာညီလာခံ" Sports Science and Sport Medicine Conference ကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ မြန်မာ့အားကစားအဆင့်အတန်းတိုးတက်စေဖို့ ရည်ရွယ်ပြီး "အားကစားနှင့်ကာယပညာသိပ္ပံကျောင်း ၆ ကျောင်း ဆောင်ရွက်နေမှုတွေ သုံးသပ်ခြင်းနဲ့ ပြုပြင်ပြောင်းလဲရေး အလုပ်ရုံဆွေးနွေးပွဲ" ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်တွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် ကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ် (EIM) ကို ကျောင်းသားလူငယ်တွေ လုပ်သားပြည်သူတွေ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းတွေ၊ မူးယစ်ဆေးဝါးကုသရေးစခန်းတွေ၊ အကျဉ်းထောင်တွေ၊ IDP Camp တွေမှာ သင်တန်းတွေ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံတကာအားကစားပြိုင်ပွဲတွေ ၁၁၄ ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၅၈ ခု၊ ငွေတံဆိပ် ၈၄ ခု၊ ကြေးတံဆိပ် ၁၃၅ ခု ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် တစ်ကြိမ် လက်ခံကျင်းပပေးနိုင်ခဲ့ပြီး ရွှေတံဆိပ် ၅၅ ခု၊ ငွေတံဆိပ် ၄၀၊ ကြေးတံဆိပ် ၇၃ ခု ရရှိခဲ့ပါတယ်။

မျိုးဆက်သစ် လက်ရွေးစင်အားကစားသမားတွေ ပေါ်ထွက်စေဖို့ ရည်ရွယ်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစားပြိုင်ပွဲတွေကို ၂၇ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းတွေ ဖွင့်လှစ်ထားရှိပြီး ဒဂုံတက္ကသိုလ်နဲ့ ရတနာပုံတက္ကသိုလ်တို့မှာ B.Sc(Sports) ဘာသာရပ်၊ သိပ္ပံဘွဲ့ (အားကစားပညာ) ဂုဏ်ထူးတန်းတွေကိုလည်း ဖွင့်လှစ်ထားနိုင်ခဲ့ပါတယ်။

အားကစားလှုပ်ရှားမှု အကျိုးကျေးဇူးတွေကို သိရှိနားလည်လာစေပြီး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လှုပ်ရှားဆောင်ရွက်လာကြစေဖို့ ဒီဇင်ဘာလ အားကစားလှုပ်ရှားမှုတွေ တစ်နိုင်ငံလုံးမှာ အင်အား ၂၈၈၂၇၀၀ နိုင်ငံလူဦးရေရဲ့ ၁၄ ရာခိုင်နှုန်း ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

ထူးချွန်ထက်မြက်တဲ့ အားကစားသမားတွေ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်၊ မူဝါဒနဲ့ကိုက်ညီပြီး အမြဲတစေဖွဲ့စည်းထားတဲ့ အားကစားကလပ်တွေကို ပြန်လည်စိစစ်ခဲ့ရာ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ကလပ်ပေါင်း ၁၀၂၀ အထိ ဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် COVID-19 ဖြစ်ပွားနေတဲ့ကာလမှာ လူကြီး၊ လူငယ်၊ ကလေးအရွယ်တွေအတွက် မိမိအိမ်မှာ ပြုလုပ်နိုင်တဲ့ အားကစားလေ့ကျင့်ခန်းတွေကို American Colleage of Sports Medicine ရဲ့ guideline တွေနဲ့ အားကစားနှင့်ကာယပညာဦးစီးဌာနရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တင်ပြပေးခဲ့ပါတယ်။ ASEAN University Games ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပနိုင်ရန် ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသားအားကစားပွဲတော်ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြန်လည်ကျင်းပနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနကို ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာ့အားကစားဥပဒေ(မူကြမ်း) အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီရဲ့ အကြံဉာဏ်တွေ ရယူရေးဆွဲပြီး လွှတ်တော်သို့ တင်ပြနိုင်ခဲ့ပါတယ်။

**မေး ။ ။ COVID -19 နဲ့ ပတ်သက်ပြီးတော့လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ထားရှိတဲ့ အခြေအနေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။COVID -19 က တော်တော် အရေးကြီးပါတယ်။ ကျွန်တော်တို့အနေနဲ့ COVID -19 ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက စပြီးဖြစ်တာကြားကတည်းက (၅-၁-၂၀၂၀) ရက်နေ့ကစပြီး ဝင်ထွက်ပေါက်၊ လေဆိပ်၊ ဆိပ်ကမ်း နယ်စပ်တွေမှာ ချက်ချင်းသွားကြည့်ပါတယ်။ သေသေချာချာ ကာကွယ်မှုတွေ ပြုလုပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ချမ်းသာတဲ့နိုင်ငံမဟုတ်တဲ့အတွက် ကာကွယ်ခြင်းကို အသေအချာလုပ်ဆောင်ဖို့ အရေးကြီးပါတယ်။

အဲဒီလိုလုပ်ရင်းနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဆိုပြီး ဇန်နဝါရီ ၃၀ ရက်မှာ ကြေညာခဲ့တယ်။ မဖြစ်သေးတဲ့နိုင်ငံတွေ လုပ်ဆောင်ရမယ့် အဓိကအချက် ၆ ချက်ပါတယ်။ ကျွန်တော်တို့ အဲဒါတွေကို အကုန်လုပ်ဆောင်ပြီးပြီဖြစ်ပါတယ်။

နောက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ်လ ၁၁ ရက်မှာ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ကြေညာခဲ့တယ်။ မဖြစ်သေးတဲ့နိုင်ငံမှာ ဒါတွေလုပ်၊ ဖြစ်ပြီးတဲ့နိုင်ငံတွေမှာ ဒါတွေလုပ် ဆိုပြီးပါတယ်။ ကျွန်တော်တို့ အဲဒါတွေကို အကုန်လုပ်ပြီးပါပြီ။ အဲဒီလို ထိန်းချုပ်ရင်းနဲ့ပဲ မတ်လ ၂၃ ရက်မှာ အဲဒီရောဂါက ဝင်လာတယ်။ ပထမဆုံးလူနာ စတွေ့ပါတယ်။ ကူးစက်တာကိုကြည့်လိုက်တော့ ပြည်ပမှ ဝင်ရောက်လာတဲ့သူတွေကစပြီး ကူးစက်တာဖြစ်ပါတယ်။

ဒီရောဂါက အရင်တုန်းကဖြစ်တဲ့ မားစ်၊ ဆားစ် ဖြစ်စေတဲ့ Virus Group မှာပါဝင်ပြီး အုပ်စုတူပေမယ့် ဒီရောဂါက ဘယ်လို စဖြစ်တယ်ဆိုတာ ဘယ်သူမှ သေချာမသိနိုင်သေးဘူး။ ရောဂါဖြစ်စေတဲ့ ဗိုင်းရပ်က ဘယ်လိုဖြစ်တယ်၊ လူတွေထဲမှာ ဘယ်လိုသွားတယ်၊ ဘယ်လောက် ကြာကြာနေတယ်ဆိုတာ ပြည့်ပြည့်စုံစုံ မသိကြသေးတဲ့အတွက် ကျွန်တော်တို့ ဂရုတစိုက်ကို လုပ်ဆောင်ပါတယ်။ ဒါကြောင့် ပြည်သူ့ကျန်းမာရေး နိယာမတွေကို အခြေခံပြီး ဒီရောဂါတွေကို ထိန်းချုပ်ဖို့ စနစ်တကျအချိန်ကိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရပါတယ်။

ဒီလိုလုပ်ဖို့အတွက် COVID -19 Command Centre ကို ဖွဲ့စည်းထားပါတယ်။ အဖွဲ့ငယ်တွေ အများကြီးရှိပါတယ်။ တချို့အဖွဲ့ဆိုရင် စာရင်းဇယားနဲ့ အခြားနိုင်ငံတွေမှာ ကုသပုံတွေ၊ ကာကွယ်ပုံတွေကို ရှာပြီး ကျွန်တော်တို့ကို တင်ပြရတယ်။ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးတွေ၊ ဆေးရုံအုပ်တွေနဲ့လည်း Video Conferencing တစ်ပတ်လျှင် နှစ်ကြိမ်ခန့် ဆောင်ရွက်ပါတယ်။ သူတို့လိုအပ်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ဖြည့်ဆည်းပေးပါတယ်။ Video Conferencing ဟာ တော်တော်လည်း ထိရောက်ပါတယ်။ တကယ်လက်တွေ့လုပ်နေတဲ့ သူတွေနဲ့ မျက်နှာချင်းဆိုင်တွေ့ရတယ်။ စကားပြောရတယ်။ ဆေးရုံမှာရှိနေတဲ့ ပါမောက္ခတွေ၊ ဆရာဝန်ကြီးတွေနဲ့ စကားပြောရတယ်၊ သူတို့လိုတာတွေ တောင်းတယ်။ ကျွန်တော်တို့က ဖြည့်ဆည်းပေးတယ်။

ကုသရေးအပိုင်းမှာလည်း Clinical Management Committee တွေ ဖွဲ့ထားပါတယ်။ ဒီအဖွဲ့က ရန်ကုန်မှာရှိတယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတယ်။ ဒီအဖွဲ့က ဒီရောဂါတွေဖြစ်ရင် ဘယ်လိုကုရမလဲ၊ ကမ္ဘာမှာတော့ ဒီလိုကုနေကြတယ်ဆိုပြီး အမြဲပဲ ဆက်သွယ်တိုင်ပင် ဆွေးနွေးဆောင်ရွက်နေပါတယ်။ ကုသရေးပိုင်းက ဆရာဝန်တွေက တော်တော်ကို အားထည့်လုပ်ဆောင်ကြပါတယ်။ ပြည်သူ့ကျန်းမာရေး ဆရာဝန်တွေကလည်း ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အားစိုက်လုပ်နေပါတယ်။

ဒီရောဂါကို ထိန်းပေးဖို့လိုအပ်တဲ့ ဆေးပစ္စည်းတွေကို ဝယ်ယူဖို့၊ ဖြန့်ဖြူးဖို့ ဒါကိုလည်း မျက်ခြည်မပြတ် လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းတွေကို ပံ့ပိုးဖို့ Gavi က အမေရိကန်ဒေါ်လာ ၁၀ သန်း၊ Global Fund မှ ဒေါ်လာ ၄ ဒသမ ၅ သန်း၊ အမေရိကန် USAID မှ ဒေါ်လာ ၇ သိန်း၊ Access to Health Fund မှ ဒေါ်လာ ၁၂ သန်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒေါ်လာ ၂ သိန်း အကူအညီရရှိခဲ့ပြီး အာရှ ဖွံ့ဖြိုးရေးဘဏ်ချေးငွေ ဒေါ်လာ ၆.၅ သန်း၊ ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာ ၅ သန်းတို့ကိုလည်း သုံးစွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလို နိုင်ငံတကာအဖွဲ့အစည်းတွေက ပံ့ပိုးတာတွေအပြင် အတတ်နိုင်ဆုံး အစိုးရကလည်း ပိုက်ဆံတွေ အများကြီးချပေးပါတယ်။ ကျွန်တော်တို့ ဆေးနှင့်ဆေးပစ္စည်းတွေ ဝယ်ယူပြီး စနစ်ကျစွာ ဖြန့်ဖြူးနေပါတယ်။ ဒီအချိန်မှာ နိုင်ငံတွေအကုန်လုံးက ဝိုင်းပြီး ဝယ်နေတဲ့အခါကျတော့ ဝယ်ယူရတာတွေမှာ နည်းနည်းအခက်အခဲတော့ ရှိပါတယ်။

ကျွန်တော် အထူးကျေးဇူးတင်တာက ကျွန်တော်တို့ရဲ့ ပြည်သူများဖြစ်ပါတယ်။ ပြည်သူများသည် သူတို့နည်း သူတို့ဟန်နဲ့ ပစ္စည်းတွေကို ဝယ်ယူတယ်။ ကျွန်တော်တို့ကို လှူတယ်။ အဲဒီလိုလှူတဲ့အတွက် ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေ၊ ဆေးရုံမှာရှိတဲ့ ဆရာဝန်တွေကလည်း အင်မတန်အားတက်ပါတယ်။ အခုလို တက်ညီလက်ညီ ပြည်သူနဲ့အတူ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ အောင်မြင်မှာဖြစ်ပါတယ်။

နောက်ပြီး ကျွန်တော်တစ်ခုပြောချင်တာက စဖြစ်တဲ့ အချိန်ကနဲ့ အခုအချိန်မှာ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လုပ်ငန်းလုပ်ဆောင်ပုံက မတူပါဘူး။ ပြောင်းလဲလာတဲ့အခြေအနေအပေါ် မူတည်ပြီး ကျွန်တော်တို့ရဲ့ နည်းဗျူဟာတွေ ပြောင်းလဲရပါတယ်။ အခုနောက်ဆုံး နည်းဗျူဟာအရ Quarantine site တွေ များစွာ ပေါ်လာပါတယ်။ Quarantine လုပ်တဲ့ နေရာတွေမှာ သေသေချာချာ စီမံခန့်ခွဲပြီး Quarantine ဝင်တဲ့သူတွေက ဆောင်ရန်၊ ရှောင်ရန်တွေကို သေသေချာချာလိုက်နာရင် သိပ်ပြီးကြောက်စရာမလိုပါဘူး။ ဒီနေရာတွေမှာ သေသေချာချာစီမံခန့်ခွဲမှု မလုပ်ပေးနိုင်ရင် ရောဂါပြန်ပြီးကူးစက်ဖြစ်ပွားနိုင်ပါတယ်။

နောက်တစ်ခုက လက်ကိုင်အသံချဲ့စက်တွေသုံးပြီး ပြောတယ်။ ဘာဖြစ်လို့လုပ်ရသလဲဆိုတော့ ပြီးခဲ့တဲ့လေးပတ်လောက်က ပြည်သူ့ကျန်းမာရေးတက္ကသိုလ်က ပါမောက္ခနဲ့ မဟာသိပ္ပံကျောင်းသားတွေ ကွင်းဆင်းပြီး ပြည်သူတွေမှာ အသိဘယ်လောက်ရှိတယ်၊ ရှိတဲ့ အသိနဲ့ လုပ်သလား၊ မလုပ်သလားဆိုတာ ကွင်းဆင်းစစ်ဆေးတော့ အံ့သြစရာကောင်းလောက်အောင် သိပ်မသိကြတာကို တွေ့ရတယ်။ အဲဒီအတွက် ဒီအတိုင်းသွားရင်တော့ မရတော့ဘူးဆိုပြီး ရပ်ရွာအနှံ့ လက်ကိုင်အသံချဲ့စက်သုံးပြီး ပြည်သူတွေကိုပြောဖို့ နည်းလမ်းကို ကျွန်တော်တို့ ပြောင်းထားပါတယ်။ ပြောရမှာတွေကို အသံသွင်းထားပြီး ဖွင့်ပေးပါတယ်။ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း၊ မြို့နယ်တိုင်းမှာ တစ်နေ့ကို အနည်းဆုံးငါးကြိမ်ဖွင့်ဖို့ ပြောကြားထားပါတယ်။

ဒ့ါအပြင် နေ့စဉ်အစည်းအဝေးတွေကို ဇန်နဝါရီလ ၂၄ ရက်လောက်ကစပြီး မနက်တိုင်း လုပ်ပါတယ်။ ဆွေးနွေးချက်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကိုပေးတယ်။ ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်မှာလည်း တင်တယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အမျိုးသားအဆင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီမှာ ဥက္ကဋ္ဌဖြစ်တဲ့အတွက် ဆုံးဖြတ်ချက်တွေချတာ သိပ်ပြီးမြန်ဆန်ပါတယ်။ အဲဒီ လမ်းညွှန်ချက်တွေအတိုင်းလည်း ကျွန်တော်တို့က တစ်သဝေမတိမ်း လုပ်ဆောင်ပါတယ်။

ယခု အထူးပြုလုပ်ဆောင်နေတဲ့ နောက်ထပ် နည်းဗျူဟာတစ်ခုက Contact Tracing ပါ။ ရောဂါပိုးရှိသူနဲ့ထိတွေ့ဖူးသူ Contact တွေကို ရအောင်ရှာပါတယ်။ ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်မှာ တင်ထားပါတယ်။ ဘယ်သူနဲ့တော့ ထမင်းအတူစားဖူးတယ် စသဖြင့် အဲဒီလိုဆိုရင် ကိုယ့်ဖာသာကိုယ် သတင်းပေးပါ။ Contact Tracing ကို အသေအချာလုပ်နိုင်ရင် ထိန်းချုပ်ရေး အောင်မြင်မှာဖြစ်ပါတယ်။ အဲဒီလိုမလုပ်နိုင်ရင် အခုထက်ပိုပြီး ကူးစက်ပျံ့နှံ့မှု ကြီးသွားနိုင်မှာ ဖြစ်ပါတယ်။

ယခုအချိန် (၂)ပတ်လောက်က အလွန်အရေးကြီးတဲ့အတွက် ပြည်သူများဟာ မေလ ၃၀ ရက်လောက်အထိကို တတ်နိုင်သမျှ အိမ်တွင်းမှာသာနေပေးပါ။ မဟုတ်ရင် တစ်ယောက်က တစ်ယောက်ကို ကူးမှာဖြစ်ပါတယ်။ အဲဒါလေးကို ပြည်သူများအားလုံးကို တင်ပြချင်ပါတယ်။

**မေး ။ ။ COVID – 19 နဲ့ ပတ်သက်ပြီး ကျန်းမာရေး စစ်ဆေးမှုတွေ ဆောင်ရွက်ရာမှာ ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ဖို့ ပြောကြားပေးပါဦး။**

ဖြေ ။ ။ ပူးပေါင်းပါဝင်ဖို့ဆိုတာ ဒီရောဂါက ဘယ်လိုကူးစက်တယ်ဆိုတာ သိရမယ်၊ ဘယ်လိုကာကွယ်ရမယ်ဆိုတာ ဒါတွေကို ပြည်သူကသိရမယ်။ ဒီရောဂါက သိပ်ပြီး အလန့်တကြား ကြောက်စရာတော့မလိုဘူး။ သို့သော် သတိဝီရိယတော့ ရှိရပါမယ်။ အိမ်မှာ အေးအေး ဆေးဆေးနေမယ်၊ မလိုရင် အပြင်မထွက်ဘဲနေမယ်ဆိုရင် ဒီရောဂါက သူ့အလိုလို တဖြည်းဖြည်းပျောက်သွားမယ်။

ပြီးတော့ မကြာခဏ လက်ဆေးဖို့လိုပါတယ်။ လက်ဆေးခြင်းမှာ သူ့မှာ သိပ္ပံနည်းရှိပါတယ်။ ဆပ်ပြာက ဗိုင်းရပ်စ်ပိုးရဲ့ အပြင်အဆီလွှာကို ဖျက်လိုက်တယ်။ အဲဒီအခါ ဗိုင်းရပ်စ်က ကွဲထွက်သွားတယ်။ ဗိုင်းရပ်စ်က လူ့ဆဲလ်ထဲကို ဝင်လို့မရတော့ဘူး။ ဒီလို ဆပ်ပြာနဲ့ ဆေးခြင်းသည် ဗိုင်းရပ်စ်ကို သေအောင်သတ်ခြင်းဖြစ်ပါတယ်။ သို့သော် အနည်းဆုံး စက္ကန့် ၂၀ သေချာဆေးဖို့တော့ လိုပါတယ်။

**မေး ။ ။ COVID -19 နဲ့ ပတ်သက်ပြီး ရှေ့ဆက်လက် လုပ်ဆောင်သွားမယ့် အစီအမံတွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ရှေ့ဆက်လက်ဆောင်ရွက်ဖို့အဓိကက ဖြစ်ပွားတဲ့သူတွေနဲ့ ထိတွေ့တဲ့ Contact တွေကို ရအောင်ရှာမယ်။ ဒီ Contact တွေကို အသွားအလာကန့်သတ်မယ်။ လိုအပ်ရင် ဆေးရုံတွေမှာထားမယ်။ ဒါကိုရှာနိုင်လေ၊ နောက်ထပ်ကူးစက်ဖြစ်ပွားမယ့် အလားအလာနည်းသွားလေဖြစ်မယ်။ နောက်တစ်ချက်က မေ ၃၀ ရက်အထိကို အိမ်ထဲမှာပဲနေပါ။ ဘယ်မှ မထွက်ပါနဲ့။ အပြင်ထွက်မယ်ဆိုရင် Mask တွေတပ်ပြီးမှ ထွက်ကြပါ။ အဲဒီ ၂ ချက်ကို လိုက်နာမယ်။ အားလုံးက တညီတညွတ်တည်းလုပ်ကြမယ်ဆိုရင် ဒီရောဂါကို ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

ကုသပေးတဲ့ ဆရာဝန်ကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်။ သူတို့တွေဟာ ကိုယ့်အရေးကဲ့သို့ သဘောထားပြီး အန္တရာယ်အလွန်များတဲ့ကြားကနေ ကုသပေးနေတာဖြစ်ပါတယ်။

လူတစ်ဦးသေဆုံးခြင်းဟာ နိုင်ငံအတွက် ဆုံးရှုံးမှုဖြစ်ပါတယ်။ ဖြစ်လည်း မဖြစ်စေချင်ပါဘူး။ ဒီရောဂါဟာ လူ ၁၀၀ မှာဖြစ်ရင် ၄၀ လောက်က သာမန်လောက်သာဖြစ်ပြီး ပြန်ကောင်းသွားကြတယ်။ နောက် ၄၀ လောက်ကပဲ ဆေးရုံတက်ရတယ်။ နောက် ၁၅ ယောက်လောက်က ဆေးရုံတက်ရတယ်။ အောက်ဆီဂျင်လိုတယ်။ နောက် ၅ ယောက်က ၇ ယောက်လောက်အထိကို အခြေအနေပြင်းထန်တယ်။ သိပ်ပြီးတော့လည်း ကြောက်စရာ မလိုပါဘူး။ မကြောက်ရမှာလည်း မဟုတ်ပါဘူး။ ဒီနှစ်ခုအကြားမှာ ကာကွယ်တဲ့လုပ်ငန်းတွေကို ပြည်သူအများက လုပ်ဆောင်မယ်ဆိုရင် အောင်မြင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ပြည်သူတွေအတွက် အခြားဖြည့်စွက်ပြောကြားလိုတာ ရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ အခု ၃ လလောက်မှာ COVID ကိုပဲ ဦးစားပေးပြီး လုပ်နေတယ်။ ဒါပေမယ့် အခြားရောဂါတွေကိုလည်း ဂရုစိုက်ဖို့လိုပါတယ်။ အခု မိုးတွင်းကျလာပြီဆိုရင် မိုးတွင်းမှာ ဝမ်းပျက်ဝမ်းလျှောအပါအဝင် တုပ်ကွေး၊ သွေးလွန်တုပ်ကွေးတွေ ဖြစ်တော့မယ်။ ဒါတွေကိုလည်း မဖြစ်ပွားအောင် သေချာစီမံချက်တွေ ရေးဆွဲဆောင်ရွက်ဖို့ ကျွန်တော်တို့ ဝန်ထမ်းတွေကိုလည်း မှာထားပါတယ်။

ပြည်သူအများကို မှာချင်တာကတော့ ငွေကုန်ကြေးကျမရှိတဲ့ ၆ ချက်ကို လုပ်စေချင်ပါတယ်။ နံပါတ် ၁ အချက်က ကာကွယ်ဆေးထိုးပေးတဲ့ နေရာတွေမှာ လာပြီးထိုးကြပါ။ အဲဒီလိုထိုးရင် ရောဂါ ၁၂ မျိုး မဖြစ်တော့ဘူး။ ထိုးဖို့ကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ၊ လူမှုရေးအဖွဲ့အစည်းတွေက ထိုးဖို့ကို လှုံ့ဆော်ပေးပါ။ နောက်တစ်ခုက ပတ်ဝန်းကျင်သန့်ရှင်းရေးပါ။ ကျွန်တော်ပြောတဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးက ပိုက်ဆံတစ်ပြားမှ မကုန်ပါဘူး။ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ခြင်းအားဖြင့် ဝမ်းလျှောရောဂါတွေ၊ ရေနဲ့ ပတ်သက်ပြီး ခြင်၊ ယင်မှတစ်ဆင့် ကူးစက်တဲ့ရောဂါတွေ အများကြီးလျော့သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က တစ်ကိုယ်ရေသန့်ရှင်းရေးပါ။ လက်ကို သေချာဆေးဖို့ကိစ္စပါ။ ပိုက်ဆံမကုန်ပါဘူး။ နောက် လက်သည်းညှပ်ပါ။ အစားမစားမီ လက်ဆေးပါ။ အိမ်သာအသုံးပြုပြီးတိုင်း လက်ဆေးပါ။ ဒါတွေက ပိုက်ဆံတစ်ပြားမှ မကုန်ပါဘူး။

နောက်တစ်ချက်က ပြည်သူတွေ ကျန်းမာရေးအသိပညာ စာတတ်မြောက်ဖို့အတွက် ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေကို Tablet တွေ ဝေထားပါတယ်။ ဆရာမတွေကို မေးပါ။ ဘာရောဂါနဲ့ ပတ်သက်ပြီးပဲဖြစ်ဖြစ် မေးပါ။ အဲဒီလိုမေးရင် သူတို့ စာဖတ်ရတော့မယ်။ ဒါတွေကို ပြည်သူများအနေနဲ့ များများမေးပေးပါ။ နောက်ပြီး အလွန်ငန်တဲ့ အစာတွေကို မစားပါနဲ့၊ ချိုတဲ့အစာတွေကို မစားပါနဲ့။ ဆေးလိပ်မသောက်ပါနဲ့။ ကွမ်းမစားပါနဲ့။ အရက်မသောက်ပါနဲ့။ မူးယစ်ဆေးဝါးတွေကို မသုံးပါနဲ့။ နောက်တစ်ချက်က လမ်းလျှောက်ပါ၊ ကိုယ်လက်လှုပ်ရှားအားကစားလုပ်ပါ။

ကျွန်တော်အခုပြောတဲ့ ဒီအချက်တွေကိုသာ ပြည်သူတွေ သေသေချာချာလုပ်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ရောဂါဖြစ်ပွားမှုနှုန်းက ကျဆင်းသွားမှာဖြစ်ပါတယ်။ ဒါကိုလုပ်ဖို့လည်း ပြည်သူများမှာ ကျန်းမာရေးအသိဉာဏ်လိုပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့က ကျန်းမာရေးအသိဉာဏ် စာတတ်မြောက်မှုကို ကြိုးစားပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်သူများကလည်း လိုက်နာဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။